The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 27 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 25 , 2016

## အရသာကောင်း၊ ဈေးကောင်းတဲ့ ကယားမြေက ဆီးဘူးရေတ်

|pmr;u ES- 23|

## တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်များမှ ဆိုင်ကယ်နဲ့ သုံးဘီး ဆိုင်ကယ်များတင်သွင်း

|pmr;u ES- 16|

## မြန်မာနိုင်ငံဈေးကွက်တွင် ဆူဇူကီးမှ Ertiga အမျိုးအစား ကားသစ်ကို ကျပ်သိန်း ၂၀၀ ကျော်ဖြင့် ရောင်းချပေးမည်

|pmr;u ES- 22|

## မန္တလေးမြို့တွင် ပထမဆုံးအကြိမ် အိမ်ခြံမြေအရောင်းပြပွဲ ကျင်းပမည်

|pmr;u ES- 20|



## စားသုံးဆီနှင့် အန္တရာယ် ကြိုတင်ကာကွယ်

ကျွန်ုပ်တို့နေ့စဉ်စားသုံးနေကြသော အစာအာဟာရများတွင် ကာဗိုဟိုက်ဒရိတ် (Carbohydrates)၊ ပရိုတိန်းဓာတ် (Protein)နှင့် အဆီဓာတ် (Fat) ဟူ၍ပါရှိပါသည်။ လူ့ခန္ဓာကိုယ်အတွက် အာဟာရဖြစ်စေရန် စားသုံးရသော အစားအစာများတွင် Starch ဆိုသည့် ကစီဓာတ် များများပါသော ဆန်၊ ဂျုံ၊ ပြောင်း၊ Protein ဆိုတဲ့ အသားဓာတ်ပါသော အသား၊ ငါး၊ Fat and Oil လို့ ခေါ်သော ဆီနှင့် အဆီဓာတ်များ ပါဝင်သော အာဟာရဖြစ်စေသည့် စားသုံးကုန်များ ပါဝင်ပါသည်။

|pmr;u ES- 12|

# ပြည်ပဈေးကွက်တွင် ဖျာပုံမှ ငါးမုတ်နှင့် ငါးသလောက် ဈေးကောင်းရနေ



ဖျာပုံမြို့နယ်သည် လယ်ယာ စိုက်ပျိုးခြင်း လုပ်ငန်းနှင့် ပင်လယ် ငါးဖမ်းခြင်း လုပ်ငန်းတို့ဖြင့် စီးပွားရေး ရပ်တည်နေသော မြို့တစ်မြို့ ဖြစ်ပါ တယ်။ ယခုလရာသီသည် လယ်ယာလုပ်ငန်းများကို စတင်စိုက်ပျိုး လုပ်ကိုင် ကြသော လရာသီဖြစ်သလို ပင်လယ်ငါးဖမ်းလုပ်ငန်းအနေဖြင့်လည်း ငါးမုတ် ငါးဖမ်းသော လရာသီလည်း ဖြစ်ပါတယ်။ ငါးမုတ်ငါးများကို ဇွန်လမှစ၍ ဩဂုတ်လအထိ ဖမ်းယူကြပါတယ်။ ငါးမုတ်သည် ဈေးကွက်ဝင်ငါးဖြစ်လို့ ပင်လယ်ငါးဖမ်း ရေယာဉ်ပိုင်ရှင်များအနေဖြင့် သူ့လရာသီရောက်လာလျှင် ငါးမုတ်ကိုသာ ဦးစားပေးဖမ်းလေ့ ရှိကြပါတယ်။

|pmr;u ES- 16|

## ယင်းမာပင်မြို့နယ် မြို့ကြီးကျေးရွာမှ ကြက်သွန်လှောင်လက်များ တက်ဈေးမျှော်နေ

ယင်းမာပင်မြို့နယ်၊ မြို့ကြီးကျေးရွာမှ ကြက်သွန်လှောင်လက်များဟာ ကြက် သွန်တက်ဈေးကို မျှော်လင့်လျက်ရှိကြောင်း သိရပါတယ်။ ယခုလက်ရှိတွင် မြို့ကြီး ကျေးရွာ၌ ကြက်သွန်လက်ကျန်မှာ ပိဿာချိန် နှစ်သိန်းမှ နှစ်သိန်းခွဲအထိ ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

|pmr;u ES- 7|





# ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တာမွေရာပြည့်ဈေးသစ် အဆင့်မြင့်တည်ဆောက်ရေးစီမံကိန်း





အောင်ကောင်းကျော်ကုမ္ပဏီများအုပ်စု၏ ကြီးကြပ်မှုဖြင့် ထူးပြည့်ပြည့်စုံ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်သည့်
ပထမအကြိမ် အဆင့်မြင့်ကွန်ဒိုအခန်း(၃၀)အား အရစ်ကျစနစ်ဖြင့် စတင်ရောင်းချပေးနေပါပြီ။ ဖုန်း - ၀၉-၄၃၀၀၇၁၀၄, ၀၉-၂၅၀၀၀၆၄၅

## မန္တလေး–မြို့သာစက်မှုဥယျာဉ် တည်ဆောက်ရေး စီမံကိန်း

မန္တလေး–မြို့သာ စက်မှုဥယျာဉ် အနာဂတ်ပုံရိပ်









**မန္တလေး–မြို့သာ စက်မှုဥယျာဉ်တွင် ပါဝင်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ**

- လယ်ယာသုံးစက်နှင့် စက်အရံအပိုပစ္စည်းများထုတ်လုပ်သည့်စက်ရုံများ
- သယ်ယူပို့ဆောင်ရေးနှင့် ကုန်သိုလှောင်ရုံများ
- အထည်ချုပ်စက်ရုံများ၊ အိမ်သုံးပရိဘောဂဆိုင်ရာ ထုတ်လုပ်သည့်စက်ရုံများ
- SME - စက်ရုံများ၊ ဟိုတယ်နှင့် စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများ
- Electronic & I.T ဆိုင်ရာထုတ်လုပ်သည့် စက်ရုံများ
- လျှပ်စစ်ဓါတ်အားခွဲရုံနှင့် ဆက်သွယ်ရေးဆိုင်ရာဌာနများ
- ဘဏ်များ၊ Shopping Center, Residential ဝန်ထမ်းအိမ်ရာများ
- ဆေးရုံ၊ စာသင်ကျောင်း၊ အားကစားကွင်းများ တည်ဆောက်ခြင်း

www.mmidproject.com



ဆက်သွယ်စုံစမ်းရန် → ၀၂ – ၆၅၉၅၅၊ ၀၂ – ၈၂၁၅၀ ၀၉ – ၃၃၀၆၄၈၉၆၊ ၀၉ – ၃၃၀၆၄၈၉၃

# ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ (၁၄) ကြိမ်မြောက် ဝန်ကြီးများအဆင့်အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မိန့်ခွန်းပြောကြား

ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ (၁၄) ကြိမ်မြောက်ဝန်ကြီးများအဆင့် အစည်းအဝေးသို့တက်ရောက်ရန် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ ရောက်ရှိနေသော မြန်မာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဇူလိုင် ၂၁ ရက်တွင် အဆိုပါညီလာခံ၌ မိန့်ခွန်း ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ မိန့်ခွန်း ပြောကြားရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး တိုးတက်မှုနှုန်း နှေးကွေးလာခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးလာခြင်းတို့ကြောင့် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းမှာ ကျဆင်းလျက်ရှိနေကြောင်း၊ UNCTAD XIV ညီလာခံအနေဖြင့် "ကမ္ဘာ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်မည့် နည်းလမ်းများကို ဆွေးနွေး ညှိနှိုင်းနိုင်မည်ဖြစ်သည့်အတွက် အရေးပါသော ညီလာခံကြီးတစ်ခု ဖြစ်ပါကြောင်း၊ အစည်းအဝေး၏ အဓိက ဆောင်ပုဒ်ဖြစ်သော ကမ္ဘာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် ကမ္ဘာ့နိုင်ငံများအားလုံး တန်းတူညီမျှသော အခွင့်အလမ်းများဖြင့် အားလုံးပါဝင်နိုင်မည့် စီးပွားရေး ပတ်ဝန်းကျင်ကောင်း ရရှိရေးအတွက် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေးမှ အမှန်တကယ်အကောင်အထည်ဖော်နိုင်ရေး" ဆိုသည့်အချက်မှာ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင် ရှုထောင့် အမြင်များဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း၊ UNCTAD အဖွဲ့အစည်းအနေဖြင့် ၎င်း၏အခန်းကဏ္ဍဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ၏ ကုန်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြား ဆက်စပ်ကဏ္ဍများဖြစ်သော ဘဏ္ဍာရေး၊ နည်းပညာ၊ အရင်းအနှီးနှင့် စဉ် ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကဌာနအဖြစ် ဆက်လက်ရှိနေရေးမှာလည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရေးမှတစ်ဆင့် UNCTAD ၏ အခန်းကဏ္ဍ ပိုမိုခိုင်မာရေးအတွက် ထောက်ခံပါကြောင်း၊ UNCTAD အနေဖြင့် မြန်မာနိုင်ငံသို့ ပေးအပ်သည့် အကူအညီများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေရေး




သဘောတူစာချုပ် အကောင်အထည်ဖော်ရမည့်အချိန်တွင် ဆောင်ရွက်ရန် လိုအပ်မည့်လုပ်ငန်းစဉ်များ ဖော်ထုတ်လေ့လာဆန်းစစ်ခြင်းနှင့် ရေထွက်ပစ္စည်းများကဏ္ဍတွင် အကူအညီပေးလျက်ရှိသည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး ပိုမိုပေါင်းစည်းနိုင်မှုနှင့် ပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် UNCTAD အဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

UNCTAD XIV ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်တွင် ကင်ညာနိုင်ငံသမ္မတ H.E Uhuru Kenyatta၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၊ နမီးဘီးယားနိုင်ငံသမ္မတ H.E Hage Geingob၊ ယူဂန်ဒါနိုင်ငံ

စာမျက်နှာ ၂၀သို့ ➲




# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ၏ အရေးပါထိရောက်မှုဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော "အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ Non-Tariff Measures-NTMS ၏ အရေးပါထိရောက်မှုဆိုင်ရာ အသိပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲ"ကို ဇူလိုင် ၂၂ ရက်က နေပြည်တော်၊ ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။

အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ကုန်သွယ်မှုနှင့် ဆက်စပ်နေသော ဘာသာရပ်ဆိုင်ရာ ဌာနများအနေဖြင့် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှု များနှင့် စပ်လျဉ်း၍ အသိပညာ ဖလှယ်ခြင်းဖြစ်ကြောင်း၊ ဌာနများမှ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသော ကုန်သွယ်မှုနှင့် ဆက်စပ်သည့် စည်းမျဉ်းများအား ပွင့်လင်းမြင်သာမှု ဖြစ်စေရေးနှင့် ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင် UNCTAD မှ ထုတ်ပြန်ထားသော Classification 2012 နှင့် လိုက်လျောညီထွေဖြစ်စေရေး၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတွင် အသိပေးကြေညာထားသော အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများကို Update ပြုလုပ်ရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် NTMs များကို စုစည်းခြင်း၊ ခွဲခြားသတ်မှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်စည် အမျိုးအစားအလိုက်၊ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူကြတဲ့ ဌာနများအနေဖြင့် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများလည်း မတူညီကြတဲ့အတွက် မိမိတို့ဘယ်လို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမလဲ ဆိုတာကို သိနားလည်ထားဖို့ လိုအပ်ကြောင်း၊ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်နေမှုများကိုလည်း သိနားလည်ထားရန် လိုအပ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲမှ တက်ရောက်လာသူများသို့ ရလဒ်ကောင်းများ ရရှိစေချင်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ၊ ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

**ဝင်းမင်းဖြိုး**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေဝင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
လှဲ့လှဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.27 Monday July 25 2016

# ဆန်ချော(ရှယ်) အဝယ်လိုက်ပြီး အဝင်နည်းလို့ ဈေးတက်

ယခုရက်သတ္တပတ်အတွင်း ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်မှာ ဆန်ချောများအဝင်နည်းပြီး ဈေးနှုန်းမြင့်တက်ခဲ့ပေမယ့် ဆန်ကြမ်းဈေးတွေကတော့ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။ မူဆယ်ဆန်ဈေးကွက်မှာ ဆန်ကားအဝင်နည်းပြီး အရောင်းအဝယ်ပါးနေတာကို တွေ့ရပါတယ်။

လူကြိုက်များတဲ့ မြန်မာ့ဆန်ပေါ်ဆန်း(ရှယ်) အရောင်းအဝယ်ဖြစ်ပြီး အဝင်နည်းလို့ ဈေးအနည်းငယ်တက်သွားတယ်လို့ ရန်ကုန်မြို့ရဲ့ ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဇူလိုင် ၂၀ ရက်ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ကျပ် ၃၅၅၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၃၃၀၀၀ ၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၇၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၅၀၀၀၊ နယ်စုံပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၃၅၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၂၅၀၀ဖြစ်လို့ တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ အထိဈေးတက်သွားပါတယ်။ ပေါ်ဆန်းဆန်ချော(ရှယ်) ကြီးတွေ အဝင်နည်းပြီး အရောင်းအဝယ်ဖြစ်လို့ ဈေးတက်သွားတာလို့ ဝါးတန်းကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ကတော့ ထိပ်စ တစ်အိတ် ကျပ် ၂၃၀၀၀၊ လတ်စတစ်အိတ်ကျပ် ၂၁၅၀၀၊ နွေသီးထပ်ရှယ် တစ်အိတ်လျှင်ကျပ် ၁၉၀၀၀ မှ ကျပ် ၁၉၈၀၀နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ နွေဆန်ရက် ၉၀ ကယခုတစ်ပတ်တစ်အိတ်လျှင် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၅၀၀ ဖြစ်လို့ ကျပ် ၅၀၀ မှ ကျပ် ၁၅၀၀ ခန့်ဈေးကျ လာပါတယ်။ မနောသုခဆန်တစ်အိတ်လျှင် ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ ပြည်ပ ပို့ကုန် ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ် ကျပ် ၁၇၂၀၀ မှ ကျပ် ၁၇၅၀၀ နဲ့ ဈေးငြိမ်နေပါ တယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဇူလိုင် ၂၂ ရက်နေ့ဈေးနှုန်းအရ ဧည့်မထ ဆန် ၅ မှတ် မော်ဘီတစ်အိတ်လျှင် ၁၄၃ မှ ၁၄၆ ယွမ်နဲ့ စူပါတစ်အိတ်လျှင် ၁၄၆ မှ ၁၄၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ်လျှင် ၁၃၈ မှ ၁၄၁ ယွမ်နဲ့ စူပါတစ်အိတ်လျှင် ၁၄၄ မှ ၁၄၅ ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ်လျှင် ၁၃၀ မှ ၁၃၄ ယွမ်၊ ငစိန် ၅ မှတ် ဆန်တစ်အိတ် ၁၄၅ မှ ၁၄၇ ယွမ်၊ ငစိန် ၁၅ မှတ် ဆန်တစ်အိတ် ၁၄၀ မှ ၁၄၃ ယွမ်၊ ငစိန် ၂၅ မှတ်ဆန်တစ်အိတ် ၁၃၆ မှ ၁၃၈ ယွမ်နဲ့ ဈေးငြိမ်နေပါတယ်။

မိုးကလည်းတစ်ပတ်လုံးရွာနေတာနဲ့ ကားသွားလို့လည်း အဆင်မပြေတာကြောင့် မူဆယ်ကို ဆန်ကားတွေအဝင်နည်းပြီး အရောင်းအဝယ်လည်း နည်းသွား တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရှိ ရပါတယ်။ ဇူလိုင် ၁၅ ရက်မှ ၂၀ ရက်အထိ မူဆယ် ကုန်စည်ဒိုင်သို့ နယ်စုံမှ နေ့စဉ် ပြည်တွင်းဆန်ပျမ်းမျှအဝင် တန်ချိန် ၆၀၀ ခန့်ရှိပြီး ရက်သတ္တပတ်အတွင်း တန်ချိန် ၄၂၀၀ ခန့် အဝင်ရှိတယ်လို့သိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၁-၇-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၅၇ | ၄၅၉ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၄၁ | ၄၄၃ | △ | ၃၈၀ | ၃၇၄ | ▽ | ၃၉၀ | ၃၉၅ | △ | ၄၀၀ | ၄၁၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၇၀ | ၃၆၇ | ▽ | - | - | - | ၃၉၀ | ၄၀၀ | △ |
| ဆန်ဖြူ ၂၅% | ၄၂၃ | ၄၂၅ | △ | ၃၄၅ | ၃၃၇ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၇၀ | ၃၈၀ | △ |
| ပေါင်းဆန် | ၄၇၂ | ၄၆၂ | ▽ | - | - | - | ၃၉၅ | ၃၉၅ | □ | ၄၂၅ | ၄၂၅ | □ |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၂၂-၇-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | △ | ၂၄၀၀၀ | △ | ၇၉၀၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၅၅၀ | □ | ၂၁၀၀၀ | □ | ၇၁၀၀ | □ | ၃၁၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၁၁၉၀၀ | □ | ၃၇၅၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၇၈၀ | □ | ၂၁၅၀၀ | ▽ | - | - | ၃၂၅၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၇၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၇၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှု လျော့ကျသော်လည်း ပင်လယ်ရေကြောင်းမှ ပိုမိုတင်ပို့

ဇူလိုင် ၉ရက်မှ ၁၅ ရက်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ၄ဒသမ ၇၅ သန်း တန်ဖိုးရှိ ဧည့်မထဆန်နဲ့ ငစိန်ဆန် ၁၂၉၇၆ တန်ကျော်ကို မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၄၃၈၀ တန်ခန့်နဲ့ ဧည့်မထဆန် ၁၀၈၁ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်၁၇၁တန်ကျော်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၃၄၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့ မှုနဲ့ နှိုင်းယှဉ်ပါက ၅၆၈တန်ခန့် လျော့ နည်းခဲ့ပါတယ်။ ယခုတစ်ပတ် အမေရိကန်ဒေါ်လာ သုညဒသမ ၁၂၇သန်း တန်ဖိုးရှိဆန်ကွဲ ၃၉၂တန်ကို မူဆယ် (၁၀၅)မိုင်မှ တန်၂၅၀နဲ့ လွယ်ဂျယ်မှ ၁၄၂ တန်သာတင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၁၁၀၀ ကျော် သိသိသာသာ လျော့နည်းသွားခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ သုညဒသမ ၆၉၁သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန်တန်၁၈၂၀ တင်ပို့ခဲ့ ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၃၄၆ တန်၊ ဧည့်မထ ဆန်တန်၁၀၀၀၊ ပါပူဝါနယူးဂီနီနိုင်ငံသို့ ပေါင်းဆန်တန်၂၀၀၊ ပိုလန်နိုင်ငံသို့ ဧည့်မထဆန် တန်၂၅၀ နဲ့ စင်ကာပူနိုင်ငံသို့ ပေါ်ဆန်းဆန် ၂၄တန် အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန်၂၇၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်သာမက ဆန်ကွဲကိုလည်း ပိုမိုတင်ပို့နိုင်ပါတယ်။ အီးယူနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၂ဒသမ ၃၄၃ သန်း တန်ဖိုးရှိ ဆန်ကွဲ ၈၃၇၅ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ် တင်ပို့မှုထက် တန်၅၀၀၀ ပိုမိုတင်ပို့နိုင်ပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ရော ဆန်ကွဲပါ ယခင်တစ်ပတ်ထက် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ပေါက်ခေါင်းမှ ထွက်ရှိသည့်နွေစပါးများ အရောင်းသွက်၊ စပါးအခြောက်ခံစက်များပါ အလုပ်ဖြစ်

ပြည်ခရိုင်အတွင်းတွင် ပေါက်ခေါင်းမှ ထွက်ရှိသည့် နွေစပါးများ အရောင်းသွက်နေသလို မိုးတွင်းကာလ ရောက်ရှိလာပြီဖြစ်၍ စပါးအခြောက်ခံစက်များ အလုပ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ခရိုင်အတွင်းတွင် ဇူလိုင် ပထမပတ်အတွင်း သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့မှ ထွက်သော နွေစပါးထက် မကွေးတိုင်း၊ အောင်လံ၊ တောင်တွင်းဒေသတို့မှထွက်သော နွေစပါးများက အရောင်းအဝယ်ပိုကောင်းသော်လည်း ဇူလိုင် တတိယပတ်အတွင်း ထွက်ရှိသော ပြည်ခရိုင်၊ ပေါက်ခေါင်း မြို့မှထွက်သော နွေစပါးများ၏ အရည်အသွေးမှာလည်း ကောင်းမွန်ခြင်းကြောင့် အစိုဓာတ် ၂၀ရာခိုင်နှုန်းရှိ ပေါင် ၅၀ စပါးတင်း ၁၀၀ လျှင် ၅၂၀၀၀၀ ကျပ်ဖြင့် အောင်လံ၊ တောင်တွင်း နွေစပါးများကဲ့သို့ပင် အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဆန်စပါး ရောင်းဝယ်သူများ ထံမှ သိရှိရပါသည်။

ပြည်ခရိုင်အတွင်းတွင် ဇူလိုင်ဒုတိယပတ်အတွင်း မိုးများလာခြင်းကြောင့် ဒေသတွင်း စက်များရှိ စပါးအခြောက်ခံစက် (Paddy Dryer) များမှ အစိုဓါတ် ၂၅ -၂၉ရာခိုင်နှုန်းရှိစပါးတင်း ၁၀၀လျှင် ၂၅၀၀၀ကျပ်ဈေး၊ အစိုဓာတ် ၁၈-၂၅ ရာခိုင်နှုန်းရှိ စပါးကို ၂၀၀၀၀ ကျပ်ဈေးဖြင့် စပါးအစိုဓာတ် ၁၄ရာခိုင်နှုန်းအထိ လုပ်သားခအတင်အချ ပေးစရာမလိုပဲ အခြောက်ခံပေးခြင်းဖြင့် ဒေသတွင်းဆန်စက်များမှ (Paddy Dryer)များ အလုပ်ဖြစ်လျက်ရှိကြောင်း ဆန်စက်ပိုင်ရှင်များ၏ ပြောကြားချက်အရ သိရှိရပါသည်။

**ထွန်းမင်းထွန်း (ပြည်)**

# ၁၈-၇-၂၀၁၆ မှ ၂၂-၇-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 275 | 14,283,690.620 |
| 2 | Form D | 37 | 2,012,610.200 |
| 3 | Form E | 75 | 716,605.350 |
| 4 | Korea GSP | 2 | 119,648.500 |
| 5 | Form AK | 45 | 2,254,073.270 |
| 6 | Form AJ | 11 | 517,253.580 |
| 7 | Form AI | 104 | 4,179,291.760 |
| 8 | Form AANZ | 4 | 28,057.420 |
| 9 | Form DFTP | - | - |
| **Grand Total** | | **553** | **24,111,230.700** |

# ပခုက္ကူကုန်စည်ဒိုင် ဇူလိုင်လ တတိယပတ် ပဲမျိုးစုံဈေးကွက် ပဲစင်းငုံနီဈေးတက်၍ ကုလားပဲဈေးမြင့်တက်

ပခုက္ကူကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် ဇူလိုင် တတိယပတ်အတွင်း ပဲစင်းငုံနီမှာ တစ်တင်းလျှင် ၄၅၇၀၀ ကျပ်ဈေးအထိ ကျဆင်းလာခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ပဲစင်းငုံနီ တစ်တင်းလျှင် ၄၈၉၀၀ ကျပ်အထိ ဈေးရရှိခဲ့ပါတယ်။

ပဲစင်းငုံနီ သိုလှောင်သူများအနေဖြင့် လက်ကျန် နည်းနေ၍ ပဲစင်းငုံနီ စတင်ပေါ်ချိန်က အမြင့်ဈေး ၅၂၀၀၀ ကျပ်ဈေးရရှိရန် မျှော်မှန်းခဲ့သော်လည်း မျှော်မှန်း သလို ဖြစ်မလာဘဲ အကျဈေးနှင့် ရင်ဆိုင်နေကြရကြောင်း သိရပါတယ်။

ကုလားပဲအုပ်စုတွင် ကုလားပဲဖြူ(V2)မှာ ကျပ် ၄၂၆၀၀ မှကျပ် ၄၁၅၀၀ ဈေးရှိပြီး၊ ကုလားပဲဝါ (HL) တစ်တင်းလျှင် ကျပ် ၄၀၅၀၀၊ ၃၉၄၀၀ ကျပ်ဈေး၊ ကုလားပဲ ဖြူလုံးကြီး (929) မှာ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှ ၃၉၀၀၀ ကျပ်ဈေးရှိ၍ ကုလားပဲအုပ်စုအနေဖြင့် တစ်နေ့လျှင် အိတ်ရေ ၂၀၀ မှ ၃၀၀ အရောင်းဝယ်ဖြစ်လျက်ရှိ၍ ယခင်နှစ်ထက် ဈေးကောင်းရရှိသည့်အတွက် အမြင့်ဈေးဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။

ပဲတီစိမ်းအနေဖြင့် တစ်တင်းလျှင် ကျပ် ၂၆၀၀၀ မှ ၂၅၀၀၀ ကျပ်ဈေးဖြင့် တစ်နေ့လျှင် အိတ်ရေ ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခင်နှစ်ထက် ပဲတီစိမ်းဈေးနှုန်း ကျဆင်းရခြင်းမှာ ပဲတီစိမ်းကောက်ချိန်တွင် မိုးရွာသွန်းခဲ့တဲ့အတွက် သီးနှံများအရည် အသွေးညံ့ဖျင်းခဲ့တာဖြစ်ကြောင်း ပဲတီစိမ်းရောင်းဝယ်သူများထံမှ သိရပါတယ်။

အခြားပဲများဖြစ်တဲ့ ပဲဇီးကွက်က ၁၄၆၀၀ ကျပ်၊ ပဲကြီးဖြူက ၂၀၅၀၀ ကျပ် ၊ ထောပတ်ပဲက ၁၁၅၀၀ ကျပ်၊ ပဲယဉ်း(မြစ်ခြေ)က ၁၄၂၀၀ ကျပ်၊ ပဲလွန်းပြာက ကျပ် ၂၃၄၀၀၊ ပဲပုပ်က ကျပ် ၁၇၀၀၀ ဈေးများဖြင့် ရံဖန်ရံခါ အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း သိရှိရပါတယ်။

**ချယ်ရီမြင့် (ပခုက္ကူ)**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၂-၇-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၅/၇ | ၂၂/၇ | ပြောင်းလဲမှု | ၁၅/၇ | ၂၂/၇ | ပြောင်းလဲမှု | ၁၅/၇ | ၂၂/၇ | ပြောင်းလဲမှု | ၁၅/၇ | ၂၂/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၉၆၇ | ၂၈၅၀ | ▼ | ၂၈၆၇ | ၂၇၅၀ | ▼ | ၂၈၅၀ | ၂၅၀၀ | ▼ | ၂၈၅၀ | ၂၇၀၀ | ▼ |
| ၂ | ပဲစင်းငုံ | - | ၂၂၉၆ | - | - | - | - | ၂၃၀၀ | ၂၃၀၀ | ▼ | ၂၃၆၀ | ၂၁၉၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၄၁၅ | ■ | ၁၄၀၄ | ၁၄၇၆ | ▲ | ၁၃၄၂ | ၁၃၉၅ | ▲ | ၁၃၉၅ | ၁၂၆၅ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၀၀ | ■ | - | - | - | - | - | - | ၂၀၀၀ | ၂၁၅၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၆၅ | ■ | ၁၀၀၀ | ၁၀၅၀ | ▲ | - | - | - | ၁၂၆၅ | ၁၃၁၅ | ▲ |
| ၆ | ထောပတ်ပဲ | ၆၇၅ | ၆၆၀ | ▼ | - | ၈၇၁ | - | ၆၀၅ | - | - | ၅၉၀ | ၅၉၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၂-၇-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု | ၁၄/၇ | ၂၁/၇ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၅၆၅ | ၁၄၆၀ | ▼ | ၁၅၅၄ | ၁၄၂၉ | ▼ | ၁၆၄၄ | ၁၅၆၃ | ▼ |
| ၂ | ပဲစင်းငုံ | ၁၂၈၀ | ၁၁၅၀ | ▼ | ၁၃၀၈ | ၁၂၃၅ | ▼ | ၁၃၄၅ | ၁၂၇၂ | ▼ |
| ၃ | ပဲတီစိမ်း | ၈၂၅ | ၈၂၅ | ■ | ၈၀၇ | ၇၈၉ | ▼ | ၈၆၇ | ၈၆၃ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၂၀၀ | ၁၂၃၀ | ▲ | ၁၃၁၅ | ၁၂၉၅ | ▼ | ၁၃၁၅ | ၁၂၆၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၉.၇.၁၆)ထိ | ယခုတစ်ပတ် (၁၆.၇.၁၆)ထိ | (၁.၁.၁၆) မှ (၁၆.၇.၁၆) ထိ |
| မတ်ပဲ | ၇၂၈၃ | ၃၄၀၁ | ၃၆၃၃၈၂ |
| ပဲတီစိမ်း | ၁၈၆၉ | ၁၈၁၉ | ၁၃၂၈၉၈ |
| ပဲစင်းငုံ | ၃၈၀၅ | ၅၁၂၁ | ၁၆၄၃၂၆ |
| ကုလားပဲ | ၄၂၂ | ၁၅၁၆ | ၁၈၈၃၂ |
| ပဲလွန်းဖြူ | ၄၈၇ | ၃၆၈ | ၁၃၄၇၆ |
| မြေထောက်ပဲ | ၄၁၀ | ၃၁၃ | ၈၀၁၂ |


# မုံရွာဆီထွက်သီးနှံဈေးကွက် အရောင်းအဝယ်အေး

မုံရွာကုန်စည်ဒိုင် ဇူလိုင်လတတိယပတ် ဆီထွက်သီးနှံဈေးကွက်မှာ တရုတ်ဝယ်လက်ပါးလို့ မြေပဲဆန်ဈေး ဆက်လက်အေးခဲ့ရာ မြေပဲလုံး ဆန်(နီ) တစ်ပိဿာ ကျပ် ၂၇၀၀၊ မြေပဲဆန်(ဖြူ) တစ်ပိဿာ ၂၆၂၅ ကျပ်၊ ဆီဆန် တစ်ပိဿာ ကျပ် ၂၀၀၀ ဖြစ်ခဲ့သော်လည်း ယခင်လကထက် တစ်ပိဿာ ကျပ် ၄၀၀ ခန့် လျော့ကျလာခဲ့ကာ အရောင်းအဝယ်ပါ အေးသွားတယ်လို့ ကုန်သည်ရပ်ကွက်ကဆိုပါတယ်။

တရုတ်ဝယ်လက် ပုံမှန်အဆွဲမရှိဘဲ ဒေသတွင်း ဝယ်လိုအားသာများခဲ့လို့ ဒိုင်မှာ တစ်ရက် အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ မုံရွာဝန်းကျင်ရှိ ဆားလှော်ဖိုတွေက ကုန်သည်နဲ့ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူမှုတွေ ရှိနိုင်တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးကွက်မှာလည်း နှမ်းနက်တစ်မျိုးသာ ပြည်ပဝယ်လက်ရှိခဲ့ပြီး တစ်တင်းကျပ် ၄၈၀၀၀ အမြင့်ဆုံးပေါက်ဈေးဖြစ်ပေါ်ခဲ့ကာ တစ်ရက် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ နှမ်းဖြူ ဈေးကွက်မှာ တစ်တင်းကျပ် ၂၇၀၀၀ မှ ကျပ် ၃၀၀၀၀ အထိ၊ နှမ်းညို(အသစ်) တစ်တင်းကျပ် ၂၅၀၀၀ အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ကာ တစ်ရက်အိတ် ၁၀၀ ခန့်စီသာ အရောင်းအဝယ်ဖြစ်တယ်လို့ ဒိုင်ရပ်ကွက်ကသိရပါတယ်။

**ထွန်းလှိုင်(မုံရွာ)**



# ပုလဲမြို့နယ်တွင် နွေပဲတီစိမ်းများ စတင်ရိတ်သိမ်း

ပုလဲမြို့နယ်မှာ နွေပဲတီစိမ်းများ စတင်ရိတ်သိမ်းနေပြီဖြစ်ပါတယ်။ ပုလဲမြို့နယ်မှာ နှစ်စဉ် နွေပဲတီစိမ်းစိုက်ဧက သုံးထောင်ကျော်ရှိတဲ့အတွက် တင်းပေါင်း ၃၅၀၀၀ ခန့်ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

နွေပဲတီစိမ်းပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၃၀၀၀၀ခန့်ရှိတဲ့ အတွက် တစ်ဧကကို ကျပ်တစ်သိန်းခွဲခန့် အမြတ်ကျန်နိုင်တယ်လို့ လက်ပုကန်ကျေးရွာမှ ပဲတီစိမ်းစိုက်တောင်သူဦးစိန်ပြုံးကပြောကြားပါ တယ်။

“ကျွန်တော်တို့ဆီမှာတော့ ရေဆင်း - ၁၄ မျိုးကိုစိုက်ပျိုးပါတယ်။ ပဲတီစိမ်းမျိုးကောင်းမျိုးသန့်တစ်ပြည်ကိုကျပ် ၆၀၀၀ ပေးဝယ်ရပါတယ်။ ဒီနှစ်မှာအဝါပင်တွေများတဲ့အတွက် မနှစ်ကလောက်တော့ မရပါဘူး။ တစ် ဧကကို ၁၀ တင်း၊ ၁၂ တင်းလောက်ပဲထွက်ပါတယ်။ တစ်ဧကကုန်ကျ စရိတ်ကကျပ် ၁၇၀၀၀၀ လောက်ရှိတာကြောင့် အခုလက်ရှိပေါက်ဈေး တစ်တင်းကျပ် ၃၀၀၀၀ ရှိတဲ့အတွက် အမြတ်တစ်သိန်းခွဲလောက်ကျန်ပါ တယ်။ အမြတ်နည်းတာနဲ့များတာပဲကွာသွားမှာပါ”လို့ ၎င်းကပြောကြားခဲ့ပါတယ်။

**သီတာခိုင်(ယင်းမာပင်)**

# ပြည်ပဲလွန်းဖြူဈေးငြိမ်ပြီး လက်လီသာအဝယ်ရှိ

ပြည်ပဲဈေးကွက်မှာ ပဲလွန်းဖြူသီးနှံဟာ ပဲဝင်ရောက်မှုမရှိတော့ပေမယ့် လက်ကျန်ပဲအနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲလွန်းဖြူကို လက်လီသမားများနေ့စဉ် ဝယ်ယူခဲ့ကြလို့ အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ကာ ပဲဈေးမှာ တစ်တင်း ကျပ် ၂၁၅၀၀ ဖြင့် ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။

ပဲဈေးမှာ ပဲလက်ကျန်နည်းချိန်၊ ပဲအဝင်ပါးသွားသည့်အချိန်မှစ၍ ဈေးတက်လာခြင်းမရှိဘဲ အရောင်းအဝယ်အေး ဈေးအေးခဲ့တဲ့ပဲဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ကလည်း ဇူလိုင်လအတွင်း ပဲတစ်တင်း နှစ်သောင်းကျပ်သာရရှိပြီး လဝက်လောက်မှာ ပဲလက်ကျန်ပြတ်သွားခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ဘိုကိတ်ပဲဈေးအေးခဲ့လို့ ပဲသစ်အဖွင့်ဈေးကို မမီခဲ့

ဇူလိုင်တတိယပတ်အတွင်း ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲဟာ လက်လီသာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဝင်ရောက်မှုအနည်းငယ်သာရှိခဲ့သလို လက်ကျန်ပဲများလည်းရှိခဲ့လို့နေ့စဉ်အိတ် ၃၀ ကျော်အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၂၅၀၀ ဖြင့် နေ့စဉ်လက်လီသမားများ ပုံမှန်ဝယ်ယူခဲ့ပါတယ်။

ဘိုကိတ်ပဲက ပဲသစ်ပေါ်စ ဇန်နဝါရီမှာ တစ်တင်းကျပ်သုံးသောင်းကျော်အထိ ဈေးကောင်းရခဲ့ပေမယ့် ပဲအဝင်လှိုင်လာတဲ့ ဖေဖော်ဝါရီလမှစ၍ ပဲဈေးနှုန်း တဖြည်းဖြည်း လျော့နည်းကျဆင်းလာခဲ့ပြီး ယခုအချိန်ထိ ပဲဈေးမှာ အဖွင့်ဈေးကို မမီခဲ့ဘဲဈေးငြိမ်ပြီးရောင်းဝယ်ခဲ့ကြတယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ဟသ်ာတ မတ်ပဲဈေးကွက်တွင် ဈေးကျဆင်းလာ

ဟသ်ာတ မတ်ပဲဈေးကွက်မှာ ယခုဇူလိုင်လ တတိယပတ်အတွင်း မတ်ပဲဈေးများ ကျဆင်းလာခဲ့ပါတယ်။ ဇူလိုင်လ ၁၈ ရက်က မတ်ပဲတစ်တင်းလျှင်ကျပ် ၅၅၀၀၀ အထိရှိနေရာမှ ၂၀ ရက်တွင် ကျပ် ၅၄၀၀၀ သို့ကျဆင်းခဲ့ပါတယ်။

ဇူလိုင်လဆန်းပိုင်းက ပိဿာ ၂၀ ဝင်တစ်တင်းလျှင် ကျပ် ၅၇၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြသော်လည်း ဒုတိယပတ်မှာ ကျပ် ၅၇၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တာ တွေ့ရပါတယ်။ ဈေးကျဆင်းနေမှုကြောင့် မတ်ပဲလှောင်လက်များနဲ့ မတ်ပဲလက်ကျန်ရှိတဲ့ စိုက်ပျိုး ထုတ်လုပ်သူများအနေနဲ့ ရောင်းဝယ်မှုနည်းပါးလာခဲ့ကာ တက်ဈေးကို မျှော်လျက်ရှိကြောင်း သိရပါတယ်။

**လှိုင်ထွန်း ( ဟသ်ာတ )**

Vol: 16, No.27 Monday July 25 2016

# မုံရွာကုန်စည်ဒိုင် ဇူလိုင်လ တတိယပတ် ပဲဈေးကွက် ကုလားပဲဈေး တက်ပေမယ့် ရောင်းလက်အေး

မုံရွာကုန်စည်ဒိုင်ရဲ့ ဇူလိုင်လ တတိယပတ် ပဲဈေးကွက်မှာ ပြည်ပ ဝယ်လက် ဝယ်လိုအားရှိလို့ ဆက်လက် ဈေးတက်နေပေမယ့် ဒေသခံလှောင် လက် ကုန်သည်တွေအနေနဲ့ ရောင်းစရာပဲမရှိတော့တာရယ်၊ လက်ကျန်ရှိသူတွေက ဈေးမြှင့်ရောင်းလိုတာရယ်ကြောင့် ရောင်းဝယ်အား ပျော့သွားတယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ယခုတစ်ပတ်မှာ ပေါက်ဈေးအားဖြင့် ကုလားပဲဖြူလုံးကြီး (V2) တစ်တင်း ၄၃၂၀၀ကျပ်အထိ အမြင့်ဆုံး ပေါက်ခဲ့သလို (929) တစ်တင်း ၄၁၀၀၀ကျပ်၊ ထိုင်ဝမ် တစ်တင်း ၄၀၅၀၀ကျပ် အသီးသီးဆက်လက်မြင့်တက်ခဲ့ကာ အရောင်းအဝယ်အနေနဲ့ ဈေးကျတဲ့ရက်မှာ အိတ် ၁၀၀ ခန့်သာ ဖြစ်ခဲ့ပြီး ဈေးမြင့်တဲ့ရက်မှာတော့ အိတ်၄၀၀၊ ၅၀၀ အထိ ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ်မှာ အခြားပြည်ပ ဝယ်လိုအားရှိတဲ့ ငုံနီ၊ စိမ်းကြီးနဲ့ မတ်ပဲ ဈေးကွက်များကတော့ ပေါက်ဈေးရော အရောင်းအဝယ်ပါ အေးခဲ့တာတွေ့ရပါတယ်။ ငုံနီမှာ တစ်တင်း အနိမ့်ဆုံး ၄၄၅၀၀ ကျပ်မှ အမြင့်ဆုံး ၄၈၂၀၀ကျပ် အတွင်း ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး တစ်ရက် အိတ် ၃၀၀ခန့် ပုံမှန်အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲတီစိမ်း ဈေးကွက်မှာလည်း စိမ်းကြီးမှာ တစ်တင်း အနိမ့်ဆုံး ၂၆၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၈၀၀၀ကျပ်အတွင်း ဈေးငြိမ်ခဲ့ပြီး နယ်အဝင်အေးကာ ကုန်သည်လှောင်လက်ပဲပြည့်နေလို့ တစ်ရက် အိတ် ၃၀၀၊ ၄၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်တယ်လို့ ဆိုပါတယ်။ မတ်ပဲဈေးကွက်မှာတော့ ပဲဟောင်းတစ်တင်း အနိမ့်ဆုံး ၅၅၀၀၀ ကျပ်မှ အမြင့်ဆုံး ၅၆၀၀၀ကျပ်အတွင်း ပေါက်ဈေးဖြစ်ပေါ်နေပြီး ပဲသစ်က တစ်တင်း ၄၈၀၀၀ ကျပ်နဲ့ မတ်ပဲ အဟောင်းအသစ်နှစ်မျိုးပေါင်း တစ်ရက် အိတ် ၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်မှ သိရပါတယ်။



ယခုတစ်ပတ် ပြည်တွင်းသုံး ပဲဈေးကွက်မှာ ပဲအများစု ဆက်လက်ဈေးငြိမ်နေခဲ့ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကာ ပဲတစ်မျိုးချင်းရဲ့ တစ်တင်းအမြင့်ဆုံးဖြစ်ပေါ်ခဲ့တဲ့ ပေါက်ဈေးများအနေဖြင့် ထောပတ်ပဲ ၁၁၅၀၀ ကျပ်၊ စွန်တာနီ ၁၅၀၀၀ ကျပ်၊ ပဲကြီး ၂၆၀၀၀-၂၅၀၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၇၅၀၀ ကျပ်၊ မလွမ်းပို ၁၅၃၀၀ကျပ်၊ ပုဂံပဲ ၁၇၀၀၀ ကျပ်၊ မြေ ထောက်ပဲ ၁၉၅၀၀ကျပ်၊ ပဲလွန်းပြာ ၂၂၀၀၀ကျပ်နဲ့ ပဲယင်း ၁၅၀၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့ကာ ဒေသတွင်း လုပ်ငန်းသုံးနဲ့ ပဲလက်လီ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့လို့ ပဲတစ်မျိုး အိတ် ၁၀၀မှ ၂၀၀ကြား အရောင်းဝယ်ဖြစ်လျက် ရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**

# ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးဆောင်တဲ့ ဝန်ထမ်းများက ဇူလိုင် ၁၂ ရက်နေ့လယ်က လွိုင်ကော် ကွန်ပျူတာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမမှာ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲသို့ ပါမောက္ခချုပ်နဲ့ ဆရာ၊ ဆရာမများ ကျောင်းသား၊ သူများ စုစုပေါင်း ၃၅၃ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက ဆိုးဆေးအန္တရာယ်များနဲ့ ဆိုးဆေးပါဝင်တဲ့အစားအသောက်များကြောင့် ဖြစ်ပေါ်လာနိုင်တဲ့နောက်ဆက်တွဲဆိုးကျိုးများ၊ ပြည်တွင်း၊ ပြည်ပမှ အန္တရာယ်ရှိတဲ့အချိုရည်များအကြောင်း၊ အေးခဲအသားများအကြောင်းနဲ့ စားသုံးဆီများအကြောင်းကို အကျယ်တဝင့်ဟောပြောဆွေးနွေး ခဲ့ပါတယ်။

ဆက်လက်၍ တက်ရောက်လာသူများနဲ့ အပြန်အလှန်ဆွေးနွေးခဲ့ရာ ဆရာတစ်ဦးက ယခုလိုအသိပညာပေးဆွေးနွေးပွဲများကို ပြည်သူများရဲ့ ရှေ့မှောက်အရောက် ဆွေးနွေးပွဲများဆောင်ရွက်ပေးတာ အလွန် ကောင်းမွန်ပါကြောင်း၊ တကယ့်လက်တွေ့တွင် မည်ကဲ့သို့အရေးယူဆောင်ရွက်နေကြောင်း မေးမြန်းခဲ့ရာ ပြည်နယ်ဦးစီးမှူးဦးခမ်လျန်စွမ်းက မိမိတို့ဌာနအနေဖြင့် ကျောင်းမုန့်ဈေးဆိုင်များနှင့် ဈေးများတွင် နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ထားတဲ့ စားသုံးရန်မသင့်တဲ့ အစားအသောက်များ ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ စက်ရုံ၊အလုပ်ရုံများ၌ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် ဇွန်လတွင် သီရိမင်္ဂလာဈေးအတွင်းမှ စားသုံးရန် မသင့်တဲ့ အစားအသောက်များနဲ့ သက်တမ်းလွန်ဆေးဝါးများကို သက်ဆိုင်ရာဌာနများပါဝင်တဲ့ပူးပေါင်းအဖွဲ့ဖြင့် သိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးခြင်းများဆောင်ရွက်ခဲ့ပြီး နောင်တွင် ဆက်လက် မရောင်းချစေရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်းရှင်းလင်းဖြေကြားခဲ့ပြီးထပ်မံ၍ တက်ရောက်လာသူများမှ သိရှိလိုသည့် မေးမြန်းမှုများကို အသေးစိတ်ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ပါတယ်။

**လွင်ကိုအောင် (စားသုံးသူ)**

# Myanmar Training Development Expo 2016 ကျင်းပ

Myanmar Training Development Expo 2016 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့ပါသည်။ ၎င်းကုန်စည်ပြပွဲကို မြန်မာနိုင်ငံမှ Apex Partner Co.,Ltd. နှင့် စင်ကာပူနိုင်ငံ Sphere Exhibits Pte Ltd. တို့မှဦးစီး၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ပြပွဲကို မြန်မာနိုင်ငံရှိ လုပ်သားအင်အားစု၏ စွမ်းရည်မြှင့်တင်နိုင်စေရန်အတွက် ကျယ်ပြန့်ဖွံ့ဖြိုးလျက်ရှိသော လုပ်ငန်းကဏ္ဍဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ပညာရပ်ဆိုင်ရာများ၊ လုပ်ငန်းသုံးစနစ်များအား တစ်နေရာတည်းတွင် တစ်စုတစည်းတည်း လေ့လာနိုင်ရန်ရည်ရွယ်ချက်ဖြင့် ပြသခြင်းဖြစ်ပါသည်။

၎င်းပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကရင်တိုင်းရင်းသားကိုယ်စားလှယ် ဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး Myanmar Tourism Federation မှ ဥက္ကဋ္ဌ ဦးရန်ဝင်း၊ စင်ကာပူနိုင်ငံမှ မန်နေဂျင်းဒါရိုက်တာ Ms. Elaine Chai နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မီဒီယာများ တက်ရောက်ကြပါသည်။

အဆိုပါပြပွဲသည် ပထမဦးဆုံးသော လေ့ကျင့်သင်ကြားရေးဆိုင်ရာဖြစ်သောကြောင့် မြန်မာနိုင်ငံရှိ လုပ်သားအင်အားစု၏ စွမ်းရည်မြှင့်တင်ရန်အတွက် ကျယ်ပြန့်ဖွံ့ဖြိုးလျက်ရှိသော လုပ်ငန်းကဏ္ဍဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ပညာရပ်ဆိုင်ရာများ၊ လုပ်ငန်းသုံးစနစ်များအား တစ်နေရာတည်းတွင် လေ့လာနိုင်ခြင်း၊ ပြည်တွင်းအဖွဲ့အစည်းများ၏ ထောက်ပံ့မှုများနှင့်အတူ MTDE သည် တိုင်းပြည်၏ အနာဂတ်လုပ်သား အင်အားများ၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အတိုင်ပင်ခံလုပ်ငန်းများ၊ ပညာရပ်ဆိုင်ရာ သင်တန်းများနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းသုံးစနစ်ကဏ္ဍ (၃) ရပ်အား ပေါင်းစပ်ပြသရန် ရည်ရွယ်ချက်ဖြင့် ပြသခဲ့ခြင်းဖြစ်ပါသည်။

၎င်းပြပွဲကို ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင် ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**YMA**

# ပခုက္ကူ ကုန်သည်ပွဲစားများအသင်း (ကုန်စည်ဒိုင်)တွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့်ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ အသိပညာပေးဆွေးနွေးနှီးနှောဖလှယ်ပွဲ ကျင်းပ

ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ရုံးမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပခုက္ကူကုန်သည် ပွဲစားများအသင်း (ကုန်စည်ဒိုင်)တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေးနှီးနှောဖလှယ်ပွဲကို ဇူလိုင်လ ၄ ရက်နေ့တွင် ကျင်းပ ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာ နိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးတိုးကြွယ်က ဆီထုတ်လုပ်မှုအပိုင်းနဲ့ ရောင်းချမှုအပိုင်းတွေမှာ ဆီစက်ပိုင်ရှင်ထုတ်လုပ်သူများက ကိုယ်ထုတ်တဲ့ဆီကို စက်မှုကြီးကြပ်လိုင်စင်၊ စည်ပင်လိုင်စင်၊ နံပါတ်တွေကပ်ပြီး ရောင်းရမှာဖြစ်သလို ပုံးတွေ၊ ပေပါတွေမှာ ပါကင်စနစ်၊ Seal Coating တွေပါရမှာဖြစ်ကြောင်း၊ စက်မှုကြီးကြပ်လိုင်စင်မပါတဲ့ နိုင်ငံတော်က ခွင့်ပြုချက်မပါတဲ့ ဓာတုဆေး၊ ဆီခဲ၊ အနံ့ရောထားတဲ့ဆီကို ရောင်းချပါက ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း၊ စားအုန်းဆီကို Seal Coating ပါတဲ့ ပေပါတွေနဲ့သွင်းရန် ဈေးကြီးပြီးဆီသန့်ဖြစ်တဲ့ Cloud point 6 ကို သွင်းရန်ဆိုတဲ့ အချက်တွေကိုလည်း စားသုံးသူများအတွက် တောင်းဆိုထား ကြောင်း၊ စားအုန်းဆီများကိုလည်း လျှော့သွင်းပေးဖို့ ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆီ စက်ပိုင်ရှင်များအသင်းမှလည်း ပါဝင်ကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းဦးက ပြည်ပမှဝင်လာသမျှ ကုန်ပစ္စည်းများဟာ တရားဝင်လမ်းမှ ဝင်လာတာရှိသလို တရားမဝင် လမ်းမှလည်း ဝင်ရောက်နေတာကြောင့် အရောအနှောတွေပါနေတဲ့အတွက် စားသုံးသူပြည်သူလူထုမှာ မသိလို့စားတယ်၊ မရှိလို့စားတယ်၊ စံချိန်စံညွှန်းမမီတဲ့ ရောနှောပြုလုပ်ရောင်းချကြတဲ့ စားသောက်ကုန်၊ လူသုံးအိမ်သုံး အစရှိတာတွေကို ရွေးချယ်ပိုင်ခွင့်မရှိလို့ စားသောက်သုံးစွဲနေရခြင်းကြောင့် ထိခိုက်နစ်နာမှုတွေ ရှိနေကြောင်း၊ ဥပဒေရေးရာအကြောင်းများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

စက်မှုကြီးကြပ်မှု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေခိုင်ကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နဲ့ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း (CPAM) မှ ခရိုင်တာဝန်ခံ ဦးသူရမင်းထက်စိုးတို့က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူ အသီးသီးက ပြန်လည်ရှင်းလင်းဖြေကြား ပေးခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းအဖွဲ့မှ လုပ်ငန်းရှင်များ၊ စက်မှုကြီးကြပ်မှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်း (CPAM) မှ အဖွဲ့အစည်းများ စုစုပေါင်း ၆၃ဦး တက်ရောက်၍ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရှိရပါတယ်။

**ပပရွှေ (ပခုက္ကူ)**

## ချင်း



### အောင်ပန်းဈေးကွက်မှာ ချင်းအရောင်းအဝယ်အေးနေ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ)တွေက ယခင်တစ်ပတ်ကလောက် အဝင်မရှိပေမယ့် ပုံမှန်ဝင်နေပါတယ်။ ဒီတစ်ပတ်မှာ မိုးများသလို ဝါတွင်းကာလ ပိတ်ရက်များကြောင့် အရောင်းအေးနေတယ်လို့ သိရှိရပါတယ်။

တောင်သူအချို့မှာလည်း ဘုန်းကြီးကျောင်းတက်၊ ဥပုသ်သီလဆောက်တည်မှုတွေလုပ်နေကြတာကြောင့် ဒီတစ်ပတ် အောင်ပန်းသီးနှံဈေးကွက်မှာ ငြိမ်နေပါတယ်။ ဒီတစ်ပတ်မှာ လက်ကြီးသမားတွေထက် ဈေးပတ်သမားများသာ ဝယ်ယူမှုရှိနေပါတယ်။ တစ်ပတ်အတွင်းပိဿာချိန် ၁၅၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ ချင်းပေါက်ဈေးကတော့ (ဥမ) တစ်ပိဿာကို ကျပ် ၃၀၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။

ဟိုပုန်းဈေးကွက်မှာ ဟိုပုံးဒေသအနီးတစ်ဝိုက်မှ ထွက်တဲ့ချင်း(ဥမ) တွေအဝင်ရှိနေပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ရှိနေပါတယ်။ ယခင်တစ်ပတ်က အနည်းငယ်သာအရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာ မိုးများတာကြောင့် ယခင်တစ်ပတ်ကလောက်တော့ အရောင်းအဝယ်မဖြစ်ဘူးလို့ သိရှိရပါတယ်။ ချင်းပေါက်ဈေးကတော့ တစ်ပိဿာကို ကျပ် ၂၅၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။

**စောယုထွေး (တောင်ကြီး)**

### ချင်းတင်ပို့မှုဆက်လက်လျော့

ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း လမ်းမှ ချင်း ၈ ဒသမ ၇၅ တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ် ချင်းတန်ချိန် ၁၁ တန်ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် ၃ တန်ကျော် တင်ပို့မှုလျော့ခဲ့ တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၃၈၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်ပထမပတ်မှ စပြီး ချင်းတင်ပို့မှု ဆက်တိုက်လျော့လာခဲ့တယ်လို့လည်း သိရပါတယ်။ **သီတာဝင်း (DOT)**

## နနွင်း

### ဟိုပုံးနနွင်းဈေးကွက်မှာ ပစ္စည်းလက်ကျန်များနေလို့ ဝယ်လက်ကို ထိုင်စောင့်နေရ

ဒီတစ်ပတ် နနွင်းဈေးကွက် အရောင်းအေးနေသလို ပစ္စည်း အဝင်လည်းနည်းနေပြီလို့ သိရှိရပါတယ်။ ပစ္စည်းအဝင်နည်းသွားပေမယ့် လှောင် လက်တွေက အဝင်လှိုင်ချိန်မှာ ပစ္စည်းတွေဝယ်စုထားကြပြီး အခုချိန်မှာဝယ်လက်မရှိလို့ ကုန်သည်များမှာ ပစ္စည်းရှိပြီး ဝယ်လက်ထိုင်စောင့်နေရတယ်လို့လည်း သိရှိရပါ တယ်။ နနွင်းဈေးကတော့ တစ်ပိဿာကို ကျပ် ၁၃၀၀ မှ ကျပ် ၁၇၀၀ ထိဈေးရှိနေပါတယ်။

ဒီတစ်ပတ်မှာတော့ ချင်းရော နနွင်းပါ အရောင်းအေးနေတယ်လို့ သိရှိရပါတယ်။ ဆင်တောင်နနွင်းကတော့ တစ်ပိဿာကျပ် ၂၆၀၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။ အရောင်းအဝယ်ကတော့ တစ်ပတ်အတွင်း အမှုန့်ကြိတ်သမားလောက်သာ အဝယ်ရှိလို့ ပိဿာချိန်သုံးသောင်းခန့်လောက်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

ဟိုပုံးဈေးကွက်မှာ နနွင်းအဝင်မရှိတော့ဘူးလို့ သိရှိရပါတယ်။ အရောင်းအဝယ်ကတော့ မိုးများတာရယ် ဝယ်လက်ဖြစ်တဲ့ ရခိုင်၊ စစ်တွေဘက်မှာ လမ်းတွေပျက်နေတာကြောင့် အရောင်းအေးနေတယ်လို့ သိရှိရပါတယ်။ နနွင်းပေါက်ဈေးကတော့ တစ်ပိဿာကို ကျပ် ၁၂၀၀ မှ ကျပ် ၁၅၀၀ အထိ ဈေးရှိတယ်လို့ ဟိုပုံးဈေးကွက်မှ သိရှိရပါတယ်။

**စောယုထွေး(တောင်ကြီး)**

### နနွင်းတန်ချိန် ၂၀၀ ကျော်တင်ပို့

ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်သီတင်းပတ်အတွင်း နနွင်း၁၈၀ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယသို့ ၅၃ တန်၊ ဘင်္ဂလားဒေ့ရှ်သို့ ၁၁၂ တန်နဲ့ စင်ကာပူသို့ ၁၅ ဒသမ ၉၉၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ တန်ချိန် ၁၉၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် ၁၉ တန် ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါ တယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ၁၃၉၀၅၆ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ဝါဂွမ်း



### တရုတ်ပြည်သို့ ဝါဂွမ်း ပုံမှန်တင်ပို့

ငွေချည်-၆ ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန် ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံဈေးကွက်သို့ အဓိကတင်ပို့ ရောင်းချလျက်ရှိပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၁၀၅၆၀၀ တန်ဖိုးရှိ ဝါဂွမ်း ၄၈ တန် တင်ပို့ခဲ့ပါတယ်။ ငွေချည် -၆ ဝါကို ၂၀၁၄ ခုနှစ် မတ်လမှ စတင်တင်ပို့ခွင့်ပြုခဲ့ရာ လိုင်စင်ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၂၀၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

### တရုတ်နဲ့ ထိုင်းနိုင်ငံသို့ ကြက်သွန်နီ/ ကြက်သွန်ဖြူတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၄၇၁၇၅၀ တန်ဖိုးရှိ ကြက်သွန်နီတန်ချိန် ၁၈၅၀ နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၆၃၈၇ တန်ဖိုးရှိကြက်သွန်နီတန်ချိန် ၂၀၀ ကျော် တင်ပို့ခဲ့သလို တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၈၀၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန်ချိန် ၁၀၀ ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က မူဆယ်၊မြဝတီနဲ့ တာချီလိတ်မှ ကြက်သွန်နီ တန်ချိန် ၁၂၉၉ တန်နဲ့ တာချီလိတ် စခန်း မှပုံမှန်တင်ပို့နေကျ ကြက်သွန်ဖြူတန်ချိန်၁၂၀ ကို တင်ပို့ခဲ့လို့ ယခုတစ်ပတ်ကြက်သွန်နီတင်ပို့မှုတွင် မူဆယ်မှ ပိုမိုတင်ပို့ လာခဲ့တာတွေ့ရပါတယ်။

မူဆယ် ကုန်စည်ဒိုင်တွင် ဇွန် ၈ ရက်က ကြက်သွန် တစ်တန်ကို ၃၆၉၈၀၀ ကျပ်ရှိရာမှ ဇွန် ၁၅ ရက်နေ့တွင် ၃၆၇၅၀၀ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။ မြဝတီကုန်စည်ဒိုင်မှာတော့ (၂၅ မီလီမီတာ-၃၅ မီလီမီတာ ) တစ်တန်ကို ၃၈၇၅၃၁ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။**မော်မော်အောင်**



### ယင်းမာပင်မြို့နယ် မြို့ကြီးကျေးရွာမှ ကြက်သွန်လှောင်လက်များ တက်ဈေးမျှော်နေ

ယင်းမာပင်မြို့နယ်၊ မြို့ကြီးကျေးရွာမှ ကြက်သွန်လှောင်လက်များဟာ ကြက်သွန်တက်ဈေးကို မျှော်လင့်လျက်ရှိကြောင်း သိရပါတယ်။ ယခုလက်ရှိတွင် မြို့ကြီးကျေးရွာ၌ ကြက်သွန်လက်ကျန်မှာ ပိဿာချိန် နှစ်သိန်းမှ နှစ်သိန်းခွဲအထိ ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

မြို့ကြီးကျေးရွာတွင် ကြက်သွန်နီကို ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်တွင် နုတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ပိဿာချိန်ပေါင်း လေးထောင်မှ ငါးထောင်အထိထွက်ရှိကြောင်း သိရပါတယ်။

ထွက်ရှိတဲ့ ကြက်သွန်နီရဲ့တစ်ဝက်ကို အရင်းရရှိဖို့အတွက် ရောင်းချခဲ့ပြီး ကျန်တစ်ဝက်ကို တက်ဈေးရမှ ရောင်းချမယ်လို့ တောင်သူတစ်ဦးက ပြောပါတယ်။

"အခုလက်ရှိကြက်သွန်ပေါက်ဈေးက တစ်ပိဿာကို ၄၈၀ ကျပ်ပဲရတာပါ။ ဒါကြောင့် လှောင်ထားတဲ့ကြက်သွန်တွေကို တက်ဈေးရမှ ရောင်းမယ်လို့ စဉ်းစားထားပါတယ်။ လှောင်ထားတာက ငါးလလောက်ရှိနေတော့ အထက်အောက် လှန်ပေးပြီး ပုပ်သွားတာလေးတွေကို ရှင်းထုတ်ပေးပါတယ်။ ဈေးကွက်ကတော့ မုံရွာဈေးကွက်ကိုပဲ တင်ပို့မှာပါ"လို့ အဆိုပါကျေးရွာမှ တောင်သူတစ်ဦးက ပြောပါတယ်။

မြို့ကြီးကျေးရွာမှ တောင်သူများသည် မုံရွာမြို့နယ်၊ မြေနဲကျေးရွာမှ မျိုးကြက်သွန်ကို တစ်ပြည်လျှင် ကျပ်ခြောက်သောင်းပေးဝယ်ကာ စိုက်ပျိုးကြရကြောင်း၊ စိုက်ပျိုးခဲ့တဲ့ မျိုးကြက်သွန်နီမှာ ပိတောက်မျိုးဖြစ်ကြောင်း၊ တစ်ဧကစိုက်ပျိုးပါက ကျပ်ငါးသိန်းမှ ခြောက်သိန်းခန့်ကုန်ကျကြောင်း သိရှိရပါတယ်။

**စွမ်းရည် (ယင်းမာပင်)**

### ပြည်ကြက်သွန်နီဈေးကွက်သို့ ကြက်သွန်နီ အများအပြား ဝင်ရောက်လာ

ပြည်ဈေးကွက်၌ ယခုတစ်ပတ် ကြက်သွန်နီ ဝင်ရောက်မှုအနေဖြင့် အဝင် ဆက်လက်များပြားနေတယ်လို့ သိရပါတယ်။ ကျောက်ပန်းတောင်း၊ တောင်တွင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ရေနံချောင်း စသည့်နယ်များမှ တစ်နေ့ကို ပိဿာ ၃၀ ဝင် အိတ် ၅၀၀၊ ၆၀၀ ခန့် ဝင်ရောက်မှုရှိနေကြောင်း သိရပါတယ်။

အရောင်းအဝယ်အားဖြင့် ဒေသတွင်း ဝယ်လက်များ၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ စားသုံးရန်အဖြစ် တင်ပို့မှု အပါအဝင် နေ့စဉ်အိတ် ၃၀၀ ခန့်နှင့် ပုံမှန်ရောင်းဝယ်လျက်ရှိနေပါတယ်။ ဈေးနှုန်းအားဖြင့် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် (ကြီး) ကျပ်၅၅၀၊ (လတ်) ကျပ် ၅၀၀၊ (သေး) ကျပ် ၄၅၀ တို့ဖြစ်ပြီး လက်လီဈေး(ရှယ်သန့်) ကျပ် ၈၀၀၊ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၆၅၀၊ (သေး) ကျပ် ၅၅၀ တို့နှင့် ရောင်းဝယ်လျက်ရှိနေတာ တွေ့ရပါတယ်။

စားသုံးသူများအနေနဲ့ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ဈေးနှုန်းသင့်တင့်တဲ့အတွက် ဝယ်ယူစားသောက်ရသည်မှာ အဆင်ပြေမှုရှိကြောင်း၊ ပွဲရုံလုပ်ငန်းရှင်များမှလည်း မိုးစိုက်ကြက်သွန်နီများ ထွက်ပေါ်တော့မှာဖြစ်သဖြင့် ဈေးကွက်အတွင်း ကြက်သွန်နီလည်ပတ်မှုရှိသွားရင်တော့ ယခုလက်ရှိပုံမှန်ဈေးသာ ရှိမှာဖြစ်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

၂၀၁၅-၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အလိုက် ကြက်သွန်နီဈေးကွက်ရဲ့ ကာလတူဈေးနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပေါ်လျက်ရှိနေတာ တွေ့ရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

| လအမည် | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | |
|---|---|---|---|---|
| | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ဧပြီ | ၃၂၅ | ၄၅၀ | ၃၅၀ | ၄၅၀ |
| မေ | ၄၃၀ | ၅၅၀ | ၄၅၀ | ၆၀၀ |
| ဇွန် | ၅၅၀ | ၆၅၀ | ၅၈၀ | ၇၀၀ |
| ဇူလိုင်(တတိယပတ်) | ၈၅၀ | ၉၅၀ | ၅၀၀ | ၆၅၀ |

Vol: 16, No.27 Monday July 25 2016

# နောင်တရချိန်က လက်ရှိအချိန်ပါပဲ

|armifarmifat; (pm;okb-rauG|

**စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းဆိုတာ ရေတိုလုပ်ငန်းမဟုတ်ပါဘူး။ ကာလတိုအတွင်းမှာ ရည်မှန်းချက်တွေချပြီး နေ့မအား၊ ညမနားလုပ်ရတဲ့ အလုပ်မဟုတ်ပါဘူး။**

လုပ်ငန်းတစ်ခုခု လုပ်တော့မယ်၊ ကိစ္စတစ်ခုခုဖြစ်တော့မယ် ဆိုရင် အတွေ့အကြုံရှိတဲ့သူတွေကသော် လည်းကောင်း၊ တာဝန်ရှိသူတွေကသော် လည်းကောင်း၊ ကြိုတင်သတိပေးစရာရှိတာ သတိပေး၊ တားမြစ်စရာရှိတာ တားမြစ်ခဲ့ပေမယ့် ဖြစ်တော့မယ်လို့ မထင်ရတဲ့ အချိန်မှာ မမျှော်လင့်တာတွေက ဖြစ်ပျက်သွားခဲ့ကြပါတယ်။ အဲဒီအချိန်မှာ နောင်တရလည်း အလကားပါပဲ။ အားလုံးဟာ ပြီးဆုံးသွားခဲ့ပါပြီ။ အဲဒီအချိန်မှာ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရတဲ့အချိန် နောင်တဆိုတာ သတိရရင် ကံအကောင်းဆုံးလို့ ပြောရမှာပါ။ အသက်ပါထိခိုက်ပြီဆိုရင်တော့ နောင်တဟာ ရချိန်မရှိတော့ပါဘူး။ နောက်ဘဝကို ကူးသွားခဲ့ပါပြီ။

နမူနာအချို့ကို တင်ပြရရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ပတ်သက်ပါတယ်။ ယာဉ်တွေကို စည်းနဲ့ကမ်းနဲ့ မောင်းကြပါလို့ အတန်တန် မှာကြားခဲ့ပါတယ်။ သက်ဆိုင်ရာဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေကလည်း ပါးစပ်က အမြှုပ်ထွက်အောင် ပြောပြပါတယ်။ ဒါပေမယ့် လမ်းတွေကလည်းကောင်း၊ ယာဉ်တွေကလည်း နည်းနည်း နင်းလိုက်တာနဲ့ လှစ်ကနဲပြေးတဲ့ယာဉ်တွေများလာတော့ လက်က ငွေကိုင်မိပြီဆိုတာနဲ့ သတိပေးချက်တွေ၊ လိုက်နာရမယ့် အချက်တွေကိုမေ့ပြီး ဝီကနဲ မောင်းထွက်ပြီး ဂျိုင်းကနဲတိုက်ကြ၊ မှောက်ကြ၊ သေကြရတာပါ။

ကားမောင်းရင် ခါးပတ်ပတ်ပါဆိုရင်လည်း မလိုက်နာဘူး၊ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းပါဆိုရင်လည်း အကျင့်မရှိလို့ ဆံပင်အလှပျက်မှာစိုးလို့၊ ရေကြောင်းသွားရင် အသက်ကယ်အင်္ကျီ ဝတ်ထားဖို့ ပြောရင်ပြောတဲ့လူကို ဟားတိုက်ချင်၊ စည်းကမ်းဥပဒေ ထုတ်တဲ့လူတွေက သူတို့ကောင်းကျိုးအတွက် မဟုတ်ပါဘူး၊ အာပေါက်အောင် ကြီးကြပ်လမ်းညွှန် နည်းပြပေးတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေကလည်း သူတို့အကျိုးစီးပွားတစ်ပြားသားမှ မပါကြပါဘူး။

ယာဉ်မောင်းနဲ့ ခရီးသွားများရဲ့ ဘေးအန္တရာယ်၊ အသက်အန္တရာယ်ကို စိုးရိမ်လို့တားမြစ်နေရတာပါ။ ပြည်သူတို့ရဲ့ ကျန်းမာရေး သက်တမ်းစေ့နေထိုင်ရေးတို့နဲ့ ပတ်သက်ရင်လည်း အလားတူပါပဲ။ အခုဆိုရင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေဆိုတာ ၂၀၁၄ ခုနှစ် မတ်လကတည်းက အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာလည်း စားသုံးသူရေးရာဦးစီးဌာနဆိုတာ သီးသန့်ဖွဲ့စည်းပြီး စားသုံးသူများကို အကာအကွယ်ပေးရေး အသိပညာဗဟုသုတများ ဟောပြောပညာပေးရေး၊ စီးပွားရေးလုပ်ငန်းရှင် တင်သွင်းထုတ်လုပ်ဖြန့်ချိတဲ့ ကုန်ပစ္စည်းတွေကို အဘက်ဘက်က ပြည့်စုံကုံလုံရေးတို့ကို တစိုက်မတ်မတ် လုပ်ဆောင်နေပြီဖြစ်ပါတယ်။

ဒီစားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းဟာ ဒီတစ်ဌာနထဲ လုပ်ရတဲ့ လုပ်ငန်းမျိုးမဟုတ်ပါဘူး။ ထွေ/အုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကျန်းမာရေး၊ စည်ပင်သာယာ၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူ/ ကုသရေးစတဲ့ အစိုးရဌာနဆိုင်ရာတွေအပြင် အစိုးရအဖွဲ့မဟုတ်တဲ့ လူမှုရေးအသင်းအဖွဲ့များနဲ့လည်း ပူးပေါင်းဆောင်ရွက်ရပါတယ်။

အဓိကကတော့ ပညာပေးဟောပြောချိန်မှာ လေ့လာမှုများအရ ဘယ်အစားအသောက်မှာ ဘာတွေပါတတ်လို့ မစားသင့်ဘူး၊ သတိထားသင့်တယ်။ ရှောင်ကြဉ်သင့်တယ်လို့ပြောရင် စားသုံးသူဆိုတဲ့ လူထုအားလုံးက လိုက်နာရှောင်ကြဉ်ကြရမှာပါ။ ဒီလိုရှောင်ကြဉ်ရင်းနဲ့ ဝယ်လိုသူမရှိရင် အဲဒီပစ္စည်းဟာ ဈေးကွက်ကနေ အလိုလို ပျောက်ကွယ် သွားပါလိမ့်မယ်။ ဒီထက်ပိုဆိုးလာရင် ဥပဒေအရ အရေးယူမှာပေါ့။

အချို့အချို့သော အိမ်ရှင်မများကလည်း တစ်သက်လုံး အကျင့်ပါလာကြတယ်။ အချိုမှုန့်မကောင်းဘူးပြောလည်း လျှာက အကျင့်ပါနေပြီ၊ ဆားတွေ၊ အငန်တွေ လျှော့စားပါပြောရင်လည်း လေးလေးပင်ပင်ရှိမှတဲ့၊ ဆိုးဆေးတွေ၊ ချွတ်ဆေးတွေ၊ အပျော့စားအဆိပ်တွေ ပါနေပါတယ်လို့ ပြောရင်လည်း ဗိုင်းကနဲ ချက်ချင်းလဲသေတာမတွေ့ရတော့ သိပ်ဂရုမစိုက်လှဘူး၊ ဒါပေမယ့် အထက်မှာ တင်ပြခဲ့သလို နောင်တတွေ ရသင့်နေကြပြီ၊ အဲဒီအချိန်က ဘယ်အချိန်ဖြစ်မလဲ၊ အခု အချိန်ပါပဲ။

ခေတ်ပေါ် ခေတ်မီပစ္စည်းတွေ၊ အိုင်တီပစ္စည်းတွေ၊ မတ်တပ်ရပ်စရာ၊ လမ်းလျှောက်စရာမလိုဘဲ ပြီးပြည့်စုံတဲ့ ပစ္စည်းတွေဟာ ကျွန်တော်တို့ စားသုံးသူတွေရဲ့ အလွယ်လိုက်တဲ့အကျင့်ကို ပိုမိုကြီးထွားစေတယ်။ ကျန်းမာရေးကို သွယ်ဝိုက်ထိခိုက်စေတယ်။ ကျွန်တော်တို့ ငယ်ငယ်က ကလေးတွေအရပ်ထဲမှာ ခုန်ပေါက်ပြေးလွှားကစားခဲ့ကြတယ်။ ခေတ်မီဇိမ်ခံပစ္စည်းဆိုလို့ ရေဒီယိုလောက်ပဲရှိခဲ့တဲ့ အချိန်၊ ဒါတောင် အိမ်စေ့မရှိ၊ လူကုံတန်အိမ်မှာသာရှိတာ၊ အဲဒီတော့ အရပ်ထဲ ကစားကွင်းမှာ၊ ကွင်းကျယ်ကျယ်ရှိတဲ့ အရပ်မှာ ခုန်၊ ပျံ၊ ကျော်လွှားဆော့ကစားခဲ့ကြရတယ်။

ကျန်းမာရေးရှုထောင့်က ကြည့်လိုက်ရင် ကြီးထွားလာရမယ့် အရွယ်မှာ ကိုယ်လက်လှုပ်ရှားမှုများ အချိန်အခါမလပ် ဆော့ကစားပေးမှ ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်တာပေါ့။ ဒါပေမယ့် ယခုခေတ်ကလေးတွေကို ကြည့်လိုက်ရင် ကျောင်းပြီးရင် ကျူရှင်၊ ပြီးရင် ဂိမ်းဆော့၊ ပြီးရင် တီဗွီကြည့်၊ ပြီးရင် ကွန်ပျူတာရိုက်၊ ပြီးရင် ဖုန်းပွတ် အဲဒီလိုနဲ့ပဲ ဘယ်မှာလဲ ကိုယ်လက်လှုပ်ရှားမှု၊ အားကစား။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူတွေကြည့်လိုက်ရင် ဖြူဖတ်ဖြူရော် ရှုနာ၊ ရှိုက်ကုန်း၊ မျက်မှန်ထူထူနဲ့ မှန်ကြောင်တွေ အတော်များများ တွေ့နေရပါတယ်။ ပင်ပင်ပန်းပန်း မလှုပ်ရှားနိုင်၊ အမောအပန်းမခံနိုင်၊ ဉာဏဘက်မှာတော်ချင်တော်မယ်၊ ကာယဘက်ကတော့ ဆယ်စုနှစ် နှစ်စုကျော်ခဲ့ပါပြီ။ ဒါကြောင့် အရှေ့တောင်အာရှပွဲ၊ အာရှပွဲ၊ အားကစားပွဲတွေမှာ နောက်နားကျကျကနေ ဆုတံဆိပ်တွေ ရနေရတာပါ။

ဒါကြောင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဆိုတာ ရေတိုလုပ်ငန်းမဟုတ်ပါဘူး။ ကာလတိုအတွင်းမှာ ရည်မှန်းချက်တွေချပြီး နေ့မအား၊ ညမနား လုပ်ရတဲ့ အလုပ်မဟုတ်ပါဘူး။ ပညာပေးတဲ့အချိန်မှာလည်း လူထောင်ဂဏန်း၊ သိန်းဂဏန်း ဟောပြောပို့ချပြီးပြီဆိုတာထက် သူတို့အိမ်ပြန်လို့ လက်တွေ့လိုက်နာအကောင်အထည်ဖော်မှု ဘယ်လောက်ရှိတယ်ဆိုတာက အဓိကပါ။ သူ တစ်ယောက် သဘောပေါက်ပြီး လိုက်နာရှောင်ကြဉ်နိုင်ရင် သူ့ မိသားစု၊ သူ့ပတ်ဝန်းကျင် အန္တရာယ်ကင်းမယ်၊ ဘေးရှင်းမယ်၊ ကျန်းမာရေးနဲ့ ညီညွတ်သွားမယ်၊ အစာလည်းဆေး၊ ဆေးလည်း အစာထက် အစာထဲမှာ ဘေးဖြစ်တာတွေကို ဖယ်ကြဉ် တတ်လာမယ်။ နောက်ပြီး သူ့ဆွေမျိုးသားချင်း၊ အပေါင်းအသင်းသူငယ်ချင်းတွေဆီ ပျံ့နှံ့သွားမယ်။ တက်ရောက်နားထောင်ခြင်းထက် မှတ်သားလိုက်နာခြင်းက ပိုအရေးကြီးပါတယ်။

ဒါက စားသုံးသူတွေ အချိန်မီရရှိလိုက်တဲ့ နောင်တရဲ့ အကျိုးကျေးဇူးပါ။ ဒီလုပ်ငန်းမှာ အချိန်မီနောင်တမရဘဲ ဆက်မျောသွားရင်တော့ အရက်မကောင်းမှန်းသိရက်နဲ့ စွဲသွားသလို အသက်ကြီးလာတော့ ကျန်းမာရေးချို့ယွင်းပြီး နာတာရှည်ရောဂါကျရောက်ကြရမှာပါ။ ယာဉ်စည်းကမ်းလမ်းစည်းကမ်း မလိုက်နာသူတွေ နောင်တရချိန် မရှိတော့သလို ဗိုင်းကနဲတော့ လဲသေမသွားဘူး၊ တဖြည်းဖြည်းရောဂါဘယတွေ ကပ်ရောက်ပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ မိသားစုတိုးတက်ရေးတွေ ထိခိုက်ပြီး အစစအရာရာ ချွတ်ခြုံကျရပါတယ်။

ဒါကြောင့် နားလည်တတ်ကျွမ်းသူများကဖြစ်စေ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများကဖြစ်စေ၊ ကျွမ်းကျင်ပညာရှင်များကဖြစ်စေ နည်းပေါင်းစုံနဲ့ ကိုယ့်အကျိုးအတွက် တားမြစ်၊ လမ်းညွှန်ပြောပြလာပြီဆိုရင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းဖြစ်စေ၊ စားသုံးသူ အကာအကွယ်ပေးရေးဖြစ်စေ အမြန်ဆုံးနောင်တရကြပါ၊ ဘယ်အချိန်မှာ နောင်တရကြမလဲလို့မေးရင် လက်ရှိအခုအချိန်ပါပဲလို့ ပြောပါရစေ။

## မလေးရှားနိုင်ငံရှိ မလေးရှားလေကြောင်းကော်မရှင်မှ လေကြောင်းခရီးသည်များအတွက် Consumer Protection Code ကို စတင်သတ်မှတ်ပြဋ္ဌာန်း

မလေးရှား လေကြောင်းကော်မရှင် (Malaysian Aviation Commission -MAVCOM) မှ မလေးရှားနိုင်ငံရှိစားသုံးသူများ၏အခွင့်အလမ်းကို အကာအကွယ်ပေးနိုင်ရန် ၂၀၁၆ ခုနှစ် မလေးရှား လေကြောင်း သုံးစွဲသူကာကွယ်ရေးဥပဒေ (Malaysia Aviation Consumer Protection Code 2016 ) ကို စတင်သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါဥပဒေသည် (Montreal Convention 1999) နှင့် International Civil Aviation Organisation (ICAO) Core Principles on Consumer Protection တို့ကို မှီငြမ်းရေးဆွဲထားခြင်းဖြစ်ပါသည်။ MAVCOM သည် ၂၀၁၅ ခုနှစ် မလေးရှားလေကြောင်းကော်မရှင်အက်ဥပဒေ (Malaysian Aviation Commission Act 2015) အရ ဖွဲ့စည်းထားသည့် သီးခြားအဖွဲ့အစည်းဖြစ်ပြီး မလေးရှားနိုင်ငံရှိ ပြည်သူ့လေကြောင်းလုပ်ငန်းဆိုင်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များအား စည်းမျဉ်းဖြင့် ထိန်းညှိပေးလျက်ရှိပါသည်။

အဆိုပါအဖွဲ့အစည်းသည် စားသုံးသူကာကွယ်ရေးဆိုင်ရာ တာဝန်များဖြစ်သည့် လေကြောင်းလိုင်းများနှင့် မြေပြင်လုပ်ငန်းတာဝန် ထမ်းဆောင်သူများအတွက် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရာ လိုင်စင်ပေးခြင်း၊ လေဆိပ်အခကြေးငွေများ ကောက်ခံခြင်းနှင့် လေကြောင်းခရီးသွားလာမှုဆိုင်ရာ အခွင့်အလမ်းများ ခွဲဝေသတ်မှတ်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

MAVCOM မှ စားသုံးသူရေးရာ ညွှန်ကြားရေးမှူးဖြစ်သူ Pushpalatha Subramaniam က မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲ၌ အဆိုပါကျင့်ဝတ်အရ ၂၀၁၅ ခုနှစ် မလေးရှားလေကြောင်းကော်မရှင် အက်ဥပဒေအောက်တွင် စားသုံးသူ များ၏ အခွင့်အရေးကို ရှင်းလင်းစွာသတ်မှတ်ထားပြီး အကာ အကွယ်ပေးအပ်ထားကြောင်း၊ လေကြောင်းလိုင်း၊ လေဆိပ် များနှင့် အခြားလေကြောင်းလုပ်ငန်းဝန် ဆောင်မှု ပေးအပ်သူများနှင့် စပ်လျဉ်းသည့် စားသုံးသူအခွင့်အလမ်းများကို အကာအကွယ်ပေးအပ်ထားကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၆ ခုနှစ် မလေးရှားလေကြောင်းသုံးစွဲသူကာကွယ်ရေးဥပဒေအရ လေကြောင်းလုပ်ငန်းများတွင် ပွင့်လင်း မြင်သာမှုကိုဖြစ်ထွန်းစေပြီး လေကြောင်းလိုင်းများမှ လေယာဉ်လက်မှတ်အကြောင်းကို ထုတ်ဖော်ပြောဆိုခြင်းကိစ္စ အပါအဝင် လေယာဉ်နှင့် လိုက်ပါစီးနင်းနိုင်ခြင်းမရှိသည့် ကိစ္စ၊ လေကြောင်းခရီးစဉ်ကို ပယ်ဖျက်သည့်ကိစ္စနှင့် ဝန်စည်စလယ်များ ပျောက်ဆုံးမှု၊ ပျက်စီးမှုနှင့် နှောင့်နှေးကြန့်ကြာမှုကိစ္စတို့နှင့်စပ်လျဉ်း၍ ရရှိနိုင်သည့် လေကြောင်းခရီးသည် ဆိုင်ရာ ရပိုင်ခွင့်များကို ပြဋ္ဌာန်းထားပါသည်။

၂၀၁၆ ခုနှစ် မလေးရှားလေကြောင်းသုံးစွဲသူ ကာကွယ်ရေးဥပဒေအရ တိုင်ကြားမှုများကို ပထမဦးစွာ လေကြောင်းလိုင်းများနှင့် လေဆိပ်များက ရက်ပေါင်း ၃၀အတွင်း ဖြေရှင်းပေးရမည်ဖြစ်ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**
**Source: http://www.nst.com.my**

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဒီဇယ်၊ ဓာတ်ဆီ အဝင်ပို

ဇူလိုင် ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၁၁၃၀၂၀၈၇ တန်ဖိုးရှိ ဒီဇယ် ၂၁၇ ဒသမ ၈၀ တန်နဲ့ ကန်ဒေါ်လာ ၁၅၆၅၅၈၅၃ တန်ဖိုးရှိ ဓာတ်ဆီ ၃၁၈ဒသမ ၆၁၃တန်၊ စုစုပေါင်း ၅၃၆ ဒသမ ၄၁၃ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဓာတ်ဆီ၊ 92၊ 95၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီအဝင်မှာ ၈၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၃၀ ကျော် အဝင်ပိုခဲ့သလို ယခင်တစ်ပတ်ဒီဇယ်အဝင်မှာ တန်ချိန်၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် ၉၅ တန်ကျော်ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ ၂၂၃၅၄ တန်ဖိုးရှိ ဓာတ်ဆီ တန် ၄၀နဲ့ ကန်ဒေါ်လာ၁၆၄၁၂တန်ဖိုးရှိ ဒီဇယ်၄၇တန်တင်သွင်းခဲ့သလို တာချီလိတ်စခန်းမှ ကန်ဒေါ်လာ၁၀၄၄၉၈တန်ဖိုးရှိ ဒီဇယ် ၂၄၃တန်နဲ့ ကန်ဒေါ်လာ ၁၀၄၄၉၈ တန်ဖိုးရှိ ဓာတ်ဆီ ၂၂၅တန် တင်သွင်းခဲ့ပြီး မြိတ်စခန်းမှ ကန်ဒေါ်လာ ၄၁၃၀၄ တန်ဖိုးရှိ ဓာတ်ဆီ ၇၈ တန်နဲ့ ကန်ဒေါ်လာ ၁၇၀၁၉၉ တန်ဖိုးရှိ ဒီဇယ် ၄၀၆ တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ် ဈေးများက တောင်ကြီး၊မော်လမြိုင်နဲ့ ရန်ကုန်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ ၊ဒီဇယ်ဈေးအနည်းငယ် ကျလာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)၊ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာပြီး အောက်တိန်း (95)မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံး ဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၅၆၀ ကျပ်၊ အောက်တိန်း (92) ၅၆၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၉၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။ ဇူလိုင် ၁၈ ရက် ဒီဇယ်ဝယ်ဈေး ၁၀၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၉၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ၂၁ ရက်မှစပြီး ဝယ်ဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့ပြီး ရောင်း ဈေးက ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် အတက်အကျ ၁၀၀၀ ကျပ်ဝန်းကျင်သာရှိခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ ဇူလိုင် ၁၈ ရက်တွင် ဝယ်ဈေး ၁၂၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးက ယခင်တစ်ပတ် ဈေးနဲ့ယှဉ်ရင် ဝယ်ဈေး၂၀၀၀ ကျပ်၊ရောင်းဈေး ၁၀၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၆၇၀ ကျပ်၊ ဒီဇယ် ၆၀၀ ကျပ်၊ အဆင့် မြင့် ဒီဇယ် ၆၄၅ကျပ်၊ အောက်တိန်း (92) ၆၄၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇူလိုင် ၁၈ ရက် ဒီဇယ်ဝယ်ဈေး ၁၁၁၀၀၀ ကျပ်၊ရောင်းဈေး ၁၁၄၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ် ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီ ဈေးမှာ ဇူလိုင် ၁၈ ရက်တွင် ဝယ်ဈေး ၁၂၈၀၀၀ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရ ပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီဈေးငြိမ်နေပေမယ့် ဒီဇယ် ၁၀၀၀ ကျပ်ဝန်းကျင် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ် ဂါလန်ဈေးမှာ ဒီဇယ် ၂၇၀၀ ကျပ်၊ ဓာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ် လို့ သိရပါတယ်။

မကွေးဈေးကွက်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ ၊ဒီဇယ်နဲ့ အောက် တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေ တဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၀၀ ကျပ် နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၈၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိ ရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများဆက်လက်မြင့်တက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ယခုလဆန်းပိုင်းကတည်းက မြင့်တက်ခဲ့ သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်လျက် ရှိသည်။

ဗြိတိန်၏ ဘရက်ဇစ်ဂယက်ငြိမ်သက်သွားပြီးနောက် နိုင်ငံတကာတွင် အမေ ရိကန်ဒေါ်လာနှင့် လဲလှယ်နှုန်းများ မြင့်တက်ခဲ့သဖြင့် ပြည်တွင်း၌ ငွေလဲနှုန်းများ လည်း မြင့်တက်ခဲ့ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အဖွင့်ဈေးနှင့် ယခုတစ်ပတ်တွင်စဖွင့်ခဲ့သည့် အဖွင့်ဈေးမှာ ရှစ်ကျပ်ခန့်ကွာဟခဲ့သည်ဟုဆိုသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က ရောင်းဈေး ၁၁၇၅ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ ရောင်း ဈေး ၁၁၈၃ ကျပ်ဖြင့်ဈေးဖွင့်ခဲ့ကြောင်း သိရသည်။

"ဈေးမြင့်တက်လာတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်က နည်းနည်း ပြန်ပြီးလှုပ်လာတယ်။ အရင်ရက်တွေတုန်းကတော့ အရောင်းအဝယ်က အေးပေ မယ့် အခုလို ဈေးနည်းနည်းလှုပ်လာသလို ကုန်သည်တွေဘက်ကလည်း အဝယ် လိုက်လာတဲ့အတွက် ဈေးကွက်ပြန်ရှင်သန်လာတယ်လို့ထင်တယ်"ဟု ဈေးကွက် အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဇူလိုင် ၁၈ ရက်က ရောင်းဈေး ၁၁၈၃ ကျပ်၊ ဝယ်ဈေး ၁၁၈၀ ကျပ်ရှိခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် ရောင်းဈေး ၁၁၉၀ ကျပ်၊ ဝယ် ဈေး ၁၁၈၆ ကျပ်ရှိခဲ့သည်။ ဇူလိုင် ၂၂ ရက်တွင်မူ ရောင်းဈေး ၁၁၈၇ ကျပ်၊ ဝယ် ဈေး ၁၁၈၃ ကျပ်သို့ အနည်းငယ်ဈေးပြန်လည်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး အနည်းငယ်ပြန်လည်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဈေးအနည်းငယ် ကျဆင်းခဲ့သည့်ပြည်တွင်း ရွှေဈေးများသည် ယခုတစ်ပတ်တွင် အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရ သည်။ ကမ္ဘာ့ရွှေဈေးသည် အတက်အကျများရှိနေခဲ့သော်လည်း ပြည်တွင်းရွှေဈေး မှာမူ တစ်နေ့လျှင် အနည်းငယ်စီမြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရ သည်။

ပြည်တွင်းရွှေဈေးမြင့်တက်မှုကြောင့် ဈေးကွက်အတွင်း၌ အရောင်းအဝယ် များတန့်သွားခဲ့ကြောင်း၊ ဝယ်ရောင်းလုပ်နေသူများသည်လည်း ဈေးစတင်တက်စဉ် ကတည်းက ပြန်လည်ရောင်းချခဲ့သဖြင့် ယခုကဲ့သို့ အမြင့်ဆုံးဈေးဖြစ်သည့် ကျပ် ၈၄၀၀၀၀ အထိရောက်ရှိချိန်တွင် ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်မည့်သူများ နည်းပါးနေရခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်း ရွှေဈေးမြင့်တက်နေတာကတော့ ကမ္ဘာ့ရွှေဈေးမြင့်တက်လာလို့ ပါ။ ရွှေဈေးမြင့်တက်နေတော့ဈေးကွက်ထဲမှာ ဝယ်ရောင်းသမားတွေ တော်တော် လေးကို နည်းသွားတယ်။ ဈေးအမြင့်တုန်းက ရောင်းထားတဲ့သူတွေ များနေတော့ အခုလို ဈေးအမြင့်ဆုံးကိုရောက်နေတဲ့အချိန်မှာ တော်တော်လေးကို နည်းသွား တယ်။ ရွှေဈေးက ဒီထက်တော့ မြင့်တက်ဖို့မရှိနိုင်ပါဘူး။ ဒါပေမယ့် ပြည်တွင်းက အခြေအနေကိုကြည့်ရဦးမယ့်သဘော ရှိတယ်။ နေပြည်တော်မှာလုပ်ခဲ့တဲ့ ရွှေ၊ ရွှေနဲ့လုပ်တဲ့ လက်ဝတ်ရတနာတွေ တင်ပို့တင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း တွေထွက်လာမယ်လို့ သိရတယ်။ အဲဒါတွေ ထွက်လာမယ်ဆိုရင်တော့ ပြည်တွင်း ရွှေဈေးကွက်က အပြောင်းအလဲဖြစ်လာနိုင်တယ်"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆို သည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၈၃၃၅၀၀ရှိခဲ့သော် လည်း ဇူလိုင် ၂၀ ရက်တွင် ကျပ် ၈၃၄၀၀၀ ရှိခဲ့သည်။ ဇူလိုင် ၂၂ ရက်တွင် ကျပ် ၈၃၈၀၀၀ သို့ထပ်မံမြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဇူလိုင် ၁၈ ရက်က ၁၃၃၀ ရှိခဲ့ပြီး ဇူလိုင် ၂၂ ရက်တွင် ၁၃၃၂ ကျပ်သာရှိခဲ့သည်။ **မယ်သီတာ**

## ရှယ်ယာဈေးကွက်တွင် ဈေးအတက်အကျအနည်းငယ်သာရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်း ရှယ်ယာဈေးကွက်တွင် ဈေးအတက် အကျအနည်းငယ်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသော်လည်း အရောင်းအဝယ် ဖြစ်မှုပမာဏမှာ အနည်းငယ်သာ ရှိခဲ့ ကြောင်း သိရသည်။

FMI ရှယ်ယာဈေးများသာမက MTSH ရှယ်ယာဈေးနှုန်းများလည်း အတက်အကျ ကျပ် ငါးရာခန့်သာရှိ ကြောင်း သိရသည်။

ရောင်းလိုသူများမှာလည်း ငွေလို ၍ ပြန်လည်ရောင်းချသူများသာရှိနေ ပြီး ရှယ်ယာများကို လက်ဝယ်ကိုင်ထား သူများသာ များပြားနေသည်ဟု FMI အစုရှယ်ယာကိုင်ဆောင်ထားသူတစ်ဦး က ဆိုသည်။

FMI ရှယ်ယာသည် ဈေးစ ဖွင့် သည့်အချိန်က ကျပ် ၂၁၀၀၀ ရှိခဲ့ ပြီး ဈေးပိတ်သည့် ဇူလိုင် ၂၂ရက်တွင် ကျပ် ၂၀၀၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

MTSH ရှယ်ယာများသည် ဈေး စဖွင့်သည့် အချိန်က ကျပ် ၅၀၀၀၀ ရှိ ခဲ့ပြီး ဈေးပိတ်သည့် ရက်တွင်လည်း အဆိုပါဈေးအတိုင်းသာရှိခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

July 22, 2016

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.34 |
| BDT Bangladesh Taka | 78.34 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.67 |
| EUR Euro | 0.91 |
| H KDHong Kong Dollars | 7.76 |
| I NR India Rupees | 67.14 |
| I DR Indonesia Rupiahs | 13107.85 |
| JPY Japan Yen | 106.05 |
| MYR Malaysia | 4.06 |
| PKR Pakistan Rupees | 104.83 |
| PHP Philippines Pesos | 47.09 |
| RUB Russia Rubles | 64.54 |
| SGD Singapore Dollars | 1.26 |
| KRW South Korea Won | 1135.04 |
| LKR Sri Lanka Rupe | 145.95 |
| THB Thailand Baht | 34.91 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 22301.49 |

*Source : xe.com*

## World Gold Price

July, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 18 | 1322 | 1324 | 1327 |
| 19 | 1328 | 1330 | 1330 |
| 20 | 1327 | 1325 | 1327 |
| 21 | 1314 | 1314 | 1314 |
| 22 | 1321 | 1321 | 1323 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 18 -7- 2016 | 833.50 | 833.50 |
| 19 -7- 2016 | - | - |
| 20 -7-2016 | 836.50 | 836.30 |
| 21 - 7- 2016 | 835.50 | 835.50 |
| 22 -7- 2016 | 839.00 | 838.80 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇူလိုင်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 18 | 6 .70 | 34.97 | 78.21 | 67.07 |
| 19 | 6. 69 | 35.02 | 78.40 | 67.18 |
| 20 | 6 69 | 35.04 | 78.74 | 67.21 |
| 21 | 6 .67 | 35.03 | 78.74 | 67.20 |
| 22 | 6.67 | 34.91 | 78.34 | 67.14 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 18 - July | 19.85 | 2236.42 | 1676.65 | 4935.17 | 1084.00 |
| 19 - July | 19.87 | 2333.86 | 1662.75 | 4998.37 | 1087.00 |
| 20 - July | 19.75 | 2275.39 | 1653.57 | 5004.38 | 1082.00 |
| 21 - July | 19.33 | 2279.87 | 1643.26 | 5036.64 | 1081.00 |
| 22 - July | 19.62 | 2278.30 | 1611.90 | 4995.65 | 1094.00 |

Source:kitco.com

## Energy NYMEX

22-7-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.47 | -0.28 | -0.63 |
| Brent Crude Futr (USD/bbl) | 46.08 | -0.12 | -0.26 |
| Gasoline Rbob Fut (Cent/gal) | 135.07 | -0.43 | -0.32 |
| Natural Gas Futr (USD/MMBtu) | 2.68 | -0.01 | -0.37 |
| Heating Oil Futr (Cent/gal) | 137.01 | -0.06 | -0.04 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ၄၀၀၀၀ နီးပါးသာဝင်



ဇူလိုင် ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၉၉၆၇၆၂တန်ဖိုးရှိဘိလပ်မြေ ၃၅၈၈၂ ဒသမ ၈၅၄ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၄ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၅၈၇၈ ဒသမ ၈၅၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ တံဆိပ် များမှာ စိန်၊ ဆင်နဲ့ အင်စီးတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၃၉၄၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၃၅၃၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### ဘိလပ်မြေဈေးကွက် ဈေးငြိမ်အရောင်းအဝယ်အေး

ဇူလိုင် ၁၀ရက်မှ ၁၆ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၅၈၈၂ တန်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၃၉၄၁၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၅၃၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၈၅၁၇ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၃၃၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၈၁၀ ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ ရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်အေးပြီး ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ စိန်ဘိလပ်မြေက အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေး ကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်၅၂၅၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၈၅၀ ကျပ်နဲ့ စိန်(ထိုင်း) ၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ပြည်တွင်းဖြစ် ဘိလပ်မြေများနဲ့ ထိုင်းဘိလပ်မြေများက ဈေးအေးနေသလို အရောင်းအဝယ်လည်း အေးနေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်၇၅၀၀ ကျပ်၊ ဆင် ၇၅၀၀ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၉၀၀ကျပ်၊ ကမ္ဘောဇ ၄၈၀၀ ကျပ်၊ နဂါး ၅၂၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှာရှိတဲ့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ အရောင်းအဝယ်ရှိသလို ဘိလပ်မြေဈေးက အတက်အကျ နည်းနည်းရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အေသုံးလုံးက ၁၀၀ ကျပ်၊ ဆင်က ၅၀၀ ကျပ်၊ စိန်က ၄၀၀ ကျပ်ဈေးကျခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၄၉၀၀ ကျပ်၊ မြန်မာဆင် ၄၆၀၀ ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၅၀၀ ကျပ်၊ ကျားခေါင်း၄၅၀၀ကျပ်၊မြင်းခေါင်း ၄၅၀၀ကျပ်၊ ဆင်(ထိုင်း) ၆၈၀၀ ကျပ်၊ စိန်(ထိုင်း) ၆၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## စာတ်မြေသြဇာ

### မြေဆီ ဆက်တိုက်ဝင်အားကောင်း

ဇူလိုင် ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၅၉၈၀၅၀ တန်ဖိုးရှိ မြေဆီ ၁၄၄၈၄ ဒသမ ၃၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကနေဒါမှ တန်ချိန် ၄၈၀၀၊ တရုတ်မှ၆၁၃၅ တန်၊ ရုရှားမှ တန်ချိန် ၇၀၀၊ ထိုင်းနိုင်ငံမှ ၂၆၄၉ ဒသမ ၃၁ တန်နဲ့ ဗီယက်နမ် မှ တန်ချိန် ၂၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်ဆီယမ်၊ ယူရီးယား၊ ကွန်ပေါင်း၊ နိုက်တြိုဂျင်နဲ့ ဩဂဲနစ် စတဲ့ အမျိုးအစားများ ဖြစ်ပါတယ်။

ဒီတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းပြီး ကနေဒါနိုင်ငံမှ ဒုတိယအများဆုံး ဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေဆီတင်သွင်းမှုမှာ တန်ချိန် ၁၅၇၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၂၅၀ ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေး

ဇူလိုင် ၁၀ ရက်မှ ၁၆ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ၁၄၄၈၄တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၁၅၇၃၅ တန် ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၁၂၅၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာအဝင်မှာ ၂၄၄၅၈ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၃၇၄၆၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရောနယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်၊ မကွေးနဲ့ တောင်ကြီးမှာ ဈေးနည်းနည်းကျလာတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ်မှာ အရောင်းအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေး ကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၅၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၂၉၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၁၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအေးသလို မြေသြဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)(ပန်းဖူး-တရုတ်)(ရွှေတောင်) ၂၀၀၀၀ ကျပ်၊ တီစူပါ၂၀%(တရုတ်)၁၂၆၀၀ ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်)၃၇၅၀၀ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်) ၁၅၂၀၀ကျပ်၊ ဓာတ်ဆား(တရုတ်) ၁၅၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား (ယူအေအီး)၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၀၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေသြဇာများက ဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ မြားကမ္ဘာ၁၂း၁၃ နဲ့ ဆင် ၁၀း၁၀း၅ က ၆၀၀ ကျပ်၊ အာမို၁၅ ပတ်လည်က ၁၅၀၀ ကျပ်၊ အာမို၁၆း၁၆း၈ က ၅၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး)က ၆၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်)က ၉၀၀ ကျပ်၊ တီစူပါက ၁၇၀၀ ကျပ်နဲ့ တောင်သူမက ၈၀၀ ကျပ် ဈေး ကျလာခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ ၁၅၈၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၃၀၀ ကျပ်၊ သီးစုံ (ဝါစိမ်းပြာ) ၁၅၂၀၀ ကျပ်၊ အာမို ၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈က ၃၅၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်)၁၉၂၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၉၀၀ ကျပ်၊ ယူရီးယား ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၁၈၀၀၀ ကျပ်၊ တီစူပါ ၂၀၅၀၀ ကျပ်နဲ့ တောင်သူမ ၁၅၀၀၀ ကျပ်၊ ဇာမဏီ ၁၇၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာ အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၄၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၁၉၀၀၀ ကျပ်၊ တီစူပါ(၄၆%-တရုတ်)၁၉၃၀၀ ကျပ်၊ မြားသီးစုံ ၁၃၈၀၀ ကျပ်၊ ပန်းသီးစုံ ၁၄၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ အဝင်လျော့ခဲ့ပေမယ့် နို့မှုန့်အဝင်ပို

ဇူလိုင် ၁၀ရက်မှ ၁၆ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ၁၁၀၄၀၃ တန်ဖိုးရှိ နို့ဆီ ၈၇ဒသမ ၅၅၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီတစ်မျိုးသာ ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၅၉၀ ကျော်အထိ ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် နို့ဆီအဝင်တော်တော်လေး လျော့နည်းခဲ့တာ တွေ့ရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၁၀၂ ဒသမ ၂၅၂ တန်၊ မလေးရှားမှ ၄၇ ဒသမ ၉၄၆ တန်၊ ဖိလစ်ပိုင်မှ ၄ ဒသမ ၆၀၈တန်၊ အင်ဒိုနီးရှားမှ သုည ဒသမ ၄၈ တန်နဲ့ ထိုင်းမှ ၃၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၉၀ ကျော်ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၇ မှ ၁၅/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၇ မှ ၈/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၅၉.၈၅ | ၉၀၁.၀၀ | (-) | ၄၄၁.၁၅ |
| ၂။ | လွယ်ဂျယ် | ၄၂၀.၀၀ | ၅၉၅.၀၀ | (-) | ၁၇၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၂၉၉.၀၀ | ၂၂၅၇.၀၀ | (-) | ၉၅၈.၀၀ |
| ၅။ | တာချီလိတ် | - | ၂၀၀၀.၀၀ | (-) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | ၂၅၃.၉၄ | ၆၀၂.၈၄ | (-) | ၃၄၈.၉၀ |
| ၇။ | ကော့သောင်း | ၅၈၅၀.၀၀ | ၃၈၇၅.၈၀ | (+) | ၁၉၇၅.၀၀ |
| ၈။ | မြိတ် | ၂၃၅.၀၀ | ၃၁၀၀.၀၀ | (-) | ၂၈၆၅.၀၀ |
| | စုစုပေါင်း | ၈၅၁၇.၇၉ | ၁၃၃၃၀.၈၄ | (-) | ၄၈၁၃.၀၅ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၇ မှ ၁၅/၇ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၇ မှ ၈/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၇၇၅.၈၅၀ | ၂၇၈၉၇.၂၅၀ | (-) | ၉၁၂၁.၄၀၀ |
| ၂။ | လွယ်ဂျယ် | ၄၃၀.၂၀၀ | ၈၃၃.၅၀၀ | (-) | ၄၀၃.၃၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၉၅၅.၂၅၀ | ၃၈၂၉.၈၀၀ | (+) | ၁၂၅.၄၅၀ |
| ၄။ | ကန်ပိုက်တီး | - | - | | |
| ၅။ | မြဝတီ | ၅၆၂.၅၇၀ | ၁၀၅၉.၁၀၀ | (-) | ၄၉၆.၅၃၀ |
| ၆။ | ကော့သောင်း | ၆၀.၀၀၀ | ၃၀၉၅.၀၀၀ | (-) | ၃၀၃၅.၀၀၀ |
| ၇။ | မြိတ် | ၁၇၅.၀၀၀ | ၁၅၀.၀၀၀ | (+) | ၂၅.၀၀၀ |
| ၈။ | ရိဒ် | ၅၀၀.၀၀၀ | ၆၀၀.၀၀၀ | (-) | ၁၀၀.၀၀၀ |
| | စုစုပေါင်း | ၂၄၄၅၈.၈၇ | ၃၇၄၆၄.၆၅ | (-) | ၁၃၀၀၅.၇၈ |

ခင်မိုးသူ

## နှမ်း/မြေပဲ

# ပြည်ဈေးကွက်မှာ မြေပဲဆီဆန် ဈေးပုံမှန်ဖြစ်သော်လည်း လုံးဆန်ဈေးမြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးက ယခင်တစ်ပတ်အတိုင်းငြိမ်နေပြီး လုံးဆန်ဈေးမှာ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်မြင့်တက်လာတာတွေ့ရပါတယ်။

မြေပဲဆန်အသစ်များ မပေါ်သေးဘဲ ရခိုင်နဲ့ မင်းတုန်းဘက်မှ အဟောင်းလက်ကျန်များ ပြည်ဈေးကွက်သို့ တစ်နေ့လျှင် အိတ် ၅၀၀ ခန့်ဝင်ရောက်လာသဖြင့် အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်များက ဆီဆန်နဲ့ လုံးဆန်ကို ဝယ်ယူနေသဖြင့် လုံးဆန်ဈေးမှာ ယခင်တစ်ပတ်ထက်စာလျှင် ၁၀၀ ကျပ် ဈေးမြင့်လာတာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ လုံးဆန်တစ်ပိဿာလျှင် ၂၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဈေးမှာ ယခုတစ်ပတ်တစ်ပိဿာလျှင် ၄၈၀၀ ကျပ်ဈေးဖြင့် ယခင်တစ်ပတ်နဲ့နှိုင်းယှဉ်လျှင် တစ်ပိဿာ ၄၀၀ ကျပ်ဈေးကျလာတာတွေ့ရပါတယ်။ **ဝေဝေမင်း**

# ချင်းရွှေဟော်ရော မြဝတီပါ နှမ်းပိုမိုတင်ပို့

ဇူလိုင် ဒုတိယပတ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ ကုန်သွယ်ရေးဇုန်များဖြစ်ကြတဲ့ ချင်းရွှေဟော်နဲ့ မြဝတီတို့မှ နှမ်းတင်ပို့မှု ပိုမိုခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးစခန်းမှ မေလမှစ၍နှမ်းတင်ပို့မှုမရှိတာကို တွေ့ရပါတယ်။

စခန်းအလိုက် တင်ပို့မှုကိုကြည့်ပါက မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၀၃ သန်းတန်ဖိုးရှိ နှမ်းဖြူ ၉၂၄ တန်ကျော် နဲ့နှမ်းနက် ၆၀၉ တန်ကျော်ကိုလည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၆၅၃၆ တန်ဖိုးရှိ နှမ်းနက် ၃၁ တန်ကျော်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းဖြူ/နှမ်းနက် ၁၃၅၃ တန်ခွဲနဲ့မြဝတီမှ နှမ်းနက် ၅ တန်ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် နှမ်းတင်ပို့မှုမှာ ချင်းရွှေဟော်ရော မြဝတီပါ ပိုမိုလာတာတွေ့ရပါတယ်။

နှမ်းတင်ပို့မှု မရှိပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၈ ရက်က နှမ်းဖြူတစ်တန် ၁၁၉၉၅၆၉ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၂၃၄၉၄၄ ကျပ်ရှိရာမှ ဇူလိုင် ၁၅ ရက်မှာတော့ နှမ်းဖြူဈေး ၁၂၁၅၂၉၇ ကျပ်နဲ့ နှမ်းနက်ဈေး ၂၂၆၄၂၄၈ ကျပ်သို့ ဈေးပြန်လည်မြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# ပြည်နှမ်းဈေးကွက်အရောင်းအဝယ်အေးပေမယ့် ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်နှမ်းဈေးကွက်တွင် နှမ်းလက်ကျန်များနည်းလာတာကြောင့် အရောင်းအဝယ်မဖြစ်သော်လည်း ဈေးအနည်းငယ်တက်လာတာ တွေ့ရပါတယ်။ ဆီစက်များအနေနဲ့လည်း မိမိတို့လက်ကျန်နှမ်းများကိုသာ ဆီကြိတ်နေသလို မိုးတွင်းဖြစ်လို့ ဝယ်လက်များ အရောင်းအဝယ်ပါးလာပေမယ့်လည်း ဈေးအနည်းငယ်တက်လာတာ တွေ့ရပါတယ်။

ယခုနှစ် မိုးရာသီအစမှာပင် မိုးရွာသွန်းမှုများကြောင့် နှမ်းခင်းများ ပျက်စီးသဖြင့် အထွက်နည်းနိုင်မယ်လို့ သိရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ၂၆၆၀၀ ကျပ်၊ရိုးရိုးနှမ်းနက် တစ်တင်းလျှင် ၃၃၀၀၀ကျပ်၊ စမုံနက်နှမ်း တစ်တင်းလျှင် ၄၈၃၀၀ ကျပ်ဈေးဖြင့် ယခင်တစ်ပတ်ဈေးထက် အနည်းငယ်ပိုလာတာတွေ့ရပါတယ်။

နှမ်းဈေး အနည်းငယ်မြင့်ပေမယ့် ဆီဈေးကတော့ ယခင်တစ်ပတ်ကအတိုင်း နှမ်းဦးရည်ဆီတစ်ပိဿာကို ၄၆၀၀ ကျပ်နဲ့ နှမ်းဆီ(ရိုးရိုး) တစ်ပိဿာကို ၄၄၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

## စားအုန်းဆီ

# မလေးရှားစားအုန်းဆီဈေး ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

မလေးရှားငွေကြေးရင်းဂစ်တန်ဖိုး ထပ်မံကျဆင်းဦးမယ့် အလားအလာတွေရှိနေချိန်မှာ စားအုန်းဆီ ဝယ်လိုအားတွေ တိုးတက်ကောင်းမွန်လာတဲ့အတွက် ဇူလိုင် ၂၁ ရက်မှာ မလေးရှား စားအုန်းဆီ ကြိုရောင်းဈေးက ဆက်လက်မြင့်တက်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာ မလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ စားအုန်းဆီရဲ့ အခြေခံစံထားဈေးနှုန်းက နံနက်ပိုင်းမှာ တစ်တန်ကို ၂၃၅၄ ရင်းဂစ်အထိရောက်ရှိကာ ရက်သတ္တနှစ်ပတ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီးနောက် တစ်တန်ကို ၂၃၄၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၈၃) သို့ရောက်ရှိခဲ့တဲ့အတွက် ၁ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က စားအုန်းဆီဈေးက ၁၀လအတွင်း အနိမ့်ဆုံးနှုန်းအထိ ကျဆင်းခဲ့ပြီးနောက် ဆက်တိုက်ပြန်လည်မြင့်တက်ခဲ့တာဖြစ်ပါတယ်။

"ရင်းဂစ်တန်ဖိုး ဆက်လက်ကျဆင်းဦးမယ့် အလားအလာနဲ့ အဓိကဝယ်လက်ကြီးတွေ ဈေးကွက်ထဲပြန်လည် ဝင်ရောက်လာတဲ့အတွက် ဝယ်သူများက လက်ငင်းရော ကြိုရောင်းကြိုဝယ်ဈေးကွက်များမှာပါ ဝယ်ယူဖို့ စိတ်ဝင်စားမှုရှိလာပါတယ်။ ဈေးနှုန်းတွေက အတက်ဘက်ကို ဦးတည်နေပြီး ဇူလိုင်လကုန်အထိ ဆက်လက်မြင့်တက်ဦးမယ့် လက္ခဏာကို တွေ့ရပါတယ်"လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

မလေးရှားစားအုန်းဆီနဲ့ စားအုန်းဆီထုတ်ကုန်တင်ပို့မှုက ဇူလိုင် ၁ ရက်မှ ၂၀ ရက်အတွင်း ယခင်လကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Service က ပြောပြီး အခြားစစ်တမ်းကောက်ယူရေးအဖွဲ့တစ်ခုဖြစ်တဲ့ Societe Generale de Surveillance က ၁၅ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်မယ်လို့ ခန့်မှန်းထားပါတယ်။

မလေးရှားရင်းဂစ်က စားအုန်းဆီအခြေခံစံထား ဈေးနှုန်းသတ်မှတ်ရာမှာ အသုံးပြုတဲ့ငွေကြေးဖြစ်ပြီး တတိယမြောက်နေ့အဖြစ် ဆက်လက်ကျဆင်းကာ ရက်သတ္တနှစ်ပတ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

ကောက်ယူထားတဲ့ စာရင်းဇယားတွေကို အခြေခံပြီး ဆန်းစစ်မှုအရ စားအုန်းဆီဈေးက အမြင့်ဆုံး ၂၃၇၄ ရင်းဂစ်အထိရောက်ရှိမယ်လို့ ရိုက်တာသတင်းဌာနရဲ့ ကိန်းဂဏန်းလေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ခန့်မှန်းပါတယ်။

အခြားဟင်းရွက်ဆီ ဈေးကွက်ဖြစ်တဲ့ တရုတ်ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ စက်တင်ဘာအတွက် ပဲပုပ်ဆီကြမ်ဈေးက သုည ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး စားအုန်းဆီအစားထိုးစားသုံးဆီဖြစ်တဲ့ ဒါလီယံ ပဲပုပ်ဆီဈေးက ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ပါတယ်။ **ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၂-၇-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၇၅ | ၁၄၉၀ | △ |
| မန္တလေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၂၀၀ | ၃၃၀၀ | △ | ၁၅၉၀ | ၁၆၁၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၅၆၀ | ၁၅၆၀ | □ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၄၀ | ၁၆၄၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၆၁၀ | ၁၆၃၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၂-၇-၂၀၁၆ **US$/Ton**

| အမျိုးအစား | ဇူလိုင်လပထမပတ် | ဇူလိုင်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၉၂.၅၀ | ၅၉၆.၅၀ | △ |
| **RBD P.Olein** | ၆၀၄.၀၀ | ၆၀၃.၀၀ | ▽ |
| **RBD P.Strarin** | ၆၀၀.၀၀ | ၅၈၀.၅၀ | ▽ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၂- ၇ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၂၁.၈၇ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၃၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၆၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၃.၆၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၉.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၇၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၅၃.၆၈၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၂-၇-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၆၈၅ ဒေါ်လာနှင့် USD ဈေး ၁၁၈၁ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂၂-၇-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၈၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# စားသုံးဆီနှင့် အန္တရာယ်ကြိုတင်ကာကွယ်

ဧအောင်မြိုင် ၊DOT-MDY

ကျွန်ုပ်တို့နေ့စဉ်စားသုံးနေကြသော အစာအာဟာရများတွင် ကာဗိုဟိုက်ဒရိတ် (Carbohydrates)၊ ပရိုတိန်းဓာတ် (Protein)နှင့် အဆီဓာတ် (Fat) ဟူ၍ပါရှိပါသည်။ လူ့ခန္ဓာကိုယ်အတွက် အာဟာရဖြစ်စေရန် စားသုံးရသော အစားအစာများတွင် Starch ဆိုသည့် ကစီဓာတ် များများပါသော ဆန်၊ ဂျုံ၊ ပြောင်း၊ Protein ဆိုတဲ့ အသားဓာတ်ပါသော အသား၊ ငါး၊ Fat and Oil ဟုခေါ်သော ဆီနှင့် အဆီဓာတ်များ ပါဝင်သော အာဟာရဖြစ်စေသည့် စားသုံးကုန်များ ပါဝင်ပါသည်။ ဆန်၊ ဆီ၊ ဆားသည် မြန်မာတို့၏ အခြေခံစားသောက်ကုန်များ ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် ဟင်းကောင်းကောင်း မစားရရင်နေပါစေ ထမင်းကို ဆီဆမ်း ဆားဖြူးစားရရင်ပဲ ရောင့်ရဲ ကျေနပ်ကြသည့် လူမျိုးများ ဖြစ်ကြပါသည်။ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့သည် ပြည်တွင်းထွက် ဆီများဖြစ်ကြောင်း အများသိပြီး ဖြစ်ပါသည်။ မြန်မာလူမျိုးများသည် အစားအစာ စားသုံးရာတွင် စားသုံးဆီကို ချက်၍ တစ်မျိုး၊ ကြော်၍တစ်ဖုံ၊ သုပ်စားရာတွင် တစ်နည်းအများဆုံး စားသုံးကြပါသည်။ အခြားသောနိုင်ငံများတွင် စားသုံးဆီကို မုန့် ဖုတ်သော နေရာတွင်လည်းကောင်း၊ ဟင်းချက်သော နေရာတွင် လည်းကောင်း၊ ကြော်လှော်တဲ့ Snack ဆိုသော သရေစာမုန့်များတွင် လည်းကောင်း အမျိုးမျိုး စားသုံးကြပါသည်။ တိုးတက်ထွန်းကားသော နိုင်ငံများတွင် စားသုံးဆီကို လူတစ်ဦးလျှင် တစ်နှစ် ၁၈ ကီလိုခန့် စားသုံးကြောင်း၊ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ၅ဒသမ၂၄ ကီလိုခန့်သာ စားသုံးကြောင်း သိရှိရပါသည်။ ကျန်းမာရေး ပညာရှင်များက လူတစ်ဦးလျှင် တစ်နှစ် ၉ကီလို စားသုံးရန် လိုအပ်သည်ဟု ဆိုကြပါသည်။ အဆီဓာတ်သည် အပူစွမ်းအင်ကို အဓိကထုတ်ပေးပါသည်။ အဆီ ဓာတ် များများစားမှ ကယ်လိုရီ ခေါ် အပူဓာတ်များများ ရရှိနိုင်ပါသည်။ လူတို့အတွက် အရေးပါသော ဗီတာမင်(Vitamin)ခေါ် သက်စောင့် ဓာတ်များသည် ဆီတွင် အလွယ်တကူ ပျော်ဝင်နေပါသည်။ ထို့ကြောင့် ဗီတာမင်ဓာတ်ကို ခန္ဓာကိုယ်မှ ရရှိရန် ဆီကို ကြားခံပစ္စည်းအဖြစ် စားသုံးရန် လိုအပ်လာပါသည်။ ကျွန်ုပ်တို့ စားသုံးနေသော စားသုံးဆီကို အပင်တို့၏ ဆီထွက်နိုင်သော အစိတ်အပိုင်းများမှ ဆီကို ထုတ်ယူပါသည်။ သို့သော် လက်တွေ့တွင် အစေ့အဆန်များမှ ထုတ်ယူစားသုံး နေကြပါသည်။ အသီးအရွက် အဆီနှင့်ဆီများ (Vegetable Fats and Oils) တိုင်းကို စားသုံး၍ ရချင်မှရမည်။ သို့သော်လည်း အဆိုပါ ဆီများကို စက်ဆီ၊ သဘော်ာဆေး၊ အလှကုန်၊ ဆေးဝါးနှင့် အခြားသော စက်မှုလုပ်ငန်းများတွင် သုံးကြပါသည်။ လူတို့စားသုံးသော ဆီများမှာ ဖွဲနုဆီ၊ ပဲပုပ်ဆီ၊ အုန်းဆီ၊ မုန်ညင်းဆီ၊ သံလွင်ဆီ၊ ပြောင်းဆီ၊ နေကြာဆီ၊ ဝါစေ့ ဆီ၊ စားအုန်းဆီ၊ နှမ်းဆီနှင့် မြေပဲဆီတို့ ဖြစ်ပါသည်။ ဆီများကို အုပ်စုခွဲခြားကြည့်လျှင် အသီးအနှံမှရသော အဆီနှင့် တိရစ္ဆာန်မှ ရရှိသော အဆီဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။

## အသီးအနှံမှရသောအဆီ

အသီးအနှံမှရသော အဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ ဝါစေ့ဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ မုန်ညင်းဆီ၊ သီဟိုဠ်သရက်စေ့ဆီ၊ လင်းစေ့ဆီ၊ ကြက်ဆူဆီ၊ ပြောင်းဖူးစေ့ဆီတို့ ဖြစ်ကြပါသည်။

**မြေပဲဆီ**။ ။ မြေပဲဆန်တွင် ဆီ ၄၀ရာခိုင်နှုန်း မှ ၅၅ ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။ မိရိုးဖလာနည်းဖြစ်သော နွားဖြင့် လှည့်၍ကြိတ်ရသည့် ကြိတ်ဆုံများဖြင့် ထုတ်ယူခဲ့ရာမှ ယခုအခါတွင် ဆီကြိတ်စက်များကို အသုံးပြု၍ ထုတ်ယူသည့်နည်းဖြင့် တွင်တွင်ကျယ်ကျယ် ထုတ်ယူ ရရှိနေပါသည်။ အဓိကအားဖြင့် စားသုံးရန် အသုံးပြုကြပါသည်။

**နှမ်းဆီ**။ ။ နှမ်းစေ့များတွင် ဆီ ၃၅ ရာခိုင်နှုန်း မှ ၅၀ ရာခိုင်နှုန်းထိ ပါဝင်ပါသည်။ ဆီကြိတ်စက်များ ဖြင့်ဖိ၍ ညှစ်ထုတ်ယူသော နည်းဖြင့် ထုတ်ယူရရှိပြီး လူတို့စားသုံးရန် အသုံးပြုသည်။

**ဝါစေ့ဆီ**။ ။ ဝါစေ့အဆန်တွင် ဆီ ၁၇ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း ပါဝင်ပါသည်။ ဆီကြိတ်စက်များ ဖြင့် ထုတ်ယူပါသည်။ အဓိကအားဖြင့် ဆပ်ပြာလုပ်ငန်းတွင် အသုံးပြုပါသည်။ ယင်းဆီကို ပြုပြင်ပြီးနောက် အကြော်ဆီအဖြစ်လည်း အသုံးပြုကြပါသည်။

**နေကြာဆီ**။ ။ နေကြာပန်းမှ ရရှိသော အဆန်တွင် ဆီ ၂၂ ရာခိုင်နှုန်းမှ ၃၂ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။ ဆီကြိတ်စက်များဖြင့် ထုတ်ယူပါသည်။ ရရှိသည့်ဆီကို စားသုံးဆီအဖြစ် အသုံးပြု ကြပါသည်။



**ပဲပုပ်ဆီ**။ ။ ပဲပုပ်စေ့တွင် ဆီ ၁၂ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။ ဆီကြိတ်စက်ဖြင့် ထုတ်ယူပြီးနောက် ကျန်သော ဆီများကို ဓာတ်ပျံဆီနှင့် ဖျော်ထုတ်သည့်နည်းဖြင့် ထုတ်ယူနိုင်ပါသည်။ စားသုံးရန်သော်လည်းကောင်း၊ အရောင်တင်ဆီအဖြစ်သော်လည်းကောင်း အသုံးပြုကြပါသည်။

**မုန်ညင်းဆီ**။ ။ မုန်ညင်းစေ့မှ ထုတ်ယူရရှိပါသည်။ မုန်ညင်းစေ့တွင် ဆီ ၃၅ ရာခိုင်နှုန်း မှ ၄၂ ရာခိုင်နှုန်းအထိပါဝင်၍ ရရှိသော ဆီကို စားသုံးဆီအဖြစ် အသုံးပြုကြပါသည်။

**သီဟိုဠ်သရက်စေ့ဆီ**။ ။ သီဟိုဠ်သရက်ဆန်တွင် ဆီ ၃၈ရာခိုင်နှုန်းမှ ၄၇ ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။ စီးပွားဖြစ်ထုတ်လုပ်ခြင်း မရှိသေးပါ။

**လင်းစေ့ဆီ**(Linseed)။ ။ လင်းစေ့တွင် ဆီ ၂၈ ရာခိုင်နှုန်းမှ ၄၄ ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။ ရရှိသောအဆီသည် ခြောက်သွေ့လွယ်ပြီး အရေခွံတင်းသည့် သတ္တိရှိသောကြောင့် အရောင်တင်ဆီနှင့် သဘော်ာဆေးလုပ်ငန်းတွင် အသုံးပြုကြပါသည်။

**ကြက်ဆူဆီ**။ ။ ကြက်ဆူစေ့အဆန်တွင် ဆီ ၅၀ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း ပါဝင်ပါသည်။ အလှကုန်လုပ်ငန်းနှင့် ဆေးဝါးလုပ်ငန်းတွင် အထူးအသုံးပြုပါသည်။

**ပြောင်းဖူးစေ့ဆီ**။ ။ ပြောင်းဖူးစေ့ အညှောင့်ပေါက်သော အပိုင်းမှ ဆီထုတ်ယူ၍ စားဆီအဖြစ် အသုံးပြုကြပါသည်။

## တိရစ္ဆာန်မှရသော အဆီ

တိရစ္ဆာန်မှရသော အဆီများမှာ ထောပတ်ဆီ၊ အမဲဆီ၊ ဝက်ဆီ၊ သိုးမွေးဆီတို့ ဖြစ်ပါသည်။

**ထောပတ်ဆီ**။ ။ နွားနို့တွင် ဆီ ၃ဒသမ ၆ ရာခိုင်နှုန်းခန့် ပါဝင်သည်။ နွားနို့မလိုင်ဟူ၍ အခဲပိုင်း ၃၅ ရာခိုင်နှုန်း ၄၅ရာခိုင်နှုန်း ပါရှိရာ ယင်းမလိုင်ပိုင်းကို လက်တစ်အက်စစ် (Lactic Acid) ထည့်၍ မွှေပေးခြင်းဖြင့် ထောပတ်ဆီကို ရရှိပါသည်။ ထောပတ်ဆီကို စားသုံးရာတွင်အသုံး ပြုပါသည်။ယင်းဆီကို သိုးနို့၊ ဆိတ်နို့တို့မှလည်း ရရှိပါသည်။

**အမဲဆီ**။ ။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့၏ အဆီပြင်ပိုင်းမှ ရရှိပါသည်။ တိရစ္ဆာန်များ၏ ကျောက်ကပ်နှင့် ကပ်နေသည့် အပိုင်းမှရရှိသည့် ဆီကို စားသုံးရန် အသုံးပြုပါသည်။ အများအားဖြင့် စက်မှုသုံးဆီ အဖြစ် ဆပ်ပြာချက်လုပ်ငန်းများတွင် အသုံးပြုပါသည်။

**ဝက်ဆီ**။ ။ အထက်ဖော်ပြပါကဲ့သို့ ဝက်၏အဆီပြင်ပိုင်းမှ ရရှိသော ဆီပြင်ကို အတုံးငယ်ကလေးများပြုလုပ်၍ အပူပေးခြင်းဖြင့် ဝက်ဆီကို ထုတ်ယူရရှိပါသည်။ စားသုံးရန်နှင့် စက်မှုသုံးဆီအဖြစ် အသုံးပြုကြပါသည်။

**သိုးမွေးဆီ**။ ။ သိုးမွေးဆီတွင် ဆီ ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းထိ ပါဝင်ပါသည်။ ကော့စတစ်ရေတွင်ပြုတ်ခြင်းဖြင့် လည်းကောင်း၊ ဓာတ်ပျံဆီဖြင့် ဖျော်ထုတ်ခြင်းနည်းဖြင့် လည်းကောင်း ထုတ်ယူရရှိပါသည်။

အဆီနှင့် ဆီ (Fat and Oil)ကို အသုံးပြုရန်အတွက် သုတေသနပြုလာကြရာ ဆပ်ပြာ၊ အသားအရေထိန်းဆေး၊ ဖယောင်းတိုင်၊ ရေမွှေး၊ အလှကုန်၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများနှင့် လောင်စာဆီ (Fuel) ပါမကျန် ပါဝင်ပစ္စည်းများ ဖြစ်ပါသည်။ လူ့ခန္ဓာကိုယ်အတွက် အားအင်ကို အဆီဓာတ် (Fats)၊ ကစီဓာတ် (Carbohydrates)နှင့် ပရို တိန်း (Protein)တို့မှ ရရှိပါသည်။ စားသုံးဆီများကို ပြည့်ဝဆီ (Saturated Oil)နှင့် ပြည့်ဝဆီ မဟုတ်သောဆီ (Unsaturated Oil) ဟူ၍ ခွဲခြားထားပါသည်။တစ်ဖန် ပြည့်ဝဆီမဟုတ်သောဆီ (Unsaturated Oil)ကို ပေါင်းစုအဆီ (Poly Unsaturated Oil) နှင့် တစ်မယ်တည်း အဆီ (Mono Unsaturated Oil)ဟူ၍ ထပ်မံခွဲ ခြားထားသည်။ ပြည့်ဝဆီတွင် တိရစ္ဆာန်မှရသော အဆီ ထောပတ်၊ အုန်းဆီ၊ စားအုန်းဆီတို့ ပါဝင်ပြီး စားသုံးမှု လွန်ကဲပါက ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။

စားသုံးရန် သင့်တော်သည့် အဆီဖြစ်သည့် ပြည့်ဝဆီမဟုတ်သော အဆီ (Unsaturated Oil) အမျိုးအစား (Poly Unsaturated Oil) များဖြစ်သည့် ပဲပိစပ်ဆီ၊ နေကြာဆီ၊ နှမ်းဆီ၊ ပြောင်းဖူးဆီတို့ဖြစ်၍ စားသုံးကြဆဲပင် ဖြစ်သည်။ ပြည့်ဝဆီမဟုတ်သော ဆီအမျိုးအစား (Mono Unsaturated Oil) ဖြစ်သော သံလွင်ဆီနှင့် မြေပဲဆီတို့သည် လူတို့စားသုံးရန် အကောင်းဆုံး ဆီဖြစ်သည်ဟု ဆိုပါသည်။ သို့ဖြစ်၍ စားအုန်းဆီသည် ပဲဆီထက် ပြည့်ဝအဆီ ပါဝင်နှုန်း နှစ်ဆကျော်မြင့်မားသောကြောင့် ချင့်ချိန် စားသုံးကြရန် လိုအပ်ပါသည်။

အချို့သော စီးပွားရေး လုပ်ငန်းရှင်များ၊ ဈေးဆိုင်များ၊ အကြော်ဆိုင်များတွင် စားသုံးဆီကို မသမာမှု အမျိုးမျိုးပြုလုပ် ရောင်းချလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။ အချို့က စားအုန်းဆီကို ပဲဆီအနံ့ပါသော ဓာတုဆေးများ ထည့်၍ ပဲဆီအဖြစ်လည်းကောင်း၊ အချို့က စားသောက်ဆိုင်၊ ဟိုတယ်များမှ ကြော်ပြီးဆီများကို ပြန်ချက်၍လည်းကောင်း၊ အချို့ သော အကြော်ဆိုင်များမှာ ကြော်ရာတွင် အကြော်ခံစေရန် စားသုံးဆီကို အကြံအဖန် အမျိုးမျိုးပြုလုပ်၍ လည်းကောင်း၊ ပဲဆီဝယ်ရာတွင် ပဲဆီအစစ်မရဘဲ စပ်ဆီများ ပြုလုပ်ရောင်းချလျက် ရှိပါသည်။ ထို့ကြောင့် ဈေးကွက်ထဲတွင် မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီစသည်တို့အပြင် စပ်ဆီဟူ၍ ဆီတစ်မျိုး တိုးလာပါသည်။

ထို့ကြောင့် လူသားတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော စားသုံးဆီကို အထူးဂရုပြု စားသုံးကြရန် လိုအပ်လျက် ရှိပါသည်။ လူသားတို့၏ ကျန်းမာရေးအတွက် စားသုံးဆီသည် သန့်ရှင်းမှုမရှိပါက အန္တရာယ်ကြီးမားကြောင်း၊ ဆီစားသုံးရာတွင် ပြည့်ဝအဆီ (Saturated Oil)သည် ကျန်းမာရေးအတွက် မသင့်လျော် ကြောင်း၊ ပုံပြောင်းအဆီ (Trans Fat)သည် လူကို အန္တရာယ်ပေးတတ် ကြောင်း၊ ပြည့်ဝဆီမဟုတ်သောအဆီ (Unsaturated Oil)ကို စားသုံး သင့်၍ တစ်မယ်တည်းအဆီ (Mono Unsaturated Oil)ကိုသာ ဦးစားပေး၍ စားသုံးသင့်ကြောင်း ဓာတ်ခွဲ ပညာရှင်များက ဆိုထားပါသည်။ စားသုံးဆီ စားသုံးမှုတွင် FDA အဖွဲ့အစည်းက အဆီစားသုံးလျှင် ကယ်လိုရီနည်းနည်း (သို့) ပါဝင်မှု ၃၀ရာခိုင်နှုန်း စားသုံးသင့်ဟု ထောက်ခံချက်ပေးကြသည်။

အာဟာရ ပညာရှင်များက ဆိုရာတွင် လူတစ်ယောက် အနေဖြင့် အဆီကရသည့် ကယ်လိုရီကို ၁၀ရာခိုင်နှုန်းထက် မပိုသင့်ဟု ဆိုပါသည်။ မည်သို့ပင်ဆိုစေ ဆီစားသုံးမှု များပြားပါက ကျန်းမာရေးကို ထိခိုက်နိုင်ပြီး အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများ ရရှိနိုင်ကြောင်း လူတိုင်း သိပြီးဖြစ်ပါသည်။ ထို့ကြောင့် စားသုံးဆီ (Edible Oil)ကို **"တန်ဆေး လွန်ဘေး"** ဆိုသည့်အတိုင်း ချင့်ချိန်စားသုံးကြရန် လိုအပ်ပါကြောင်း တင်ပြလိုက်ပါသည်။

**(ကိုးကားချက်။ ။ ဖွဲနုဆီစက်ဌာန၏ ဆီအမျိုးမျိုးနှင့် ဖွဲနုဆီမှ စားဆီထုတ်လုပ်ခြင်း။)**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အခြေခံအဆောက်အအုံကဏ္ဍ၌ နိုင်ငံတကာအဆင့်ရှိသည့် ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် အိန္ဒိယလယ်သမားများ ဆန္ဒရှိ

အိန္ဒိယနိုင်ငံတစ်ဝန်းရှိတောင်သူလယ်သမားများသည် လက်လီစားသောက်ကုန်လုပ်ငန်းများ၌ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအားကြိုဆိုလျက်ရှိသည်။ နိုင်ငံတကာအဆင့်မီကုမ္ပဏီများဝင်ရောက်လာပြီး အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကာ၊ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသည့် လူ့အသိုက်အဝန်းအား ကူညီမှသာလျှင် ၎င်းတို့အနေဖြင့်ကိုယ်တိုင် ရပ်တည်လာနိုင်မည်ဖြစ်သည်။ နိုင်ငံတကာ ကုမ္ပဏီများ ဝင်ရောက်လာမှသာလျှင် လက်ဝါးကြီးအုပ်ခြယ်လှယ်ခြင်းနှင့်ထိန်းချုပ်မှု အလေ့အထများဖြင့် အကျည်းတန်နေသည့် စျေးကွက်တွင် ယှဉ်ပြိုင်မှုများပေါ်ပေါက်လာမည်ဖြစ်သည်ဟု လယ်သမားများကယုံကြည်ထားသည်။

သို့ရာတွင် ၎င်းတို့အား ကန့်သတ်ကာလတစ်ခုအတွင်း အဆင့်ဆင့်ထုတ်လုပ်မှုနည်းစနစ်များ၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဒီဇိုင်း၊ အရည်အသွေးထိန်းချုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရုံ စသည့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံအားလုံးပါဝင်သည့် back-end infrastructure များတွင်ရင်းနှီးမြှုပ်နှံမှုပြုရန် တိုက်တွန်းတောင်းဆိုရမည်ဟု လယ်သမားများကဆိုသည်။ ထို့ပြင် ၎င်းတို့အတွက်လည်း ဒေသတွင်းနည်းစနစ်များအား သိနားလည်လာစေရန် လုံလောက်သည့် အချိန်ကာလတစ်ခုကို ပေးအပ်ရမည်ဖြစ်ကြောင်း Consortium of Indian Farmers Association (CIFA)၏ Secretary General ဖြစ်သူ Chengal Reddy က ပြောကြားထားကြောင်း သိရပါသည်။

လယ်သမားများဖြင့် ပါဝင်ဖွဲ့စည်းတည်ထောင်ထားသည့် Farmer Producer Companies (FPO)ခေါင်းဆောင်များကလည်း ၎င်းတို့အနေဖြင့် နိုင်ငံတကာအဆင့် ကုမ္ပဏီကြီးများနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်းပြောကြားလျက်ရှိသည်။ နိုင်ငံခြားလုပ်ငန်းရှင်များထံမှ ပိုမိုများပြားသော ရင်းနှီးမြှုပ်နှံမှုနှင့် အသိပညာတို့၏ အကျိုးကျေးဇူးများရရှိလိုသည့်အပြင် အဆိုပါကုမ္ပဏီကြီးများသည် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ စားသုံးသူများ၏ ဝယ်လိုအားကို သိရှိနားလည်လိမ့်မည်ဟု ယူဆထားကြသည်။ သို့ဖြစ်၍ တောင်သူလယ်သမားများအနေဖြင့် စားသုံးသူလိုအပ်ချက်များနှင့်ကိုက်ညီမည့် ကျွမ်းကျင်မှုများရရှိအောင် အဆင့်မြှင့်တင်ရာ၌ အကူအညီဖြစ်စေနိုင်မည်ဖြစ်သည်။ လက်ရှိတွင် လယ်သမားများမှာ ငွေကြေးအင်အားနည်းပါးပြီး၊ နေရာအနှံ့အပြားတွင် နေထိုင်နေကြသည့်အတွက် ၎င်းတို့နှင့်ဆက်သွယ်၍ ပမာဏများများ ရင်းနှီးမြှုပ်နှံမှုပြုမည့် ကုမ္ပဏီကြီးများ လိုအပ်လျက်ရှိကြောင်း၊ ၎င်းကုမ္ပဏီကြီးများသည် လယ်ယာထွက်ကုန်ပစ္စည်းများ၏ စံနှုန်းသတ်မှတ်ချက်များ၊ ကုန်အမှတ်တံဆိပ်နှင့်လယ်သမားများ၏စွမ်းရည်များ အဆင့်မြှင့်တင်ခြင်းတို့အတွက် အစပျိုးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း Reddy ကထပ်မံပြောကြားခဲ့သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကျေးရွာအားလုံးလျှပ်စစ်မီးလင်းရေးအစီအစဉ်အား ၂၀၁၆ နှစ်ကုန်တွင် အိန္ဒိယအစိုးရ အပြီးသတ်ဆောင်ရွက်မည်

အိန္ဒိယအစိုးရသည်ကျေးရွာအားလုံးလျှပ်စစ်မီးလင်းရေး အစီအစဉ်အား ၂၀၁၇ ခုနှစ်၊ မေလတွင် အပြီးသတ်ဆောင်ရွက်ရန် ရည်မှန်းထားခဲ့ရာ ယခုအခါ အဆိုပါ အစီအစဉ်အား သတ်မှတ်ကာလထက် အနည်းဆုံးငါးလစော၍ အပြီးသတ်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် အိန္ဒိယနိုင်ငံအတွင်း လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအားလုံး လျှပ်စစ်မီးများရရှိလာနိုင်တော့မည်ဖြစ်ကြောင်း၊ ပြည်နယ်စွမ်းအင်ဝန်ကြီးများနှင့် နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးပြီးနောက်၊ အိန္ဒိယစွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Piyush Goyal က ဇွန် ၂၀ ရက်တွင် အတည်ပြုပြောကြားခဲ့ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# Egat သည် လျှပ်စစ်ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းရယူရန် စီစဉ်ဆောင်ရွက်

ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားအာဏာပိုင်အဖွဲ့ Electricity Generating Authority of Thailand (Egat) အနေဖြင့် ၎င်း၏လျှပ်စစ်ထုတ်လုပ်မှုသည် ယခုလက်ရှိတွင် စုစုပေါင်းထုတ်လုပ်မှု၏ ၃၇ ရာခိုင်နှုန်းပါဝင်ရာမှ ၅၀ ရာခိုင်နှုန်းအထိ ပါဝင်နိုင်ရန် ရည်ရွယ်ထားကြောင်းနှင့် သဘာဝဓာတ်ငွေ့ကို အဓိကအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာမှ နောင်တွင် ကျောက်မီးသွေးနှင့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အဓိကအသုံးပြု၍ ထုတ်လုပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

လွန်ခဲ့သည့်ခြောက်နှစ်က ထိုင်းနိုင်ငံ၏လျှပ်စစ်ထုတ်လုပ်မှုတွင် ပုဂ္ဂလိကလျှပ်စစ်ထုတ်လုပ်သူများနှင့် အသေးစား လျှပ်စစ်ထုတ်လုပ်သူများသည် အလွန်များပြားခဲ့သော်လည်း ယခုအချိန်တွင် ၎င်းတို့၏ ထုတ်လုပ်မှုပါဝင်မှုအချိုးအစားသည် ကျဆင်းနေကြောင်း၊ Egat အနေဖြင့် လျှပ်စစ်ဓာတ်အားကို လုံလောက်စွာဖြန့်ဖြူးပေးရေး၊ လျှပ်စစ်ဓာတ်အားခလျှော့ချရေးနှင့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးတို့ကို ဦးတည်လုပ်ဆောင်လျက်ရှိကြောင်း၊ Egat၏ အကြီးအကဲ Kororasit Pakchotanon ကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၌ လွန်ခဲ့သည့်ခြောက်နှစ်မှစ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် သဘာဝဓာတ်ငွေ့ကို အဓိကအသုံးပြုခဲ့ကြောင်း၊ နောင်တချိန်တွင် ထုတ်လုပ်မှုစရိတ်သက်သာသော ကျောက်မီးသွေးကို အဓိကအသုံးပြု၍ ပြောင်းလဲထုတ်ယူရန်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များမှ လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ရန် စီစဉ်ထားရှိကြောင်း၊ သဘာဝဓာတ်ငွေ့စျေးနှုန်းသည် ကမ္ဘာ့ရေနံစျေးအတက်အကျပေါ်တွင်မူတည်သဖြင့် လျှပ်စစ်ဓာတ်အားခကိုပြင်ဆင်ရာ၌ အခက်အခဲရှိကြောင်းနှင့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုသည် စုစုပေါင်းလျှပ်စစ်ထုတ်လုပ်မှု၏ ၇၆ ရာခိုင်နှုန်းရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ပုဂ္ဂလိကလုပ်ငန်းများအား ပိုမိုခွင့်ပြုခြင်းသည် Egat ၏ မတည်ရင်းနှီးငွေကို လျှော့ချပေးနိုင်သော်လည်း နိုင်ငံ၏စွမ်းအင်မူဝါဒများအရ လျှပ်စစ်ကဏ္ဍ၌ Egat သည် အဓိကဦးဆောင်သည့် အဖွဲ့အစည်းဖြစ်ရန်လိုအပ်ပါသည်။ ထိုင်းနိုင်ငံ၏ ၂၀၁၅-၂၀၃၆ ခုနှစ် အမျိုးသားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံခြောက်ရုံကို တည်ဆောက်မည်ဖြစ်ပြီး ယင်းစက်ရုံများ၏ ၂၀၁၅-၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်ထုတ်လုပ်မှုသည် စုစုပေါင်း ၄၃၉၀ မီဂါဝပ်ရှိမည်ဖြစ်ကြောင်းသိရပါသည်။ အဆိုပါစက်ရုံခြောက်ခုအနက် ဆုန်ခလာပြည်နယ်နှင့် ကရာဘေးပြည်နယ်တို့တွင် တည်ဆောက်မည့် စက်ရုံနှစ်ရုံအား ၂၀၂၀-၂၀၂၂ ခုနှစ်တွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Egat သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ယခင်ကမီဂါဝပ် ၅၆၀ ထုတ်ယူရန် လျာထားခဲ့ရာမှ ၂၀၃၆ ခုနှစ်တွင် ၁၅၀၀ မီဂါဝပ်မှ ၂၀၀၀ မီဂါဝပ်အထိ ထုတ်လုပ်ရန် လျာထားချက်ကိုပြင်ဆင်ခဲ့ပါသည်။ လေအားနှင့်အသေးစားရေအားလျှပ်စစ်စက်ရုံများမှ အဓိကထုတ်ယူရန်စီမံခဲ့ရာမှ Biomass၊ ဆိုလာနှင့် စွန့်ပစ်အမှိုက်စသည့်အရင်းအမြစ်များကိုလည်း အသုံးပြုထုတ်လုပ်မည်ဖြစ်ပါသည်။ ထို့အပြင် Egat အား အပြည်ပြည်ဆိုင်ရာကုမ္ပဏီ Wholly-owned Egat International Company (Egati) တစ်ခုဖြစ်လာစေရန် စည်းမျဉ်းစည်းကမ်းများအား ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း ဖော်ပြထားပါသည်။

Egat၏ နိုင်ငံခြားတိုင်းပြည်များ၌ ဖက်စပ်ဆောင်ရွက်လျက်ရှိသည့် စက်ရုံများမှာ လာအိုနိုင်ငံရှိ Nam Ngum နှင့် Nam Ngiepo ရေအားလျှပ်စစ်စက်ရုံများ၊ မြန်မာနိုင်ငံရှိ မိုင်းတုံရေအားလျှပ်စစ်စက်ရုံ၊ ဗီယက်နမ်နိုင်ငံရှိ Quang Tri ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ဖြစ်ကြပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

■

# အိန္ဒိယ- ကော့ကရိတ် လမ်းပိုင်းအား China Road and Bridge Co.,Ltd. (CRBC) က အဆင့်မြှင့်တင်ဆောင်ရွက်မည်

တရုတ်ဆောက်လုပ်ရေးကုမ္ပဏီ တစ်ခုဖြစ်သည့် China Road and Bridge Co.,Ltd. (CRBC) သည် မြန်မာနိုင်ငံ အိန္ဒိယ- ကော့ကရိတ်လမ်းပိုင်း တိုးတက် ကောင်းမွန်ရေးစီမံကိန်း( လမ်းပိုင်း ၁ နှင့် ၂ ) လုပ်ငန်း ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ အစိုးရသစ်တာဝန်ယူပြီး နောက်ပထမဆုံးလုပ်ငန်းခွင့်ပြုမိန့်ရရှိသည့် တရုတ်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ကုမ္ပဏီ ဥက္ကဋ္ဌ MR . Wen Gang ကပြောကြားပါသည်။ ထိုလမ်းကွန်ရက်မှာ အရှေ့ အနောက် စီးပွားရေးစင်္ကြံလမ်း၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ၆၅ ကီလိုမီတာ ရှည်လျားကာ ကရင်ပြည်နယ်၌တည်ရှိသည်။ အဆိုပါလမ်းမှာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြား လမ်းပန်းဆက်သွယ်မှုအတွက် အချက်အချာကျရုံသာမက ဒေသစီးပွား ဖွံ့ဖြိုးရေးအတွက်လည်း အရေးကြီးသည့် စီမံချက်ဖြစ်ကြောင်း ထပ်လောင်း ပြောကြားထားပါသည်။

အရှေ့တောင်အာရှနိုင်ငံအများစုမှာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု လိုအပ်ချက်များရှိကြောင်း ထိုအားနည်းချက်မှာ အစိုးရ၏ဝင်ငွေကို ကျဆင်းစေပြီး ပြည်သူများ၏ လူနေထိုင်မှုဘဝကိုထိခိုက်နိုင်ကြောင်း၊ အခြေခံအဆောက်အအုံ လုပ်ငန်းများအပေါ် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုး တက်စေရန် အဓိကအချက်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။ China National Development and Reform Commission က အဆိုပါစီမံကိန်း၏ ကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာသန်း ၆၀၀ နှင့် ၇၀၀ ကြားရှိမည်ဟု ခန့်မှန်းထားပါသည်။

CRBC သည် အာရှ၊ အာဖရိက ၊ အမေရိကနှင့် ဥရောပရှိ နိုင်ငံပေါင်း၅၀ ၌ ကုမ္ပဏီရုံးခွဲများရှိပြီး အခြေခံအဆောက်အအုံလုပ်ငန်းများဖြစ်သည့် အမြန်လမ်း၊ ရထားလမ်း၊ လေဆိပ်၊ တံတား၊ တူးမြောင်း တည်ဆောက်ခြင်းအပြင် ရေပြုပြင် ထိန်းသိမ်းရေးနှင့် အခြားစည်ပင်သာယာရေး လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံနေကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၅–၇–၂၀၁၆)

ဇော်ဝင်း

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျသော်လည်း ကုလားပဲဖြူလုံးကြီး တက်ရိပ်ပြနေ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျဆင်းခဲ့ပြီး ကုလားပဲဖြူလုံးကြီးနဲ့ ပဲတီစိမ်းဈေးအနည်းငယ် တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာမတ်ပဲကို ပဲခွဲစက်တွေက တစ်ပိဿာ ၂၅၀၀ ကျပ် (တစ်တန်ကို ၁၅၃၀၉၇၅ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၁၁ ကျပ် ရှိခဲ့တဲ့ ပဲတီစိမ်းကြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၂၉ ကျပ် ( တစ်တန်ကို ၉၃၆၃၄၄ ကျပ် ) နဲ့ ဈေးအနည်းငယ်တက်ခဲ့ပြီး တရုတ်ဝယ်လက်နဲ့ ပဲခွဲစက်တွေက တစ်နေ့ကို အိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးက ယခင်တစ်ပတ်ထက်ဈေးမြင့်ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၇၁ ကျပ်( တစ်တန်ကို ၁၃၉၀၇၃၇ ကျပ် ) အထိ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အမှုန့်ကြိတ်စက်တွေက အဝယ်ရှိပြီး တစ်နေ့ကို သုံးတင်းအိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနဲ့ ပဲစင်းငုံနီဈေးကျသော်လည်း ကုလားပဲဖြူလုံးကြီး ဈေးတက်

ဒီတစ်ပတ် ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးဈေးနှုန်းကတော့ ဆက်လက်တက်ရိပ်ပြခဲ့ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်းကတော့ ဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၀၀ ကျပ်အထိ ဈေးတက်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၉၅ ကျပ် (တစ်တန်ကို ၁၃၄၄၁၉၆ ကျပ်) အထိ ဈေးကျဆင်းခဲ့တာကြောင့် ( တစ်တန်ကို ကျပ်တစ်သိန်းကျော်)အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းဈေးနှုန်းအနေနဲ့ ဇူလိုင်လ ပထမပတ်မှာ တစ်ပိဿာ ၁၅၅၀ ကျပ်၊ ဒုတိယပတ်မှာ ၁၃၅၀ ကျပ်နဲ့ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၀၀ ကျပ် (တစ်တန်ကို ၇၉၆ ၁၀၇ကျပ်) အထိ ဆက်လက်ကျဆင်းခဲ့ပြီး အရောင်းအဝယ်ပါးကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၃၀ ကျပ်ထိ ဈေးမြင့်ခဲ့တဲ့ ကုလားပဲဖြူလုံးကြီးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၄၀ ကျပ် (တစ်တန်ကို ၁၃၇၁၇၅၃ ကျပ်) အထိ ဆက်လက်ဈေးမြင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ပတ်အတွင်း အိတ် ၃၀၀ ခန့်ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ ဈေးကျခဲ့ပြီး နှမ်းဖြူနဲ့ နှမ်းနီဈေး တက်ရိပ်ပြ

ဒီတစ်ပတ်မကွေးဈေးကွက်မှာယခင်တစ်ပတ်က ဈေးမြင့်ခဲ့တဲ့ ပဲစင်းငုံနီဈေးကျဆင်းခဲ့ပေမယ့် နှမ်းဖြူနဲ့နှမ်းနီဈေးတက်ပြီး နှမ်းနက်စမုံ လည်းဈေးကျခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ နှမ်းနီ တစ်ပိဿာ ၂၁၂၀ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၂၀၀၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၁၁၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၃၄၀၀ ကျပ်နဲ့ ဈေးဖွင့် အဝယ်ရှိခဲ့ပြီး တစ်ပတ်အတွင်း နှမ်းမျိုးစုံ အိတ် ၁၄၀၀ ခန့်အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၉၀ ကျပ်ထိဈေးတက်ခဲ့တဲ့ ပဲစင်းငုံနီ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၉၀ ကျပ် ( တစ်တန်ကို ၁၃၄၁၁၃၄ ကျပ်)အထိ ဈေးကျဆင်းခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ အိတ် ၈၀၀ မှ ၉၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး နှမ်းမျိုးစုံ ဈေးငြိမ်

အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးကျဆင်းခဲ့ပြီး နှမ်းမျိုးစုံကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၀၀ ကျပ်ရှိခဲ့တဲ့ ပဲစင်းငုံနီ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၁၀၀ မှ ၁၅၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကတော့ ယခင်တစ်ပတ်ဈေးနှုန်း အတိုင်း တစ်ပိဿာကို နှမ်းနီ ၁၈၉၀ ကျပ်၊ နှမ်းနက် ၂၁၁၀ ကျပ်၊ သိပ္ပံနှမ်း ၃၁၁၀ ကျပ်နဲ့ ဈေးငြိမ်ပြီး တစ်နေ့ကို နှမ်းမျိုးစုံ အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းဈေးဆက်လက်ကျဆင်း

ဒီတစ်ပတ် ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေး ဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၄၂၀ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၆၀ ကျပ် ( တစ်တန်ကို ၂၂၀၄၆၀ကျပ်)အထိ ကျဆင်းခဲ့ပါတယ်။ မန္တလေးဝယ်လက်က ဝယ်ယူပြီး ယခုတစ်ပတ်မှာ အိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်း ကျရိပ်ပြနေ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့အစေ့ထုတ်ပြောင်းဈေး အနည်းငယ်ကျခဲ့ပြီး ပဲတီစိမ်းဈေးကတော့ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၁၃၅၀ ကျပ် (တစ်တန်ကို ၈၂၆၇၂၆ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ တစ်ပတ်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ မတ်ပဲဈေးနှုန်းက ယခင်တစ်ပတ် တစ်ပိဿာကို ၂၈၆၅ ကျပ် ရှိရာက ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၆၅၀ ကျပ် (တစ်တန်ကို ၁၆၂၂၈၃၃ ကျပ် ) အထိ ဈေးနှုန်းကျဆင်းခဲ့ပြီး တစ်နေ့ကို အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကလည်း တစ်ပိဿာကို ၄၂၅ ကျပ် (တစ်တန်ကို ၂၆၀၂၆၅ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးနိမ့်အဝယ်ဖြစ်ခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မတ်ပဲ၊ ပဲတီစိမ်း၊ အစေ့ထုတ် ပြောင်းတို့ကို ရန်ကုန်ဝယ်လက်က ဝယ်ယူကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး ကုလားပဲဖြူလုံးကြီး ဈေးတက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီးက ဈေးနှုန်းအပြောင်းအလဲမရှိခဲ့ဘဲ ပဲစင်းငုံနီဈေးကျခဲ့ပြီး ကုလားပဲဖြူလုံးကြီးက ဈေးတက်ခဲ့ပါတယ်။ ပဲတီစိမ်းကြီးက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ၁၃၉၄ ကျပ်( တစ်တန်ကို ၈၅၃၆၇၁ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီဈေး ယခင်တစ်ပတ် တစ်ပိဿာ ၂၃၉၀ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၂၅ ကျပ်(တစ်တန်ကို ၁၃၆၂၅၆၇ ကျပ်) နဲ့ ဈေးဖွင့်ခဲ့တာမို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ကြည့်ရင် တစ်တန်ကို ကျပ်တစ်သိန်းခန့် ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ ဒေသတွင်း ဝယ်လိုအားရှိတဲ့ ကုလားပဲဖြူလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၈၄ ကျပ် ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၆၃ ကျပ်( တစ်တန်ကို ၁၃၈၅၈၃၈ ကျပ်) အထိ ဈေးမြင့်ခဲ့ပြီး အိတ် ၃၀၀ မှ ၄၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိ

ဒီတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးအတက် အကျမရှိဘဲ ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၄၀၀ ကျပ် ( တစ်တန်ကို ၂၄၄၉၅၆ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ကြောင်း သိရပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန် ၅၇၄၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တာမို့ အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျ

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျခဲ့ပြီး တစ်ပိဿာကို ၄၁၀ ကျပ် (တစ်တန်ကို ၂၅၁၀၇၉ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်၊ တိရစ္ဆာန် အစာစပ်စက်ရုံများမှ ဝယ်ယူခဲ့ပါတယ်။ တစ်ပတ်အတွင်း တန် ၁၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ထက် အနည်းငယ်ကျဆင်းခဲ့ပြီး ၅၀ ကီလို တစ်အိတ်ကို ၈၃ ယွမ်မှ ၈၆ ယွမ် (တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၂၀ ယွမ် ) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ပတ်အတွင်းမှာ တန်ချိန် ၆၃၀၅ ခန့်သာရှိခဲ့တာကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။

×××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ကျရိပ်ပြနေဆဲ

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ မတ်ပဲအနေနဲ့ ဇူလိုင်လ ပထမပတ်မှာ FAQ တစ်တန်ကို ၁၇၉၇၀၀၀ ကျပ်၊ SQ တစ်တန်ကို ၁၈၃၈၀၀၀ ကျပ်၊ ဇူလိုင်လ ဒုတိယပတ်မှာ FAQ တစ်တန်ကို ၁၈၂၇၀၀၀ ကျပ်၊ SQ တစ်တန်ကို ၁၈၅၀၀၀၀ ကျပ်၊ တတိယပတ်မှာ FAQ တစ်တန် ၁၈၁၉၀၀၀ ကျပ်၊ SQ တစ်တန် ၁၈၄၄၀၀၀ ကျပ်၊ ယခုတစ်ပတ်မှာ FAQ ၁၇၀၀၀၀၀ ကျပ်၊ SQ တစ်တန် ၁၇၂၀၀၀၀ ကျပ်ထိ ကျဆင်းခဲ့တာမို့ ဇူလိုင် ပထမပတ်ပေါက်ဈေးထက်ပင်ပိုမို ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန်ကို ၁၄၉၁၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ တစ်တန်ကို ၁၃၅၅၀၀၀ ကျပ် ဖြစ်ခဲ့တာမို့ ဈေးနှုန်း ကျဆင်းခဲ့ကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျပြီး အရောင်းအဝယ်အေး

ဒီတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ အိန္ဒိယအတွက် ရန်ကုန်ဝယ်လက်က မတ်ပဲ တစ်ပိဿာကို ၂၆၅၀ကျပ် (တစ်တန်ကို ၁၆၂၂၈၃၃ ကျပ်) နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ နေ့စဉ် မတ်ပဲအဝင်ရှိပြီး လက်ကျန်ရှိနေပေမယ့်တောင်သူအချို့နဲ့ လှောင်လက်တွေက တက်ဈေးမျှော်ပြီး ထုတ်ရောင်းမှုနည်းတာကြောင့် အရောင်းအဝယ်အေးနေပြီး တစ်နေ့အိတ် ၁၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီဈေးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၁၀ ကျပ်ရှိရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၂၅၈ ကျပ် ) နဲ့ ဈေးနိမ့် အဝယ် ဖွင့်ခဲ့ပါတယ်။ အဝင်မရှိဘဲ လက်ကျန်ပဲသာရှိတာကြောင့် နှစ်ရက်၊ သုံးရက်ကြာမှသာ အိတ် ၁၀၀ ခန့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

# ကျွန်တော်တို့ကိုနိုးကြားစေခဲ့သည့်

## စားသုံးသူအငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းများ

ခမ်လျှန်စွမ်း




တေးရေးဆရာစိုင်းခမ်းလိတ်ရဲ့ တေးတစ်ပုဒ်မှာ "အသက်တစ်ရာမနေရလည်း၊ အမှုကတစ်ရာ မကတယ်" လို့ ရေးခဲ့သလိုပဲ နိစ္စဓူဝ ကိစ္စအရပ်ရပ်မှ အမှုဖြစ်ချင်စရာကောင်းတဲ့ ခေတ်ကြီးကို ရောက်မှန်းမသိရောက်ရှိနေခဲ့ကြပြီး မဟုတ်ပါလား။

အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နေ့စဉ်စားသောက်နေတဲ့ အစာတွေဟာ ပြဿနာတက်စရာ၊ တစ်နည်းပြောရင် အငြင်းပွားစရာ ပွဲ္စာများစွာ ဖြစ်နေခဲ့တာကြာပြီ ဖြစ်ပါတယ်။ ဒီအခြေအနေကို စားသုံးသူပြည်သူများက သိတာကြာပေမယ့် တိုင်တန်းမှုနဲ့ ဖြေရှင်းမှု အရေအတွက်က အလွန်တစ်ရာ နည်းပါးလွန်းသေးတဲ့ အခြေအနေမှာ ရှိနေခဲ့ပါတယ်။

(၂)

ကျွန်တော်တို့ဌာနက အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးနဲ့ ကျွန်တော်တို့ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နဲ့ဆိုင်တဲ့ ကိစ္စကြီးငယ် ဆွေးနွေးခဲ့ကြပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ ဖွဲ့စည်းထားတဲ့ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရဲ့ အလုပ်လုပ်တာတွေ အောင်မြင်မှာ မဟုတ်တဲ့ အကြောင်း၊ ဘယ်သူမှအကျိုးမရှိဘဲ လာရောက်တိုင်တန်းမှာ မဟုတ်တဲ့အကြောင်း၊ ကိုယ့်နိုင်ငံရဲ့ အနေအထားနဲ့ ကိုက်ညီမှုမရှိတဲ့ အကြောင်း၊ မြန်မာလူမျိုးတွေဟာ အင်မတန်မှ အားနာတတ်တဲ့အတွက် တိုင်တန်းမှုတွေ လုပ်မှာမဟုတ်တဲ့ အကြောင်း၊ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များဟာ ကိုယ်စီ အလုပ်များတဲ့ သူများဖြစ်တဲ့အတွက် တိုင်တန်းမှုတွေကို စိတ်ဝင်တစား အရေးယူဖို့ စိတ်ကူးရှိမှာ မဟုတ်တဲ့အကြောင်း၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်တွေက တိုင်တန်းသူ တွေရဲ့ ပြဿနာတွေ မဖြေရှင်းခင်မှာ အငြင်းပွားသူ အချင်းချင်း ခါးပွဲတုတ်ပွဲတွေ ဖြစ်ကုန်တော့မှာ ဖြစ်တဲ့အကြောင်း-- စသည်ဖြင့် ကျွန်တော်တို့ နှစ်ယောက် ဝေဖန်ရေးတွေလုပ်ခဲ့ကြပါတယ်။

(၃)

ဒီအခြေအနေကနေ အသိတရား ပြန်လည်နိုးထစေနိုင်ခဲ့တာကတော့ ထူးခြားတဲ့ စားသုံးသူ နှီးနှောဖလှယ်ပွဲကြီးပဲ ဖြစ်ပါတယ်။ ဇွန်လ ၁၆ရက်နဲ့ ၁၇ရက်တွေမှာ နေပြည်တော်၊ Royal ACE ဟိုတယ်မှာ USAID နဲ့ ပူးပေါင်းဆောင်ရွက်ပြုလုပ်တဲ့ နှီးနှောဖလှယ်ပွဲဖြစ်ပါတယ်။ အပြင်ပန်းက ကြည့်ရင် သာမန်လုပ်ရိုးလုပ်စဉ် အလုပ်ရုံဆွေးနွေးပွဲလို့ပဲ ပြောကြမှာ ဖြစ်ပါတယ်။ ကျွန်တော့်အတွက်တော့ တန်ဖိုးကြီးမားတဲ့ သင်ခန်း စာတစ်ပွေ့ တစ်ပိုက်ကြီးကို အချိန်တိုအတွင်း ပေးလိုက်နိုင်တဲ့ပွဲ အဖြစ် ရှုမြင်ထားပါတယ်။ အကြောင်းဆိုရသော် ယခင့် ယခင်က စားသုံးသူ အငြင်းပွား မှုကို ကြုံတွေ့ရမယ်ဆိုရင် သိပ်ကြောက်တတ်ပါတယ်။ လုပ်ရမှာလည်း မဝံ့မရဲဖြစ်နေတာလည်း ပါပါတယ်။ တစ်ယောက်တစ်လေ လာရောက်တိုင်တန်းမယ်ဆိုရင်တောင် လာရောက်မတိုင်နိုင်လောက်အောင် နည်းလမ်းပေါင်းစုံနဲ့ ကာကွယ်ခဲ့ရပါတယ်။ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ ရှောင်ကွင်းခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်များ ရှိခဲ့ဖူးပါတယ်။

မူလတုန်းက ကျွန်တော် ထင်ထားတာ ဒီနှီးနှောဖလှယ်ပွဲမှာ နိုင်ငံခြားသားပုဂ္ဂိုလ်ကြီးတွေ သူတို့ နိုင်ငံအကြောင်း၊ သူတို့လုပ်နိုင်ခဲ့တာတွေ အကြောင်း ကြွားမယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များကလည်း ပြဿနာငယ်များ ကို ပုံကြီးချဲ့ကားပြီး ဆွေးနွေးကြ၊ အချိန်တန် ကိုယ့်အိမ်ကိုယ့်ဌာနပြန်ကြဒီလိုနဲ့ပဲ သင်ခန်းစာပြီးဆုံးသွားမယ်လို့ ထင်ခဲ့ပါတယ်။

ဆွေးနွေးပွဲ ပထမနေ့ရက်မှာပဲ USAID မှ အထက်တန်း ဘောဂဗေဒသုတေသနပညာရှင် ဖြစ်တဲ့ Ms. Jaleen Moroney က တက်ရောက်လာတဲ့ကိုယ်စားလှယ်များကို တစ်ယောက်ချင်း မိတ်ဆက်စေခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်များရဲ့ စားသုံးသူ အငြင်းပွားမှုဖြေရှင်းပုံများကို နားထောင်ခြင်းဖြင့် ကျွန်တော်တို့ရဲ့ အနေအထားကို အကဲခတ်လေ့လာခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဆက်လက်ပြီး Howard County Office of consumer Affairs, Maryland မှ ဌာနမှူး Ms, Rebecca Bowman က "အမေရိကန်ပြည်ထောင်စုတွင် တိုင်ကြားချက်များကို ကိုင်တွယ် ဖြေရှင်းပုံ" ခေါင်းစဉ်နဲ့ မာန်ပါပါ တစ်နာရီကြာဆွေးနွေးခဲ့ပါတယ်။ ယင်း ဆွေးနွေးတဲ့ အချိန်အထိ ကျွန်တော်တို့ အတွက် ထူးခြားမှု များများစားစားမတွေ့ရသေးပါ။

နေ့လယ်ပိုင်းမှာ Commercial Law Development Program ( CLDP ), U.S. Department of Commerce မှ ဥပဒေအကြံပေးဖြစ်သူ Ms. Lindsey Scannel က " အခြားနိုင်ငံများတွင် တိုင်ကြားချက်များ ကိုင်တွယ်ဖြေရှင်းပုံ" ခေါင်းစဉ်နဲ့ ဆွေးနွေးလိုက်တဲ့အခါမှာ ကျွန်တော်တို့အဖွဲ့ ခေါင်းအနည်းငယ်ထောင်စပြုလာကြပါတယ်။

ညနေပိုင်းမှာတော့ နိုင်ငံခြားပညာရှင်သုံးဦးကပဲ "မြန်မာနိုင်ငံက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ၏ စံလုပ်ထုံးလုပ်နည်း အကြံပြုချက်" များကို ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ရဲ့ စိတ်ကို ယိုဖိတ်မတတ်ဖြစ်စေခဲ့ပါတယ်။

(၄)

USAID မှ ပညာရှင်သုံးဦးက စေတနာပါပါနဲ့ သင်ခန်းစာများရစေလိုတဲ့ စိတ်ကြောင့်လား မပြောတတ်ပါ။ စိတ်ဝင်စားရုံသာမက အငြင်းပွားမှု ဖြေရှင်းနည်းစနစ်အားလုံးကို တစ်ခါတည်း တတ်မြောက်သွားသလို ခံစားလိုက်ရပါတယ်။ ဘာသာပြန်သူများရဲ့ ကျွမ်းကျင်လျှင်မြန်မှုကလည်း ဆွေးနွေးပွဲကို ပိုပြီး အသက်ဝင်စေခဲ့ပါတယ်။

စားသုံးသူ အငြင်းပွားမှု ဖြေရှင်းခြင်းဆိုတာဟာ လူအများကို အကျိုးဆောင်တဲ့ ပရဟိတလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အခြေခံအားဖြင့် မေတ္တာကို အခြေခံပြီး လုပ်ရတဲ့ လုပ်ငန်းဖြစ်ကြောင်း၊ အထူးသဖြင့် အယူအဆခြင်းမတူညီတဲ့ လူပုဂ္ဂိုလ်နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုတဲ့ စိတ်ကျေနပ်မှု မရှိတဲ့ လူအများကို စိတ်ကျေနပ်အောင် စေ့စပ်ညှိနှိုင်းပေးတဲ့လုပ်ငန်းဖြစ်ကြောင်း၊ အခန့်မသင့်ရင် လက်သီးနဲ့ အထိုးခံရနိုင်တဲ့ လုပ်ငန်းဖြစ်ကြောင်း၊ အင်မတန် သိမ်မွေ့ပြီးတော့ အလွန်လေးနက်တဲ့ လုပ်ငန်းလည်း ဖြစ်ပါကြောင်း၊ ဗဟုသုတလည်း ရှိရပြီး၊ စားသုံးသူကာကွယ်ရေး ဥပဒေအပါအဝင် ဥပဒေအတော်များများကိုလည်း အလွတ်နီးပါးရတဲ့ အထိ သိထားဖို့လိုအပ်ပါကြောင်း၊ ပရိယာယ်ကြွယ်ဝပြီး စကားပြောကောင်းဖို့လည်း လိုအပ်ပါကြောင်းဆွေးနွေးခဲ့ကြပါတယ်။

ဆွေးနွေးပွဲ ဒုတိယနေ့မှာတော့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအချို့ကို ပြန်လည်ဝေမျှစေခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ရဲ့ လုပ်ဆောင်ချက် ရှင်းလင်းခြင်းကိုနားထောင်ပြီး သင်ခန်းစာများ ဖလှယ်ရတဲ့ အစီအစဉ်လေး ဖြစ်ပါတယ်။ ယင်းအစီအစဉ်ကနေလည်း သင်ခန်းစာအချို့ ကောက်နုတ် ရယူနိုင်ခဲ့ပါတယ်။

ဆွေးနွေးပွဲ ဒုတိယနေ့ နေ့လယ်ပိုင်းမှာတော့ နိုင်ငံခြားသား ပညာရှင်သုံးဦးက မေရီလင်းပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းခြင်းကို သရုပ်ပြရှင်းလင်းခဲ့ရာ တစ်ခါတည်းစွဲပြီး ကျန်ရစ်စေတဲ့ သင်ကြားနည်းစနစ်ကို အတော်သဘောကျခဲ့ကြပါတယ်။ ကုန်စုံဆိုင်ကြီးတစ်ဆိုင်မှ လျှပ်စစ်ရေနွေးအိုးတစ်လုံးကို စားသုံးသူပြည်သူတစ်ဦးက ဝယ်ခဲ့ပါတယ်။ ဝယ်သူအိမ်ရောက်လို့ ရေနွေးကြိုဖို့ မီးကြိုးတပ်လိုက်တဲ့အခါမှာ မီးမလင်းဘဲ ဖြစ်နေပါတယ်။ ချက်ချင်းဆိုသလိုပဲ သူဝယ်ယူတဲ့ စတိုးဆိုင်ကြီးသို့ အသစ်တစ်လုံးလဲပေးဖို့ ပြောဆိုတဲ့အခါ မှာ ဆိုင်ရှင်က အိမ်ရောက်ပြီးမှ မကောင်းဘူးလို့ ပြောတာဟာ လိမ်ညာချင်လို့ လုပ်တာဆိုပြီး ခါးခါးသီးသီးငြင်းဆိုခဲ့ပုံများ၊ နောက်ဆုံး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဆီကို လူကိုယ်တိုင်သွားပြီး တိုင်တန်းသူရဲ့ ရေနွေးအိုး တကယ်မီးလင်း/မလင်းကို သွားရောက် စစ်ဆေးမေးမြန်းပုံများ၊ ၎င်းကနေ စတိုးဆိုင်ကြီးဆီသို့ သွားပြီး ပထမအကြိမ် ညှိနှိုင်းပေးခဲ့ပုံ၊ စတိုးဆိုင်ရှင်ကလည်း ၎င်းပစ္စည်းဝယ်ယူသူဟာ ကုန်ရောင်းပြေစာတောင်မယူဘဲ အရေးတကြီးဆိုင်က ထွက်ခွာသွားပုံများ၊ ဒီလိုနဲ့ အကြိမ်ကြိမ်ညှိနှိုင်းပေးပုံ၊ တစ်ခါတလေ တယ်လီဖုန်းဖြင့် စေ့စပ်ညှိနှိုင်းပေးပုံများ၊ လူကိုယ်တိုင်အကြိမ်ကြိမ်သွားပြီး ဖြေရှင်းပေးပုံများ၊ နောက်ဆုံးမှာတော့ စတိုးဆိုင်ပိုင်ရှင်လည်း မနေသာတော့ဘဲ နဂိုမူလ ပစ္စည်းဝယ်သူ ( စားသုံးသူ ) ရဲ့ ဆန္ဒအတိုင်း ရေနွေးအိုးအသစ်တစ်လုံးနဲ့ လဲလှယ် ပေးခဲ့ပုံများ အစရှိသဖြင့် နားလည်လွယ်တဲ့ အမူအယာများနဲ့ပြလိုက်တဲ့ အခါမှာတော့ ဆွေးနွေးပွဲ တက်ရောက်သူအားလုံးရဲ့ မျက်နှာမှာ " ဒီလိုဖြေရှင်းရမှာကိုး " ဆိုတဲ့အသိတွေ ရရှိကြတယ်လို့ ကျွန်တော် နားလည်လိုက်ပါတယ်။

(၅)

နေပြည်တော် ဆွေးနွေးပွဲကအပြန် လွိုင်ကော်မြို့ကို ပြန်ရောက်တဲ့အခါမှာ ကျွန်တော်တို့ ကယားပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဆီ ရောက်လာတဲ့ တိုင်တန်းစာများကို စိတ်ရှည်လက်ရှည်နဲ့ ဖြေရှင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထက်ပါ သင်ခန်းစာမှာပါတဲ့အတိုင်း နူးညံ့စွာ ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ စိတ်ပင်ပန်းခံနိုင်ခြင်း၊ တိုင်ကြားသူများရဲ့ အငြင်းပွားတဲ့နေရာအထိ ကိုယ်တိုင်သွားရောက်ပြီး အခြေခံကျကျ လေ့လာလျက် တိုင်ကြားသူများရဲ့ နစ်နာမှုတွေကို သိရှိခွင့်ရရှိခြင်းနဲ့ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များကိုလည်း အမှုနဲ့ဆိုင်တဲ့ အကျုံးဝင်တဲ့ အချက်ကြီးတွေကို စည်းစနစ်ကျကျ တင်ပြနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် မိမိကိုယ်ကို ယုံကြည်မှု အပြည့်ရရှိစေပြီး ဆွေးနွေးပွဲမှရတဲ့ အကျိုးကျေးဇူးတွေကို လက်တွေ့ အသုံးချခဲ့ပါကြောင်း ဖော်ပြရေးသားလိုက်ပါတယ်။ ။

# တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်များမှ ဆိုင်ကယ်နဲ့ သုံးဘီးဆိုင်ကယ်များတင်သွင်း

ဇူလိုင် ဒုတိယပတ် အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယ နယ်စပ်များမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၈၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၃၅၈၄ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် ထိုင်းနယ်စပ်နဲ့ အိန္ဒိယ နယ်စပ်တို့မှပိုမိုတင်သွင်းခဲ့သော်လည်း တရုတ်နယ်စပ်မှ ဆိုင်ကယ် တင်သွင်းမှုလျော့ကျခဲ့သဖြင့် နယ်စပ်သုံးခုမှ ဆိုင်ကယ်ဝင်ရောက်မှု ၁၄၁၁ စီး လျော့နည်းခဲ့တယ်လို့ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

ဆိုင်ကယ်တင်သွင်းမှု အခြေအနေကိုကြည့်ပါက တရုတ်နယ်စပ်ဖြစ်တဲ့ မူဆယ်ကုန်သွယ်ရေးဇုန်မှ ၁၁၅၈၉ စီး၊ ကန်ပိုက်တီးကုန်သွယ်ရေး စခန်းမှ အစီး ၆၀၊ ထိုင်းနယ်စပ်ဖြစ်တဲ့ မြဝတီ ကုန်သွယ်ရေး ဇုန်မှ ၁၈၁၀ စီး၊ အိန္ဒိယ နယ်စပ်ဖြစ်တဲ့ တမူးကုန်သွယ်ရေး စခန်းမှ ၁၂၅ စီး အသီးသီး တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ ဇူလိုင်ဒုတိယပတ်မှာ တင်သွင်းလာတဲ့ ဆိုင်ကယ်တံဆိပ်များကတော့ Brand New 2016 Toyomax 125, နဲ့ Brand New 2016 Flymo 125 တို့ဖြစ်ပါတယ်။

အဆိုပါ ဆိုင်ကယ်များ အပြင် ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၂ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ်၅၇ စီး၊ မူဆယ် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၉ သန်းတန်ဖိုးရှိ သုံးဘီး ဆိုင်ကယ် ၁၇၆ စီးပါ တင်သွင်းနိုင်တယ်လို့ ကုန်သွယ်ရေး ဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

# ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက် ပုံမှန်တင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ဒုတိယပတ်တွင် အမေရိကန် ဒေါ်လာ ၁၇၉၀၁ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၆တန်နီးပါး တင်ပို့ ခဲ့ပါတယ်။ ယခင် သီတင်းပတ်က ၅၆တန် တင်ပို့ခဲ့လို့ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လက်ဖက် ခြောက်တွေကို ထိုင်းနိုင်ငံသို့ ပုံမှန်တင် ပို့နေတာကို တွေ့ရပါတယ်။

လက်ရှိတွင် အမေရိကန်ဈေး ကွက်သို့ ဈေးကွက်ချဲ့ထွင်နိုင်ရန် လက်ဖက် နမူနာများ စမ်းသပ်တင်ပို့ထားပြီး အမှာစာများရရှိရန် စောင့်ဆိုင်းနေကြောင်း၊ ဂျာမနီနိုင်ငံမှ GIZ အဖွဲ့အစည်း၏ အကူအညီဖြင့် လက်ဖက် ထုတ်လုပ်တဲ့ နည်းစနစ်များ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လက်ဖက် အချိုခြောက် တန်ချိန် တစ်သိန်းခွဲခန့်ကို လာမယ့် နိုဝင်ဘာလတွင် ဂျာမနီနိုင်ငံသို့ တင်ပို့မှာဖြစ်ကြောင်း မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုး တင်ပို့ရောင်းချသူများထံမှ သိရပါတယ်။

**မော်မော်အောင်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးမြစ်ချင်း တန် ၈၀ ကျော်တင်ပို့

ဇူလိုင်လ ဒုတိယပတ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဖြစ်တဲ့ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၆ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၄ တန်ခန့်ကို တင်ပို့ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်ပထမပတ်မှာ တင်ပို့မှု မရှိဘဲ ဇူလိုင် ဒုတိယပတ်မှာသာ တင်ပို့တာတွေ့ရပါတယ်။

ဇွန်တစ်လလုံး စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၅ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၂၂၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ စစ်တွေကုန်သွယ် ရေးစခန်းမှ ရေချိုငါးမြစ်ချင်းအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၈ သန်း တန်ဖိုးရှိ ချင်းအစို ၂၃ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၂ သန်း တန်ဖိုး ရှိ ဆီးယိုထုပ် ၇ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၄ သန်း တန်ဖိုးရှိ ဆီးဖတ် ၃၇ တန်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၅ သန်းတန်ဖိုးရှိ မန်ကျည်းစေ့ ၉၉ တန်ကို တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းမှသိရပါတယ်။

**ခင်မိုးသူ**

# ယမန်နှစ် ကာလတူထက် သွင်းကုန်လျော့နည်းသော်လည်း ပို့ကုန်ပိုမို

ယခုဘဏ္ဍာနှစ် ဇူလိုင် ၉ရက်မှ ၁၅ရက်အထိ ရက်သတ္တပတ်အတွင်း ပို့ကုန်၊သွင်းကုန် အခြေအနေမှာ ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၇ဒသမ ၀၉၂သန်း၊ သွင်းကုန်တန်ဖိုး အမေ ရိကန်ဒေါ်လာ ၃၀၉ ဒသမ ၀၄ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ် မှုပမာဏ အမေရိကန် ဒေါ်လာ ၅၈၆ ဒသမ၁၃၂သန်း ရရှိခဲ့ပါတယ်။ ကုန် သွယ်မှု လိုငွေမှာ ၃၁ ဒသမ ၉၄၈ သန်း ဖြစ်ပြီး ဆန်နဲ့ မတ်ပဲ တင်ပို့မှုလျော့နည်း ခဲ့ခြင်းကြောင့် ဖြစ်ပါ တယ်။

ယခု ရက်သတ္တပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် ၁၄၆ဒသမ ၅၀၂သန်းနဲ့ ကုန်သွယ် ရေးစခန်းများမှ ကုန်သွယ်မှုမှာ ၁၃၀ ဒသမ ၅၉သန်း ဆောင်ရွက်နိုင်ခဲ့ပြီး၊ ပို့ကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇၇ ဒသမ ၀၉၂သန်း၊ သွင်းကုန်မှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ၂၅၁ ဒသမ ၁၃သန်းနဲ့ ကုန်သွယ်ရေး စခန်းများမှ ၅၇ဒသမ ၉၁သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀၉ဒသမ ၀၄သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စမှ ဇူလိုင် ၁၅ရက်အထိ ပို့ကုန် တင်ပို့နိုင်မှုမှာ ပင်လယ်ရေကြောင်း ကုန်သွယ် မှုမှ အမေရိကန်ဒေါ်လာ ၁၈၂၄ ဒသမ ၁၃သန်း၊ ကုန်သွယ်ရေးစခန်းများမှ ၁၁၄၇ ဒသမ ၂၅၆သန်း၊ ပို့ကုန် စုစု ပေါင်း အမေရိကန်ဒေါ်လာ ၂၉၇၁ ဒသမ ၃၈၆သန်း၊ သွင်းကုန်မှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃၆၂၀ ဒသမ ၅၉၆သန်း၊ ကုန်သွယ်ရေးစခန်းများမှ ၇၂၁ဒသမ ၃၁၈သန်း သွင်းကုန် စုစု ပေါင်း အမေရိကန်ဒေါ်လာ ၄၃၄၁ ဒသမ ၉၁၄သန်း၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၇၃၁၃ ဒသမ ၃သန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ် ပါက ပို့ကုန်အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၃၃၅သန်း အသာစီးရနေပြီး သွင်းကုန်မှာ ၅၃၉ ဒသမ ၅၇၇ သန်း လျော့နည်းခဲ့ပါတယ်။ ထိုသို့ သွင်းကုန် လျော့နည်းရခြင်းမှာ ပင်လယ်ရေ ကြောင်း ကုန်သွယ်မှုမှ ၅၆၆ ဒသမ ၉၂၇သန်း လျော့နည်းပြီး ကုန်သွယ်ရေး စခန်းများမှ ၂၇ ဒသမ ၃၅သန်း ပိုမိုခဲ့တဲ့ အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ကာလတူထက် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၅၀၂ ဒသမ ၂၄၂သန်း လျော့နည်းနေကြောင်း စာရင်းဇယားများအရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်ပဈေးကွက်တွင် ဖျာပုံမှ ငါးမုတ်နှင့် ငါးသလောက် ဈေးကောင်းရနေ

ဖျာပုံမြို့နယ်သည် လယ်ယာ စိုက်ပျိုးခြင်း လုပ်ငန်းနှင့် ပင်လယ် ငါးဖမ်းခြင်း လုပ်ငန်းတို့ဖြင့် စီးပွားရေး ရပ်တည်နေသော မြို့တစ်မြို့ ဖြစ်ပါတယ်။ ယခုလရာသီသည် လယ်ယာ လုပ်ငန်းများကို စတင်စိုက်ပျိုး လုပ်ကိုင်ကြသော လရာသီ ဖြစ်သလို ပင်လယ် ငါးဖမ်းလုပ်ငန်းအနေဖြင့်လည်း ငါးမုတ် ငါးဖမ်းသော လရာသီလည်း ဖြစ်ပါတယ်။ ငါးမုတ်ငါးများကို ဇွန်လမှစ၍ ဩဂုတ်လအထိ ဖမ်းယူကြပါတယ်။ ငါးမုတ်သည် ဈေးကွက်ဝင်ငါးဖြစ်လို့ ပင်လယ်ငါးဖမ်း ရေယာဉ်ပိုင်ရှင်များ အနေဖြင့် သူ့လရာသီရောက်လာလျှင် ငါးမုတ်ကိုသာ ဦးစား ပေးဖမ်းလေ့ ရှိကြပါတယ်။ ဒုတိယဈေးကွက်ဝင် ငါးမှာ ငါးသလောက်ဖြစ်ပြီး ယခု အချိန်အခါသည် ငါးသလောက်ရာသီ မဟုတ်သော်လည်း လက်ကျန် ငါးသလောက် အကောင်ကြီးများကို ရရှိပြီး ဈေးကွက်မှာ ဈေးကောင်း ရရှိပါတယ်။



ငါးသလောက်ရာသီမှာ စက်တင်ဘာလကစပြီး ထိုလတွင် ၂၀-၃၀ ကျပ်သားအရွယ်များ ရရှိပါတယ်။ နိုဝင်ဘာလောက်တွင် ငါးသလောက် ၄၀-၅၀-၆၀ ကျပ်သားအရွယ်ခန့်ရှိသော အကောင်များကို ရရှိပါတယ်။တစ်နှစ်ထက်တစ်နှစ် ငါးရရှိမှုအခြေအနေမှာ ရာသီဥတုပေါ်တွင် မူတည်လျက်ရှိပြီး ပင်လယ်ထဲမှာ တစ်နှစ်ကို မုန်တိုင်း တစ်ကြိမ် နှစ်ကြိမ် ပုံမှန်ကျရောက်လေ့ ရှိပါတယ်။ ယခုထက် မုန်တိုင်း အကြိမ်ရေများလာရင်တော့ ငါးဖမ်းရေယာဉ်များ နားရက်ပိုလာကာ ငါးလည်း အရနည်းသွားမှာ ဖြစ်ပါတယ်။

ဖျာပုံမြို့နယ်မှ ငါးသလောက် ဝယ်ဈေးမှာ ၃၀၀ မှ ၅၀၀ ဂရမ်ကို ၈၀၀၀ကျပ်၊ ၅၀၀မှ ၈၀၀ ဂရမ်ကို ၁၀၅၀၀ ကျပ်၊ ၈၀၀မှ ၁၀၀၀ ဂရမ်ကို ၁၅၀၀၀ ကျပ်၊ ၁၀၀၀မှ ၁၂၀၀ ဂရမ်ကို ၁၆၀၀၀ကျပ်၊ ၁၂၀၀မှ ၁၅၀၀ ဂရမ်ကို ၁၈၀၀၀ ကျပ်၊ ၁၅၀၀ ဂရမ်အထက်ကို ၂၀၀၀၀ ကျပ်ဈေးများ ရှိပါတယ်။

ငါးမုတ်ဝယ်ဈေးမှာ ၁၀၀ ဂရမ် အောက် ၅၆၀၀ကျပ်၊ ၁၀၀ မှ ၂၀၀ ဂရမ်ကို ၁၂၅၀၀ကျပ်၊ ၂၀၀ မှ ၃၀၀ ဂရမ်ကို ၁၈၃၀၀ကျပ်၊ ၃၀၀ မှ ၄၀၀ ဂရမ်ကို ၂၅၀၀၀ကျပ်၊ ၄၀၀ ဂရမ် အထက်ကို ၃၆၅၀၀ ကျပ် ဈေးများ အသီးသီးရှိကြောင်း သိရပါတယ်။

ဖျာပုံမြို့နယ်မှ ရရှိသော ပင်လယ် ငါးများအား ရန်ကုန်သို့ တင်ပို့ပြီး ငါးများအား အေးခဲစက်ဖြင့်ခဲ၍ ရန်ကုန်မှ တစ်ဆင့် တရုတ်၊ အိန္ဒိယနှင့် ဘင်္ဂလား ဒေ့ရှ်နိုင်ငံများသို့ တင်ပို့ကြပါတယ်။ တင်ပို့သော ငါးများမှာ တရုတ်နှင့် အိန္ဒိယသို့ ငါးမုတ်၊ ငါးရွှေဝါ၊ ကတ်သမျှင်၊ ငါးရွှေနှင့် ငါးပုတ်သင်ငါးများ တင်ပို့လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးသလောက်၊ ငါးခွေးလျှာ၊ ငါးမျက်ပြူး၊ ငါးဇင်းပြားနှင့် ငါးကုလား ငါးများကို တင်ပို့လျက် ရှိပါတယ်။ ယခု နှစ် ငါး ဈေးကွက်မှာ မြင့်တက်လာဖို့ရှိပြီး တစ်ပိဿာလျှင် ၂၀၀၀-၃၀၀၀ကျပ်ခန့် ပိုမိုရရှိလာသည့်အတွက် လုပ်ငန်းရှင်များ တွက်ခြေကိုက်လျက်ရှိကြောင်း ဖျာပုံမြို့နယ် ပင်လယ်ကမ်းနီး ကမ်းဝေး လုပ်ငန်း တစ်ခုဖြစ်တဲ့ ပြည့်ဖြိုးကျော် လုပ်ငန်းကုမ္ပဏီ မှ ဦးဝေမြင့်က ပြောပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

# ထိုင်းနယ်စပ်မှဇူလိုင် ဒုတိယပတ်အတွင်း ရေထွက်ကုန် ပစ္စည်းတန်ချိန် ၂၀၀၀ ကျော်တင်ပို့

မြန်မာထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ဒုတိယပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၉၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်းမျိုးစုံ ၂၀၁၅ တန်ခန့်ကို တင်ပို့ခဲ့ပါတယ်။

တစ်ဖက်နိုင်ငံရဲ့ဝယ်လိုအားရှိတဲ့ ရေထွက်ကုန်ပစ္စည်းများကို မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၉ သန်း တန်ဖိုးရှိငါးမျိုးစုံ ၅၁ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၄ သန်းတန်ဖိုးရှိကဏန်း ၁၃ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၇ သန်းတန်ဖိုးရှိ ပုစွန်နှစ်တန်ကိုလည်းကောင်း၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၇ သန်း တန်ဖိုးရှိငါးမျိုးစုံ ၁၂၁ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၇ သန်း တန်ဖိုးရှိ ပုစွန် ၁ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၄ သန်းတန်ဖိုးရှိ ကင်းမွန်နှစ်တန်ကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ငါးမျိုးစုံ၊ အေးခဲပုစွန်၊ အေးခဲကဏန်းပျော့၊ ငါးမှုန့်၊ ရေငန်ပုစွန်၊ ငါးခြောက်၊ ပုစွန်ခြောက်နဲ့ ကင်းမွန်တို့ကို တန်ချိန်ပေါင်း ၁၈၂၂ တန် တင်ပို့ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

**ခင်မိုးသူ**

# Re-export နဲ့ ဘယ်လိုကုန်သွယ်ကြမလဲ

|မယ်သီတာ|

အခုခေတ်ကာလ ကုန်သွယ်မှု လောကတစ်ခွင်မှာ ကြားနေရတဲ့ စကားတစ်ခွန်းကတော့ Re-export စနစ်နဲ့ ကုန်သွယ်မှုပြုခြင်းပါ။ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုလောက တစ်နည်းအားဖြင့် မြန်မာ့ကုန်သည်လောကမှာ Re-export စနစ် ပေါ်ထွန်းလာတာ သိပ် မကြာသေးတော့ ကုန်သည်တော်တော်များများသာမက ပြည်သူတွေပါ ဒီစနစ်နဲ့ အကျွမ်းတဝင် မဖြစ်ကြသေး။

Re-export စနစ်နဲ့ ကုန်သွယ်မှု ပြုမယ်ဆိုရင် Re-export စနစ်ရဲ့လုပ်ထုံးလုပ်နည်းတွေ၊ Re-export စနစ်မှာ ဘယ်လို ကုန်ပစ္စည်းတွေကိုကုန်သွယ်မှုပြုနေသလဲ။ နိုင်ငံတော်ကရော ဘယ်လောက်အတိုင်းအတာအထိခွင့်ပြုထားသလဲ။ စတဲ့စတဲ့အခြေခံ အချက်တွေကို သိထားဖို့ လိုအပ်လှပါတယ်။

Re-export စနစ်ကို ကျင့်သုံးနိုင်ဖို့အတွက် စီးပွားရေးနဲ့ ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီရဲ့ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်မှာကျင်းပတဲ့ (၆/၂၀၁၆) အစည်းအဝေးမှာ အတည်ပြုပေးခဲ့ပါတယ်။

အဲဒီ အတည်ပြုချက် အရကုန်သွယ်ရေးဦးစီးဌာနရဲ့ ၂၀၁၆ခုနှစ်၊ မတ်လ ၇ ရက်၊ ရက်စွဲပါ ရုံးတွင်းညွှန်ကြားစာ အမှတ် (၁/၂၀၁၆)နဲ့ ၂၀၁၆ ခုနှစ် မတ်လ ၁ရက်မှစတင်ကာ Re-export စနစ်ကို စတင်ကျင့်သုံးခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒီကြေညာချက်အရ ကွမ်းသီး၊ သကြားနဲ့ စက်သုံးဆီတို့ကို Re-export စနစ်နဲ့ တင်ပို့တင်သွင်းခွင့် ပြုပေးခဲ့ပါတယ်။ ဒ့ါအပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲ ရေးကော်မတီရဲ့ ၂၀၁၆ခုနှစ် ဇွန်လ ၁၇ ရက်မှာ ကျင်းပတဲ့(၉/၂၀၁၆) အစည်းအဝေးကနေ နောက်ထပ် ကုန်ပစ္စည်း အမယ် ၁၄ မျိုးကို Re-export စနစ်နဲ့ ကုန်သွယ်မှုပြုရေးအတွက် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဲဒီကုန်ပစ္စည်းအမယ်တွေကတော့ ကားတာယာ၊ နှမ်း (နှမ်းဖြူ၊ နှမ်း နက်)၊ ပြုပ်သီးခြောက်၊ မြေပဲ၊ ဝါဂွမ်း၊ ပဲပုပ်စေ့၊ ချည်မျှင်၊ သစ်သီးအစို၊ လျှပ် စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အချိုရည်အမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများ၊ အဝတ်အထည်၊ စားသုံးဆီနဲ့ ကြက်သွန်ဖြူတို့ပဲ ဖြစ်ပါတယ်။

ထပ်မံခွင့်ပြုခဲ့တဲ့ ကုန်ပစ္စည်းအမယ်များအနက် ကားတာယာကိုတော့ ပြည်တွင်းရော်ဘာမထွက်ရှိမီ စမ်းသပ်ကာလ သုံးလခွင့်ပြုထားတာဖြစ်ပါတယ်။ အဲဒီ သုံးလအတွင်းမှာ အမှန်တကယ် လုပ်ငန်းဆောင်ရွက်နိုင်မှု ပမာဏအပေါ် မူတည်သုံးသပ်၍ ဆက်လက်ခွင့်ပြုပေး သွားမှာဖြစ်ပါတယ်။

**Re-export စနစ်ဆိုတာ ဘာလဲ။**

Re-export စနစ်ဆိုတာ ပြည်ပမှ ကုန်ပစ္စည်းများကို တင်သွင်း၍ မူလအတိုင်း ဒါမှမဟုတ် မြန်မာနိုင်ငံအတွင်းမှာ မူလပင်ရင်းနိုင်ငံ မပြောင်းလဲစေဘဲ ပြုပြင်ထုတ်လုပ်ပြီး အခြားတစ်နိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းကို ခေါ်ဆိုတာဖြစ်ပါတယ်။

**ဘယ်လိုကုန်သွယ်မှုလမ်းကြောင်းတွေကနေ ကုန်သွယ်မှုပြုမလဲ။**

Re-export စနစ်နဲ့ ကုန်သွယ်ရာမှာ လမ်းကြောင်း သုံးခုနဲ့ တင်ပို့တင်သွင်း နိုင်ကြပါတယ်။ အဲဒီလမ်းကြောင်း သုံးခုကတော့-

(၁) ပင်လယ်ရေကြောင်းမှ တင်သွင်းပြီး နယ်စပ်စခန်းများမှ ပြန်လည် တင်ပို့ ခြင်း၊
(၂) နယ်စပ်စခန်းများမှတင်သွင်းပြီး နယ်စပ်စခန်းများမှ ပြန်လည်တင်ပို့ခြင်း၊
(၃) နယ်စပ်စခန်းများမှတင်သွင်းပြီး ပင်လယ်ရေကြောင်းမှ ပြန်လည်တင်ပို့ခြင်းတို့ပဲ ဖြစ်ပါတယ်။

**မှတ်ပုံတင်ရန် နည်းလမ်းများ**

Re-export စနစ်နဲ့ကုန်သွယ်ရာမှာ မြန်မာနိုင်ငံသား ကုမ္ပဏီများကိုသာ ခွင့်ပြုပေးထားပါတယ်။ မြန်မာနိုင်ငံသား ကုမ္ပဏီတွေဟာ Re-export စနစ်နဲ့ ကုန်သွယ်ဖို့ ခွင့်ပြုထားတဲ့ ကုန်ပစ္စည်းတွေကို ကုန်သွယ်မှုပြုနိုင်ရန်အတွက် မှတ်ပုံတင်ကတ်ပြားပြုလုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီမှတ်ပုံတင်ကတ်ပြားကိုတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှာ ပြုလုပ်ရမှာဖြစ်ပါတယ်။

Re-export မှတ်ပုံတင်ကတ် လျှောက်ထားရာမှာတင်ပြရမယ့် စာရွက်စာတမ်းတွေကတော့ -

(၁) ကုမ္ပဏီ Letter Head ဖြင့် လျှောက်လွှာ၊
(၂) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မူရင်း/မိတ္တူ)၊
(၃) ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပေးသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်(မူရင်း/မိတ္တူ)
(၄) ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာစာရင်း (Form VI) (မူရင်း/မိတ္တူ)
(၅) ဒါရိုက်တာအဖွဲ့ဝင်အမည် စာရင်း (Form XXVI) (မူရင်း/မိတ္တူ)
(၆) သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့ စည်းမျဉ်းစာအုပ် (မူရင်း/မိတ္တူ)
(၇) ပစ္စည်းများ တစ်ဆင့်ခံသို လှောင်ရန်အတွက် Warehouse အမှန်တကယ်ရှိကြောင်း တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလိုင်စင်(Warehouse တည်နေရာ၊ အမျိုးအစား၊ အကျယ်အဝန်း၊ ဓာတ်ပုံအထောက်အထားများနှင့် တကွ တင်ပြရန်)
(၈) ကုန်သွယ်မှုလုပ်ငန်းအတွက် နိုင်ငံခြားငွေဖြင့် ဖွင့်လှစ်ထားသည့် ဘဏ်စာရင်းစာအုပ် (မူရင်း/မိတ္တူ)

**Re-export စနစ်အတွက် ပေးသွင်းရမယ့် အခကြေးငွေများ**

Re-export စနစ်နဲ့ကုန်သွယ်မှု ပြုရာမှာ ပေးသွင်းရမယ့် အခကြေးငွေ များကို နိုင်ငံတော်က တရားဝင်သတ် မှတ်ပေးထားပါတယ်။ အဲဒီအခကြေး ငွေတွေကို ကုန်သွယ်ရေးဦးစီးဌာနရဲ့ ငွေစာရင်းကို ပေးသွင်းရမှာ ဖြစ်ပါတယ်။

➲ ဆက်လက်ဖော်ပြပါမည်။

# Euromoney မှ ပေးအပ်ချီးမြှင့်သည့် Best Bank in Myanmar ဆုကို ကမ္ဘောဇဘဏ်မှ တတိယအကြိမ်မြောက်အဖြစ်ရရှိ

ကမ္ဘောဇဘဏ်လီမိတက်သည် Euromoney မှ ပေးအပ်ချီးမြှင့်သည့် Best Bank in Myanmar ဆုကို သုံးနှစ်ဆက်တိုက်ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဆုကို ဇူလိုင်လ ၁၄ ရက်က ကျင်းပခဲ့သည့် ဟောင်ကောင်ရှိ ရှန်ဂရီလာဟိုတယ်တွင် Euromoney Awards for Excellence 2016 အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

ယင်းဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကမ္ဘောဇဘဏ်၏ကိုယ်စားပြုအဖြစ် ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်မှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညို မြင့်၊ ကမ္ဘောဇဘဏ်၏အထွေထွေမန်နေဂျာများဖြစ်ကြသည့် ဒေါ်ခင်နှင်းယု၊ ဒေါ်ဝင်းဝင်းထိုက်တို့နှင့်အတူ အခြားသောအကြီးတန်းစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီးအာရှဒေသတွင်းမှ နိုင်ငံပေါင်း ၂၅ နိုင်ငံ၏ကိုယ်စားပြုဘဏ်ပေါင်း ၄၈ ခုမှ ဘဏ်ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်း ၁၈၀ ကျော်တက်ရောက်ခဲ့ကြသည်။

"ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး ကျွန်တော်တို့ကမ္ဘောဇဘဏ်ကို မြန်မာနိုင်ငံရဲ့ အကောင်းဆုံးဘဏ်တစ်ခုအဖြစ် အခုလိုတတိယအကြိမ်မြောက် အသိအမှတ်ပြုခြင်းခံခဲ့ရတဲ့အတွက် တကယ်ပဲ ဂုဏ်ယူဝမ်းမြောက်ရပါတယ်။ ဒီလိုအောင်မြင်မှုအသီးအပွင့်များရရှိလာရခြင်းကလည်း အကောင်းဆုံးဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးနေတဲ့ ကျွန်တော်တို့ရဲ့ ဘဏ်ဝန်ထမ်းများနဲ့ ကျွန်တော်တို့အပေါ်မှာ ယုံကြည်မှုအပြည့်အဝပေးပြီး စဉ်ဆက်မပြတ် အားပေးခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ သုံးစွဲသူပြည်သူလူထုကြောင့်သာ ဖြစ်ပါတယ်လို့ စီမံခန့်ခွဲမှုအဖွဲ့ကိုယ်စား ကျွန်တော်ကပဲ ပြောကြားပါရစေ။ ဆက်လက်ပြီးလည်း မြန်မာနိုင်ငံရဲ့ဘဏ်လုပ်ငန်းများနဲ့ ငွေကြေးဆိုင်ရာကဏ္ဍများမှာ ပိုမိုတိုးတက် ဖွံ့ဖြိုးလာဖို့ အစွမ်းကုန် ကြိုးပမ်းသွားပြီး မြန်မာနိုင်ငံရဲ့ အားမာန်တစ်ခုအနေနဲ့ ကျွန်တော်တို့ ရပ်တည်သွားမှာပါ"ဟု ကမ္ဘောဇဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးအောင်ကျော်မျိုးက ပြောကြားခဲ့ပါသည်။




Euromoney သည် နိုင်ငံအသီးသီးမှ ဘဏ်များကို နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နှင့်ကမ္ဘာ့အဆင့်အလိုက် သတ်မှတ်ကာ "အကောင်းဆုံးဘဏ်များ"ဟူသည့်အမည်ဖြင့်နှစ်စဉ်ဆုများ ပေးအပ် ချီးမြှင့်လျက်ရှိသည်။ ကမ္ဘောဇဘဏ်အား Best Bank in Myanmar 2016 ဆုကို ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ကမ္ဘောဇဘဏ်အား အများပြည်သူမှ ယုံကြည်စွာဖြင့် အပ်နှံထားရှိသော အပ်နှံငွေ (Deposit)ပမာဏနှင့် ဝန်ဆောင်မှုမှရရှိသော ဝင်ငွေနှင့် အမြတ်ငွေများ တစ်နှစ်ထက် တစ်နှစ်ပိုမိုများပြားလာပြီး တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံးဖြစ်ခြင်း၊ ဘဏ်ခွဲ ၄၀၀ ကျော်အထိ တိုးချဲ့ဖွင့်လှစ်၍ နိုင်ငံတစ်ဝန်းရှိပြည်သူများအား အကောင်းဆုံး ဘဏ်ဝန်ဆောင်မှုများပေးနိုင်ခြင်း၊ နိုင်ငံတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးရေးအတွက် ချေးငွေအများဆုံး ထုတ်ပေး နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြု ခြင်း၊ ခေတ်မီ Oracle Flexcube Centralized Core Banking System ဖြင့် ဘဏ်ခွဲများတစ်ခုနှင့်တစ်ခုချိတ်ဆက်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အချိန်တိုအတွင်းတိကျလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်၍ နိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း၊ e-commerce နှင့် online ငွေပေးချေမှု များအတွက် မြန်မာနိုင်ငံတွင် ပထမဆုံး Electronic Payment Gateway ဝန်ဆောင်မှုကို စတင်နိုင်ခဲ့ပြီး Mobile Banking, Internet Banking, Quick Pay ဝန်ဆောင်မှုများ၊ နိုင်ငံ တစ်ဝန်းလုံး ATM စက်အများဆုံး ဖြန့်ကျက်ထားပြီး Debit Card များ၊ ပြည်တွင်း/ပြည်ပသုံး Prepaid Card များ၊ Credit Card များဖြင့် ဝန် ဆောင်မှုပေးနိုင်ခြင်းအပါအဝင် ခေတ်မီ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှု အမျိုးမျိုးဖြင့် ပြည်သူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ခြင်း၊ နှစ်စဉ်နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်အများဆုံးသယ်ပိုးထမ်းဆောင် နိုင်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း များအတွက် အများဆုံးပံ့ပိုးလှူဒါန်းခြင်း စသည်တို့ကြောင့် ဤဆုကို ချီးမြှင့်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

**မယ်သီတာ**



Daily Essentials Co., Ltd.
800 g
25 kg
Essentia
Refined Sugar
Product of Thailand
Wholemilk Powder
Product of New Zealand
LEE BISCUITS
WAFERS
LEE
Sugar Crackers
Biskut Kraker Gula
20 packs x 3 pcs
BEST QUALITY 1
Products
Whole Milk Powder
Refined Sugar (Thai)
LEE BISCUITS
Daily Essentials Company Limited
Email:dailyessentials23@gmail.com



အဆင်မြင့်အကောင်းဆုံး
ဟင်းချက်ဆီ
Vegetable Oil
Saji
Quality CP-6
Vitamin E
Cholesterol Free
Good For Frying



ကျန်းမာရေးအတွက်
အကောင်းဆုံးထူးကဲ
အရသာပြည့်စုံစေတာ
100% Pure
ZADE နေကြာဆီ
နှင့် သံလွင်ဆီ
ZADE
Olive Oil & Sun Flower Oil
HALAL
100% No Cholesterol



MOTHER'S CHOICE
SOFT MARGARINE
မေမေ့အကြိုက် မားသားချွိုက်စ်
Vitamin A-B-D-E
HALAL
Hot Line: : 01 9010045, 09 73248613
www.gwe-myanmar.com



AKIRA
Tumbler Dryer
Air Vented Dryer
7Kg Net Capacity
Moisture Sensing
Anti-crease Function
ENERGY SAVING
TD-772V
SemiAuto Washer
WM-SA100MG
Freezer
Air conditioner
Distributer-
WORKSPACE Co.,Ltd
No.158, second floor, 50th street, Pazuntaung Township, Yangon.
Ph- 09 73242108, 09 73242109, 09 73242110



MMA
မြန်မာအင်ဂျင်နီယာများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည်
မိုးမြင့်အာကာ ကုမ္ပဏီလီမိတက်
ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၇၂၄/ ၂၀၁၂–၂၀၁၃
အရည်အသွေးပြည့်မီသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုသာ အသုံးပြုသည်။
အထပ်နိမ့်၊ အထပ်မြင့် အဆောက်အဦများဆောက်လုပ်ခြင်း။
(PAE စနစ်၊ အခန်းပေးအခန်းယူစနစ်)
လျှပ်စစ်ဝန်ကြီးဌာနအသိအမှတ်ပြုကွန်ကရစ်တိုင်လုပ်ငန်းများဆောင်ရွက်ခြင်း။
ပါကေး၊ လျှာထိုးခင်းခြင်း၊ ကြွေပြား၊ ကျောက်ပြားကပ်ပေးခြင်း။
အသင့်နေထိုင်နိုင်သော တိုက်ခန်းများကိုလည်း ရောင်းချပေးနေပါသည်။
အမှတ်–၂၅၇၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်းမ၊ ရန်ကုန်မြို့။
၀၁–၂၅၂၅၂၅၊ ၀၉–၄၇၀၅၃၄၀၁
အမှတ်–၂၄၆၊ သီရိနန္ဒာ(၂၈)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
၀၉–၅၁၄၀၁၃၀၊ ၀၉–၇၃၁၆၅၈၁၀၊ ၀၉–၄၇၀၅၃၄၀၁
အမှတ်–၄၄၇၊ စံပြလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့။
၀၉–၆၈၁၃၉၉၁၊ ၀၉–၅၁၃၆၅၀၆၊ ၀၉–၄၇၁၁၃၀၂၂၊ ၀၉–၂၁၁၀၉၂၀
၀၇၁–၂၃၁၃၃


MADE IN USA
Spectrol
1987
Industrial & Motor Oil
အမေရိကန်နိုင်ငံမှ ထုတ်လုပ်တင်သွင်းလာသော API (American Petroleum Institute) အသိအမှတ်ပြုလက်မှတ်ရ
ကမ္ဘာ့အဆင့်မြင့် အင်ဂျင်ဝိုင်အမျိုးအစားဖြစ်ပါသည်။
ကမ္ဘာ့အဆင့်မြင့်အင်ဂျင်ဝိုင်
Hot Line 09 420068695
Myanmar Tha Gyee Co.,Ltd
မြန်မာသူကြီးကိုရီးယားကားနှင့် Car Spare Parts အရောင်းစင်တာ
ကိုရီးယားကားနှင့် ကားပစ္စည်းအရောင်းစင်တာ (1-2-2016)နေ့မှစ၍
အမှတ် (J 40-41) သီရိရတနာဈေး၊ (၃)ရတိုးချဲ့ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ (အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး)သို့
ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များကို
အသိပေးအကြောင်းကြားအပ်ပါသည်။
Spare Parts
ရုံးချုပ် - အမှတ်(၇၄)၊ ပထမထပ်ညာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၂၂၇၄၆၉၊ ၀၉ ၇၃၂၁၃၀၀၂
အရောင်းဆိုင် - သီရိရတနာဈေးသစ်၊ အမှတ် (J 40-41)၊ (၃)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး)၊
ဖုန်း - ၀၉၄၂၂၂၆၈၇၇၊ ၀၉၄၂၂၁၉၇၆၆၃
Email : myanmarthagyee@gmail.com

**စာမျက်နှာ ၃ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ သတင်းမှအဆက်**

ဒုတိယသမ္မတ H.E General Kiwanuka Ssekandi တို့က ဖွင့်လှစ်ပေးခဲ့ပြီး၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် သက်ဆိုင်သော ဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ပညာရှင်များ စုစုပေါင်း ၃၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ကုန် သွယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ (၁၄) ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေး UNCTAD XIV သို့ တက်ရောက်စဉ်ကာလအတွင်း ဇူလိုင် ၁၉ ရက်တွင် ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနမှ ညွှန်ကြားရေးမှူး Ms. Iwona Woicka-Zulawska ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင် ရွက်နိုင်မည့် အလားအလာကောင်းများနှင့်ပတ်သက်၍ လည်းကောင်း၊ ဇူလိုင် ၂၀ ရက်တွင် International Trade Center ၏ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Arancha Gonzalez နှင့် တွေ့ဆုံ၍ အသေးစားနှင့် အလတ်စားလုပ်ငန်း များ ဖွံ့ဖြိုးရေးအတွက် ICT နှင့်ပူးပေါင်း ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## ပြောင်း

# တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှု လျော့ကျ

ရွှေလီမြစ်ကြောင်းတစ်လျှောက်ရှိ ကုန်ပစ္စည်း သယ်ယူရာ ဇက်ဆိပ်များတွင် ရေကြီးခြင်းကြောင့် မော်တော်ယာဉ်များ သွားလာ၍မရသဖြင့် တင်ပို့မရခဲ့တာကြောင့် ပြောင်းတင်ပို့မှု လျော့နည်းခဲ့ပါတယ်။ ဇူလိုင်ဒုတိယပတ်တွင် တရုတ်နယ်စပ်စခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၃ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့တန်ချိန် ၈၀၃၃ တန်တင်ပို့ခဲ့ရာ မူဆယ်မှ ၄၉၉၈ တန်ခွဲ၊ လွယ်ဂျယ်မှ ၂၇၇၅ တန်ကျော်နဲ့ ချင်းရွှေဟော်မှ တန်ချိန် ၂၆၀ ကျော် တင်ပို့ခဲ့ပါတယ်။ ယခင် သီတင်းပတ်က မူဆယ်၊ လွယ်ဂျယ်၊ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းစုံမှ ပြောင်းဖူးစေ့ ၁၃၇၂၁ တန်ခွဲတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ပြောင်းတင်ပို့မှု ၅၆၈၇ တန်ကျော် လျော့နည်းသွားခဲ့ ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇူလိုင် ၈ ရက်က ပြောင်းတစ် တန်ကို ၂၇၈၀၈၅ ကျပ်ရှိရာမှ ဇူလိုင် ၁၅ ရက်တွင် ၂၈၁၇၃၁ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်လာခဲ့ပါတယ်။ ကားဝင်ရောက်မှုမှာ ယခုတစ်ပတ်တွင် ၂၅၈ စီး ဝင်ရောက်ခဲ့ကြောင်း၊ အရည်အသွေးပေါ်မူတည်ပြီး အရောင်းအဝယ် ဖြစ်ကြောင်း၊ တရုတ်ဘက်တွင် ရွှေလီမြစ်ရေကြီးသည့်အတွက် ကားဖြင့်သယ်ယူရာတွင် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။ **မော်မော်အောင်**



## သကြား

# မူဆယ်မှ သကြားပုံမှန်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇူလိုင်ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၈၀ သန်းတန်ဖိုးရှိ သကြား ၄၅၂၁၉ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၄၈၇၇၄ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်သကြားတင်ပို့မှု ၃၅၅၅ တန်ကျော် လျော့နည်းခဲ့ပေမယ့် တရုတ်နိုင်ငံသို့ သကြားပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။ ယခုတစ်ပတ်တွင် ပြည်တွင်း သကြားဈေးမှာ တစ်တန်လျှင်ကျပ် ၈၅၀၀၀၀ ရှိနေပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် (၂၄၂-၂၄၉) ယွမ်အထိ ဈေးရရှိကြောင်း သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၉၃ သန်းတန်ဖိုးရှိ သကြား ၅၂၆၀ တန်ကျော် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၂၀၇ တန်ခွဲတင်သွင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ မြဝတီမှ သကြား တင်သွင်းမှု လျော့ကျခဲ့တာတွေ့ရပါတယ်။ **မော်မော်အောင်**

## ရော်ဘာ

# ရော်ဘာဈေးနှုန်းကျဆင်းရာမှ ပြန်လည်မြင့်တက်လာ

ယခုရက်သတ္တပတ်အတွင်းတွင် ပြည်ပသို့ရော်ဘာတင်ပို့မှုမှာ နယ်စပ်ကုန်သွယ်ရေးမှရော ရေကြောင်းလမ်းမှပါ တင်ပို့မှုပမာဏကျဆင်းခဲ့ပြီး ဈေးနှုန်းအခြေအနေမှာမူ အပြည်ပြည်ဆိုင်ရာ ရော်ဘာဈေးကွက်တွင် ရော်ဘာဈေးနှုန်းမြင့်တက်လာမှုကြောင့် မြန်မာ့ရော်ဘာဈေးနှုန်းလည်း မြင့်တက်လာတာကို တွေ့ရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၇ သန်းတန်ဖိုးရှိ ရော်ဘာ ၆၇၃ တန်ခန့် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်(၁၀၅) မိုင်မှ RSS 3 ၃၆၃ တန် ကျော်နဲ့ MSR 20 ၁၀၅ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 ၃၆တန်နဲ့ MSR 50 တန် ၁၄၀၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ RSS 3 ၂၈ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှု ၇၅၅ တန်လျော့နည်းခဲ့သော်လည်း၊ မူဆယ်ကုန်စည်ဒိုင်မှ ရော်ဘာဈေးတစ်တန်ကို ၁၇၉၉၁ ကျပ်ဈေးအထက်ရှိခဲ့ကြောင်း သိရှိရပါတယ်။ RSS 3 တစ်တန်ဈေးမှာ ၁၃၉၀၁၂၂ ကျပ်ဖြစ်ကြောင်း မူဆယ်ကုန်စည်ဒိုင်ဈေးနှုန်းအရ သိရှိရပါတယ်။

ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၈ သန်းတန်ဖိုးရှိ ရော်ဘာတန် ၃၂၀ ကျော်တင်ပို့ခဲ့ပြီး မလေးရှား နိုင်ငံသို့ RSS 3 တန် ၁၀၀၊ တရုတ်နိုင်ငံသို့ MSR 20 TSR ၂၀၁ တန်ကျော်နဲ့ ဂျပန်နိုင်ငံသို့ MSR 20 ၁၉ တန်ခန့်အသီးသီး တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၃၀၀ ကျော်လျော့နည်းခဲ့ပါတယ်။

ယခင်တစ်ပတ်က တစ်တန်ကို ဒေါ်လာ ၅၀ ဈေးကျသွားတဲ့ နိုင်ငံတကာရော်ဘာဈေးဟာ ယခုတစ်ပတ်မှာ တစ်တန်ကို ဒေါ်လာ ၅၀ ကျော်ပြန်တက်လာပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်းတက်လာပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်။

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၄၀၀-၁၅၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၅၀-၁၄၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၀၀-၁၄၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅၀-၁၃၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၀၀-၁၃၀၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၀၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၅၅၀-၁၆၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၀၀-၁၄၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅၀-၁၃၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၅၀-၁၂၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၀၀** |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၃၅၀ -၁၄၅၀** |
| **Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၆၅၀ -၁၇၅၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၆၀ - ၁၀၁၀** |

ယဉ်ယဉ်အေး

# မန္တလေးမြို့တွင် ပထမဆုံးအကြိမ် အိမ်ခြံမြေအရောင်းပြပွဲ ကျင်းပမည်

မန္တလေးမြို့တွင် ပထမဆုံးအကြိမ် အိမ်ခြံမြေအရောင်းပြပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အိမ်ခြံမြေအရောင်းပြပွဲကြီးကို မြန်မာနိုင်ငံ၏ နံပါတ်တစ် အိမ်ခြံမြေရောင်းဝယ်ငှားဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် iMyanmarHouse ကကြီးမှူး၍ ကျင်းပခြင်းဖြစ်သည်။

iMyanmarHouse သည် ရန်ကုန်မြို့တပ်မတော်ခန်းမတွင် သုံးကြိမ်ကျင်းပခဲ့ပြီး စင်ကာပူနိုင်ငံရှိပင်နီစူလာ ပလာဇာဝန်းကျင်တွင်လည်း နှစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အခုကာလဟာ မိုးရာသီကာလဖြစ်တဲ့အတွက် အရောင်းမြှင့်တင်နိုင်ဖို့ နဲ့ မြန်မာပြည်အထက်ပိုင်းမှာရှိတဲ့ အိမ်ခြံမြေလုပ်ငန်းရှင်များရဲ့တောင်းဆိုချက်ကြောင့် အခုလိုမန္တလေးမြို့မှာ ပထမဆုံးအကြိမ် သွားရောက်ကျင်းပဖြစ်ခဲ့တာပါ"ဟု iMyanmarHouse ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးနေမင်းသူက ပြောကြားခဲ့သည်။

အဆိုပါပြပွဲကို ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့၊ မြို့တော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်း အသိပညာရှင်၊ အတတ်ပညာရှင်များအား ဖိတ်ခေါ်ကာ ဟောပြောပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြပွဲသို့ လာရောက်သူများအား ကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိသည့် ဖုန်းများ၊ တက်ဘလက်များ အပါအဝင် လျှပ်စစ်ပစ္စည်းများကိုလည်း ကံစမ်းမဲများ ဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ချောင်းဦးမြို့၊ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၁၂ ရက်တွင် ချောင်းဦးမြို့၊ အမက(၁)၊ အမက(၇)၊ အမက(၁၂)နှင့် အမှတ်(၅)အလကခွဲကျောင်းတို့၌လည်းကောင်း၊ ၁၃ ရက်နေ့တွင် အမက(၄)၊ အမက(၂)၊ အမှတ်(၃)မူလွန်ကျောင်းတို့၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါသည်။



အဆိုပါဟောပြောပွဲတွင် ချောင်းဦးမြို့နယ်တာဝန်ခံ ဦးဇော်ဝင်းက စာသင်ကျောင်းရှိ ကလေးများအား အန္တရာယ်ရှိသော ခြင်ဆေးခွေအကြောင်းများနှင့်ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများ၊ ပလတ်စတစ်ကျွတ်ကျွတ်အိတ်များ၏ ဘေးထွက်ဆိုးကျိုးများ၊ စားသုံးဆီအတုများ၊ အရောများနှင့် စံမညီမြေပဲဆီများ၏အကြောင်း၊ ဟင်းချိုမှုန့်လွန်ကဲစွာ စားသုံးခြင်းကြောင့် သတိမေ့တတ်ခြင်း၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ အရိုးပွခြင်း၊ အရိုးကျွတ်ဆတ်ရောဂါများရရှိနိုင်ခြင်း၊ နောက်ဆုံးကင်ဆာရောဂါအထိ ဖြစ်ပွားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒေါ်သူဇာကျော်နှင့်ဒေါ်တင်မာဝေတို့က စားသုံးရန်မသင့်သည့်အစားအသောက်များနှင့်ဆိုးဆေးများဖြင့် ပြုလုပ်ထားသော အစားအသောက်များကို စားသုံးရန်မသင့်ကြောင်း စားသုံးမိပါက ကင်ဆာရောဂါများဖြစ်ပွားနိုင်ကြောင်းစသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ/ဆရာမ ၅၇ ဦး၊ ကျောင်းသား/သူ ၁၁၈၃ ဦး၊ ဈေးသည်သုံးဦး၊ လေ့လာသူသုံးဦး၊ စုစုပေါင်း ၁၂၄၆ ဦးတက်ရောက်ခဲ့ပါသည်။ လက်ကမ်းစာစောင်များနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့် အစားအသောက်များစာရင်းကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **သူဇာကျော်(မုံရွာ)**

## ကသာမြို့နယ်အတွင်းရှိ ကျေးရွာမူလတန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများကျင်းပ

ကသာမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇူလိုင်လ ၄ ရက်နေ့တွင် ကသာမြို့နယ်၊ နတ်ရေတွင်းမူလွန်တွင်လည်းကောင်း၊ ဇူလိုင်လ ၆ ရက်နေ့တွင် အောင်လုံကျေးရွာ အမကနှင့် ပြည်သာယာအမကတို့တွင်လည်းကောင်း၊ ဇူလိုင်လ ၇ ရက်နေ့တွင် အထက်ချောင်းအမှတ်(၁၀၉) အမကနှင့်ရွှေပြည်သစ်အမှတ် (၁၀၇) အမကတို့တွင်လည်းကောင်း၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ကပ္ပလိပ်မူလွန်နှင့် အင်းဒဂန့်ကျေးရွာတို့တွင်လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ကျင်းပခဲ့ပါတယ်။

အဆိုပါဟောပြောပွဲများသို့ ကျောင်းအုပ်ကြီးနှင့်တကွဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၉၉၆ ဦး တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲတွင် တာဝန်ရှိသူအသီးသီးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖွဲ့စည်းထားရှိမှု၊ လုပ်ပိုင်ခွင့်နှင့်တာဝန်များအကြောင်း၊ တိုင်ကြားစာပုံစံများအကြောင်း၊ ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ ကွမ်းတို့၏ပတ်ဝန်းကျင်ထိခိုက်မှုနှင့်နောက်ဆက်တွဲဖြစ်ပွားနိုင်သောရောဂါအန္တရာယ်များအကြောင်း၊ စံမညီမြေပဲဆီနှင့် အချိုမှုန့်များအကြောင်း၊ အရောင်ဆိုးဆေးများ၏ အန္တရာယ်များအကြောင်း၊ အန္တရာယ်ရှိမုန့် မျိုးစုံအကြောင်းနှင့်အန္တရာယ်ရှိ အသင့်စားသောက် ဖွယ်ရာများတွင် တာရှည်ခံဆေးများထည့်သွင်းထားသောကြောင့် မစားသုံးသင့်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

ဟောပြောပွဲသို့ တက်ရောက်လာသူများအားလုံးကို “ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ” လက်ကမ်း စာစောင်များနှင့်ကျန်းမာရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များစာရင်း၊ စံမညီမြေပဲဆီများစာရင်း၊ အရည်အသွေးအာမခံချက်မရှိသော သောက်ရေသန့်များစာရင်းကို ဖြန့်ဝေခဲ့ပါကြောင်း သတင်းရရှိပါတယ်။ **ခင်ချိုမြင့်(ကသာ)**

## ဖျာပုံခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဇွန်လအတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန (FDA)မှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့တို့သည် ဖျာပုံမြို့အပြောင်ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း အမှတ် (၈၉)တွင် ဇွန်လ ၂၁ ရက်က စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲအား ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ စည်ပင်သာယာအဖွဲ့မှ ဒုတိယဦးစီးမှူးနှင့် ကျန်းမာရေးဦးစီးဌာန (FDA)မှ တာဝန်ရှိသူတစ်ဦးတို့က စားသုံးသူများသိရှိထားရမည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များကိုသာ ရွေးချယ်စားသုံးရန်လိုအပ်မှုများ၊ ဆိုးဆေး၏ အန္တရာယ် ပေးမှုများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ ကြပါတယ်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော အစားအသောက်များအား ဝင်ရောက်ကြည့်ရှုလေ့လာရာ လက်သုပ်စုံရောင်းသော ဈေးသည်များအနေဖြင့် အစားအသောက်များအား ယင်လုံဇကာများ ဖုံးအုပ်ထားရန်နှင့် အသုပ်သုပ်သည့်အခါ လက်ကို လက်အိတ်စွပ်ထားရန်၊ အချို့ ငရုတ်ဆီများသည် ဆိုးဆေးပါဝင်မှုများရှိနေသဖြင့် လတ် ဆတ်သော မန်ကျည်းသီး အချဉ်ရည်ကို အသုံးပြုရန်၊ သက်တမ်းလွန်မုန့်များ၊ အရုပ်နှင့်တွဲဖက်ရောင်းချနေသော အစားအစာများ မရောင်းချရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားသို့ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဆရာ/ဆရာမများ၊ ကျောင်းဈေးသည်များ စုစုပေါင်း ၄၃၆ ဦး တက်ရောက်ခဲ့ပါတယ်။

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်တို့တွင် ဌာနမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများသို့ ဇွန်လအတွင်း စားသုံးသူ အသိပညာပေးဟောပြောပွဲ (၂၇)ပွဲ၊ ဈေးရုံ၊ ဈေးတန်း၊ စတိုးဆိုင်၊ လက်ကား ဖြန့်ချိရေးသိုရုံများသို့ ကွင်းဆင်းစိစစ် အသိပညာပေးခြင်း (၂၄)ပွဲ၊ ဈေးကွက်မရောက်မီ လုပ်ငန်းရှင်များ ထုတ်လုပ်နေသော ထုတ်ကုန်များ လုံခြုံ စိတ်ချရမှု ရှိစေရန် ကွင်းဆင်း အသိပညာပေးခြင်း(၆)ပွဲ စုစုပေါင်း (၅၇)ပွဲအား ဆောင်ရွက်ခဲ့ကြကြောင်း ဖျာပုံခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ သတင်းရရှိပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

## မဟာအောင်မြေမြို့နယ်၊ မန်းမြို့ဈေးမှာ စားသုံးသူအကာအကွယ်ပေး ဟောပြောပွဲနဲ့ ကွင်းဆင်းစစ်ဆေးခြင်း ကျင်းပပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံးမှ မဟာအောင်မြေ မြို့နယ် မန်းမြို့ဈေးမှာ ဇူလိုင်၆ရက်က စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ စိတ်ပါဝင်စားသူ ပြည်သူများနှင့် ဈေးသူ/ဈေးသားများ စုစုပေါင်းအင်အား ၁၂၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်ယုယုဇင်က ခွင့်မပြုသည့် ဆိုးဆေးများကြောင့် နောက်ဆက်တွဲခံစားရမည့် ဆိုးကျိုးများနှင့် အစားအသောက်များတွင် မသုံးသင့်သည့် ဆိုးဆေးများအကြောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ကြည်ဇင်နိုင်က ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်နှင့် ပိုးသတ်ဆေး၊ ဓါတုဆေးများ၏ ဓါတ်ကြွင်းဓါတ်ကျန်များ မခံစားရစေရန်၊ သီးနှံများစားသောက်လျှင်လည်း ရေစင်အောင်ဆေးပြီး လိုအပ်ပါက ဆားရေစိမ်၍ စားသင့်ကြောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါတယ်။

ဆက်လက်ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးစီးမှူး ဦးမျိုးထွန်းက စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးသည် အစားအသောက်များသာမက၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများလည်း အကျုံးဝင်ပါကြောင်း၊ စားသုံးသူမိဘပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရွေးချယ်ဝယ်ယူတတ်စေရန်နှင့် စားသုံးသူများ မိမိတို့အခွင့်အရေးများ သိရှိနားလည်ပြီး တောင်းဆိုရယူတတ်စေရန်နှင့် စားသုံးသူနစ်နာမှုရှိလျှင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ ဥပဒေတွင်ပါရှိသည့်တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ် အပိုင်းများကိုလည်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပါတယ်။

ထို့နောက် စည်ပင်သာယာရေးကော်မတီ မန်းမြို့ဈေးတာဝန်ခံ ဦးအောင်ဇော်မိုးက ကျေးဇူးတင်စကား ပြောကြားပြီး နောင်တွင်လည်း လာရောက် ဟောပြောပေးစေလိုပါကြောင်း ပြောကြားခဲ့ပါတယ်။

ပူးပေါင်းအဖွဲ့က မန်းမြို့ဈေးအတွင်း စားသုံးရန်မသင့် စားသောက်ကုန်ပစ္စည်းများနှင့် သုံးစွဲရန်မသင့် ကုန်ပစ္စည်းများ ရောင်းချနေခြင်းရှိ/မရှိ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ရာ သုံးစွဲရန်မသင့် ကုန်ပစ္စည်းဖြစ်သည့် ကျင်းထုံခြင်ဆေးခွေ ရောင်းချနေတဲ့ ဈေးဆိုင်တစ်ဆိုင်မှ ကျင်းထုံခြင်ဆေး ၂၄ဘူးအား ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဝင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးတာဝန်ခံမှ သိမ်းဆည်း၍ ဆိုင်ရှင်ကို ဆက်လက်မရောင်းချရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း စားသုံးသူ (မန္တလေး)**

# မြန်မာနိုင်ငံဈေးကွက်တွင် ဆူဇူကီးမှ Ertiga အမျိုးအစားကားသစ်ကို ကျပ်သိန်း ၂၀၀ ကျော်ဖြင့် ရောင်းချပေးမည်

ဆူဇူကီး မြန်မာမော်တော်ကုမ္ပဏီသည် ၎င်း၏ ကားအမျိုးအစားသစ် တစ်ခုဖြစ်သည့် Ertiga ကို ကျပ် ၂၀၉ သိန်းဖြင့် ရောင်းချပေးမည် ဖြစ်ကြောင်း အဆိုပါကားအမျိုးအစားမိတ်ဆက်ပွဲတွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကားအမျိုးအစားသစ် မိတ်ဆက်ပွဲကို ဆူဇူကီးမြန်မာမော်တော် ကုမ္ပဏီမှ ဇူလိုင်လ ၁၇ ရက်တွင် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြန်မာပလာဇာပရိုမိုးရှင်းဧရိယာ၌ ပြုလုပ်ခဲ့သည်။



အဆိုပါ မိတ်ဆက်ပွဲတွင် ဆူဇူကီး မြန်မာမော်တော်ကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာတာကာ ယူကီဆူဂီယာ မက Ertiga ကားသစ်ကို တည်ဆောက်ထားပုံ ရည်ရွယ်ချက်များ၊ ဆူဇူကီးမြန်မာ၏ အနာဂတ် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသွားခဲ့သည်။

မစ္စတာတာကာယူကီ၏ ပြောကြားချက်အရ Ertiga ကားသစ်ကို 'Stylish Comfort' ဟူသည့် အယူအဆပေါ်တွင် အခြေခံကာတည်ဆောက်ထားပြီး အရည်အသွေးပိုင်းအတွက် ယုံကြည်စိတ်ချရကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း၌ ဆူဇူကီးစက်ရုံ တည်ဆောက်ကာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားပြီး မြန်မာ့ကားလုပ်ငန်းတိုးတက်ရေးကို ဆက်လက်ပံ့ပိုးသွားရန် သန္နိဋ္ဌာန်ချထားသည်ဟုလည်း ဆိုခဲ့သည်။

ယခုမိတ်ဆက်ပေးလိုက်သည့် Ertiga ကားသစ်မှာ စတိုင်လ်ကျလှပမှုရှိစေရန် ဒီဇိုင်းဖန်တီးပေးထားပြီး ထိုင်ခုံ သုံးတန်းပါဝင်၍ လူခုနစ်ယောက်အထိ စီးနင်းနိုင်သည်။ အန္တရာယ်ကင်းရှင်းရေးအတွက် ကားရှေ့ခန်းတွင် လေအိတ်နှစ်လုံး ထည့်သွင်းပေးထားသည့်အပြင် ABS ဘရိတ်စနစ်ကိုလည်း အသုံးပြုပေးထားသည်။ အဆင့်မြင့်နည်းပညာများအနေဖြင့် သော့မဲ့စက်နှိုးနိုင်သော Push Start စနစ်၊ မိုဘိုင်း ကိရိယာများ အလွယ်တကူ ချိတ်ဆက်နိုင်စေရန် Bluetooth စနစ်၊ မာလ်တီမီဒီယာကြည့်ရှုနားဆင်ရန် LCD မျက်နှာပြင်တစ်ခုနှင့် ကားအနောက်ဘက်တွင် ပါကင်အာရုံခံစနစ် (Parking Sensor) တို့ ထည့်သွင်းပေးထားသည်။ ဒီဇိုင်းသွင်ပြင် ပိုမိုလှပစေရန် အရှေ့ဘက်နှင့်အနောက်ဘက် သတ္တုတန်းများနှင့် နှင်းခွဲမီးတစ်ပိုက်တို့တွင် ခရိုမီယံသတ္တုဖြင့် အလှဆင်ပေးထားသည်။ Ertiga ကားသစ်တွင် 1.4L ဓာတ်ဆီအင်ဂျင်ပါဝင်ပြီး ဆီတစ်လီတာလျှင် ၁၆ ဒသမ ၁ ကီလိုမီတာအထိ ခရီးနှင်နိုင်စွမ်းရှိသည်။ အရောင်အနေဖြင့် အနက်၊ အဖြူနှင့် မိတ်ကပ်ရောင်တို့ကို ရွေးချယ်နိုင်ဝယ်ယူနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# ရန်ကုန်ကားဈေးကွက် အေးသည်ထက်အေးလာ

ဇူလိုင်လနှောင်းပိုင်း ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ ယခင်တစ်ပတ်များထက်ပင် ဈေးအေးသည်ထက် အေးနေပြီး အရောင်းအဝယ်များလည်း နည်းပါးကာ ကားပွဲစားတန်းနေရာများနှင့် အရောင်းစင်တာများတွင်ပါမူ လူအဝင်အထွက် ကျဲနေကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွင်း ကားအရောင်းအဝယ်နည်းပါးသွားပြီး ဈေးကွက်အေးနေသော်လည်း ရန်ကုန်ရှိ ဆိပ်ကမ်းများတွင် ကားအဝင်များသိသိသာသာလျော့ကျခြင်းမရှိဘဲ ဆက်လက် ဝင်ရောက်လျက်ရှိကြောင်း၊ ယင်းသို့ အရောင်းအဝယ်ပါးသော်လည်း ကားများ ဆက်လက်ဝင်ရောက်နေရခြင်းမှာ ရန်ကုန်ကားဈေးကွက်အတွင်းသို့ ဖရီးပါမစ်ကားများ နယ်လိုင်စင်ဖြင့် မှတ်ပုံတင်ပြီး စီးနင်းနေကြသည့် သဘောပင်ဖြစ်ပြီး၊ ရန်ကုန်အနီးတစ်ဝိုက်မြို့များမှ လိုင်စင်များသာမက မန္တလေးလိုင်စင်ဖြင့် မှတ်ပုံတင်ကားများပါ ပါဝင်ကြောင်း၊ ဧပြီလနောက်ပိုင်းမှစတင်၍ ရန်ကုန်ကားဈေးကွက်အတွင်း ဖရီးပါမစ်ကားများ ကားပါကင်ထောက်ခံချက်စနစ် ရပ်တန့်သွားပြီး နောက်ပိုင်းကားတင်သွင်းမှုစနစ် ပြောင်းလဲသွားသည့်ပုံစံဖြစ်ကြောင်း၊ စလစ်ကပ်ကားများမှာလည်း မေလလယ်ခန့်က ဈေးတန်းမြင့်တက်ကာ အားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် အကြားသတင်းများကြောင့် စလစ်ဈေးတန်းများ ပြန်လည်ဈေးကျလာကာ စလစ်ကပ်ကားများလည်း ဈေးပြန်အေးသွားကြောင်း၊ လတ်တလောအခြေအနေမှာ ဇူလိုင်တတိယပတ်ခန့်က နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များနှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့တို့ တွေ့ဆုံညှိနှိုင်းအဖြေရှာကြသည့် သတင်းကြောင့် ကားဈေးကွက်၏ ဦးဆောင်ဖြစ်နေသည့် ရန်ကုန်ကားဈေးကွက်အတွင်း အခြေအနေစောင့်ကြည့်ခြင်းများဖြစ်ပေါ်ကာ ယခုကဲ့သို့ ကားဈေးကွက်အေးသည်ထက်အေးလာရခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်ဈေးကွက်ထဲတွင်သုံးပြီး အကွာရာနိမ့်ကားများ သိန်း ၁၀၀ ဝန်းကျင်၊ တစ်ရာစွန်းစွန်း ကားလေးများနှင့် လုပ်ငန်းသုံးကားဟောင်းများသာ အနည်းငယ်အရောင်းအဝယ်ရှိပြီး စလစ်ကပ်ကားများထဲတွင်မူ လူသုံးများကားများဖြစ်သည့် ရက်ဖိုး၊ စီအာဗီ၊ ကလူဂျာ၊ အယ်လ်ဖတ်စသည့် ၁၈၀၀ စီစီမှ ၂၄၀၀/၃၀၀၀ စီစီ အထိ အင်ဂျင်ပါဝင်ကြီးကားများ၊ အကွာရာသုံးတန်း၊ နှစ်တန်းနိမ့်ကားများလည်း အနည်းငယ် အရောင်းအဝယ်ရှိကြောင်း၊ အငှားယာဉ် (တက္ကစီ) များလည်း အကွာရာနိမ့် စီအန်ဂျီသုံးယာဉ်များ အရောင်းအဝယ်ရှိပြီး၊ စလစ်ဈေးတန်း သိန်း ၈၀ ဝန်းကျင် ကျဆင်းလာသဖြင့် လက်တင်စီး၍ရသော နှစ် ၂၀ သက်တမ်းရှိကားများမှာ စလစ်ဈေးကျသော်လည်း ရုပ်ခံကောင်းသော အပ်ကားဈေးမှာ သိန်း ၈၀ အထက်ဖြင့် ဈေးကွက်တစ်ခုဖြစ်နေကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်မှ ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၃၅ သိန်း | နယ်လိုင်စင် 1.3 ဓာတ်ဆီ |
| ၂။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ကလူဂျာ(၂၀၀၄) | ယာယီ | ၃၁၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | တိုယိုတာ/ခရောင်း (၂၀၀၄) | ယာယီ | ၂၉၀ သိန်း | 3.0 ဓာတ်ဆီ |
| ၅။ | နတ် (၂၀၁၁) | ယာယီ | ၁၅၀ သိန်း | |
| ၆။ | မတ်(ခ်)တူး (၂၀၀၄) | ယာယီ | ၂၅၀ သိန်း | 2.0 ဓာတ်ဆီ |
| ၇။ | စူဇူကီးဆွဖ် (၂၀၁၁) | 3J | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | တိုယိုတာ/ဝှရ် (၂၀၀၃) | ယာယီ | ၁၈၈ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | မာဇဒါ/ဒီမီယို | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |

# မန္တလေးမြို့ရှိ ATT ၏ စီးပွားရေးလုပ်ငန်းစတင်ခြင်း အစီအစဉ်သို့ တက်ရောက်ရန် စွန့်ဦးတီထွင်လုပ်ငန်းရှင် ၂၃ ဦး ရွေးချယ်ခံရ

မန္တလေးမြို့ရှိ ATT Business Park နှင့် မြန်မာဂရိတ်ဒိုင်းမွန်းစိန်ရွှေရတနာဆိုင်တို့မှ ဦးစီးကျင်းပသည့် သင့်လုပ်ငန်းစတင်ခြင်းအစီအစဉ်သို့ တက်ရောက်ရန် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင် ၂၃ ဦးကို ရွေးချယ်လိုက်ကြောင်း သိရသည်။ ယခုရွေးချယ်ခံရသူ ၂၃ ဦးတို့သည် စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုမည့်သင်တန်းများ ဆက်လက်တက်ရောက်ရမည့်အပြင် အဆင့်ဆင့်ရွေးချယ်မှုများမှတစ်ဆင့် ဩဂုတ်လကုန်တွင် လုပ်ငန်းအတွက် အထောက်အကူပြုနိုင်မည့် ကျပ်ငွေ သိန်းနှစ်ဆယ်၊ သိန်းသုံးဆယ်၊ သိန်းငါးဆယ် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် သင့်လုပ်ငန်း စတင်ခြင်းအစီအစဉ် (Startup Campaign) ကို ATT Business Park နှင့် Great Diamond စိန်ရွှေရတနာဆိုင်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်ပထမဦးဆုံးပြုလုပ်သည့် အစီအစဉ်တစ်ခုလည်း ဖြစ်သည်။ ယင်းအစီအစဉ်သို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှ အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူ ၇၅ ဦးပါဝင် လျှောက်ထားခဲ့သည်။

အဆိုပါအစီအစဉ်သည် သုံးလတာကြာမြင့်မည်ဖြစ်ပြီး ပြည်တွင်း ကုမ္ပဏီများကလည်း ဝိုင်းဝန်းပံ့ပိုးပေးကြမည်ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ခံခဲ့ရသည့် စွန့်ဦးတီထွင် လုပ်ငန်းရှင် ၂၃ ဦးတို့သည် သင်တန်းတွင် ပြည်တွင်းစီးပွားရေးဦးဆောင်သူများထံမှ အကြံဉာဏ်ကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး သင်တန်းဆရာများကလည်း ထိရောက်သောပို့ချချက်များဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့ပြင် သင်တန်းသားများသည် လက်ရှိတွင် အမှန်တကယ်လုပ်ကိုင်နေသည့် စီးပွားရေးသမားများနှင့် တွေ့ဆုံ၍ ၎င်းတို့နှင့် လုပ်ငန်းဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများကိုပါ ပြုလုပ်ရမည်ဖြစ်သည်။

သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ခဲ့သည့် သင်တန်းသားများအနက် သင်တန်းကာလတစ်လျှောက် အမှတ်အများဆုံးနှင့် အတိုးတက်ဆုံးသော သင်တန်းသားသုံးဦးကို ရွေးချယ်ပြီး ငွေသားဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းအစီအစဉ်တွေနဲ့ ပတ်သက်ပြီး ပြန်ရတဲ့မှတ်ချက်တွေကတော့ ဝမ်းသာစရာပါပဲ။ သင်တန်းသားအဖြစ် ရွေးချယ်တဲ့အချက်တွေ၊ စံနှုန်းတွေက အရမ်းမြင့်တဲ့အတွက် အယောက် ၂၀ ရွေးဖို့ဆိုတာ အရမ်းကို ခက်ခဲခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုမျိုး စီးပွားရေးဆိုင်ရာ အကြံအမျိုးမျိုးတွေ ရလာတာကို တွေ့မြင်ရတဲ့အတွက် အရမ်းပဲဝမ်းသာမိပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာ အလားအလာရှိတဲ့ စွန့်ဦးတီထွင် စီးပွားရေးသမားတွေ အများကြီးရှိတယ်ဆိုတာကို ပြသနေပါတယ်"ဟု ATT Business Park တည်ထောင်သူ ဒေါ်အေးအေးသန့် က ပြောကြားခဲ့သည်။

ATT Business Park ကို၂၀၀၁ ခုနှစ် ဧပြီလတွင် စတင်တည်ထောင်ခဲ့ပြီးအဖွဲ့အစည်းများတွင် လိုအပ်သည့် အိုင်စီတီသင်တန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးသင်တန်းများကို ဖွင့်လှစ်ထားသည်။အခြေခံ ကွန်ပျူတာသင်တန်းများမှစ၍ နိုင်ငံတကာအဆင့် ဒီပလိုမာသင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၏အမျိုးသားမဟာဗျူဟာကို အထောက်အကူပြုမည့် သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



# မိုးတွင်းကာလဖြစ်၍ ပုသိမ်ထီးဈေးကွက် အရောင်းအဝယ်အေး

ယခုကာလသည် မိုးတွင်းကာလဖြစ်၍ ပုသိမ်မြို့ရဲ့ အဓိကဈေးကွက်တစ်ခုဖြစ်တဲ့ ပုသိမ်ထီးဈေးကွက်မှာ အရောင်းအဝယ်အေးလျက်ရှိကြောင်း သိရပါတယ်။

ပြည်တွင်း၊ ပြည်ပဈေးကွကခိုင်မာစွာ ရရှိထားတဲ့ ပုသိမ်ထီးဈေးကွက်မှာ ပြည်တွင်းတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုဂံညောင်ဦး၊ အင်းလေး၊ မော်လမြိုင်၊ တောင်ကြီးမြို့များရှိဟိုတယ်များနဲ့ ငွေဆောင်၊ချောင်းသာ၊ ငပလီကမ်းခြေဟိုတယ်များတွင် အလှဆင်ရာမှာလည်းကောင်း၊ မြန်မာ့ရိုးရာ ရှင်ပြု၊ နားသ၊ အလှူမင်္ဂလာပွဲများမှာလည်းကောင်း အသုံးပြုလျက်ရှိပြီး လေးလက်မမှ လက်မ ၂၀ အထိ အရွယ်အစား အမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိပါတယ်။

ကမ်းခြေသုံးဆိုဒ်ကြီးထီးများမှာ လေးပေမှ ၁၀ ပေ ၊ ၁၂ ပေ အထိရှိပြီး ဈေးနှုန်းမှာလည်း ကျပ် ၃၀၀၀၊ ၄၀၀၀၊ ၅၀၀၀ မှစ၍ ကျပ် ၈၀၀၀၀ - ၁၀၀၀၀၀ ကျော်အထိ ရှိပါတယ်။ထီးတစ်ချောင်းလုံးကို ဒေသထွက်ကုန်ကြမ်းများဖြစ်တဲ့ ထီးရိုးဝါး၊ သရကူဝါး၊ တယ်သီး၊ ဖဲဖျင်၊ ပိတ်စ၊ ချည်ကြိုးများကို သုံးလျက် ၎င်းထီးပေါ်တွင် ကနုတ်ပန်းချီဖြင့် အလှဆင်ထားပါတယ်။ ပန်းချီဒီဇိုင်းများအမျိုးအစားအားဖြင့် ၁၀၀ ကျော် ရေးဆွဲထားပြီး အဆိုပါဒီဇိုင်းများမှာ မြန်မာ့အနုပညာကို ဖော်ထုတ်ပြသထားတဲ့ ရှေးခေတ်ရိုးရာဒီဇိုင်းများနဲ့ ရိုးရာမပျက်ခေတ်မီဒီဇိုင်းများဖြစ်ပြီး ဝယ်ယူသူများကို ဆွဲဆောင်မှု ရှိစေပါတယ်။

" ပုသိမ်ထီးရဲ့ ထူးခြားချက်မှာ ထီးတစ်ချောင်းလုံးကို လက်နဲ့သာ ပြုလုပ်ထားတဲ့အတွက် မြန်မာ့ရိုးရာ လက်မှုပညာစစ်စစ်နဲ့ ပြုလုပ်ထားတဲ့ အနုပညာလက်ရာမြောက် ပစ္စည်းတစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်ပနိုင်ငံသားများ လွန်စွာနှစ်ခြိုက်ကြတဲ့ မြန်မာ့ လက်မှုပစ္စည်းဖြစ်ပါတယ်။" လို့ ပုသိမ်မြို့တောရကျောင်းလမ်းမှ ရွှေစာ ထီးလုပ်ငန်းရှင် ဦးမင်းနိုင်က ပြောပါတယ်။

မြန်မာ့ရိုးရာ လက်မှုပစ္စည်း ဖြစ်တဲ့ ပုသိမ်ထီးဟာ ပြည်ပပို့ကုန်ပစ္စည်းများအနက် နိုင်ငံခြားသားများ အထူးနှစ်ခြိုက်ကြပါတယ်။ ဒါပေမယ့် ပုသိမ်ထီးဟာ မိုးတွင်းကာလမှာ ဈေးကွက်အတွင်း အရောင်းအဝယ်အေးသလို ထီးပင်ရင်းဆိုင်ကြီးများ အနေနဲ့လည်း အမှာစာရရှိမှသာ ဈေးကွက်သို့ တင်ပို့ရောင်းချရန် ပြုလုပ်ပေးလျက်ရှိပါတယ်။

မိုးတွင်းကာလ ပြည်တွင်းပြည်ပခရီးသွားများ ဝင်ရောက်မှုနည်းပါးချိန်မှာ အရောင်းအဝယ်အေးပြီး ပွင့်လင်း ရာသီရောက်မှသာ အရောင်းအဝယ် သွက်လေ့ရှိကြောင်း သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

# အရသာကောင်း၊ ဈေးကောင်းတဲ့ ကယားမြေက ဆီးဘူးရေတ်

ကယား xxx ကယား xxx ကယားဌာနေ xxx ကယား တို့ဌာနေ xxx ငွေတောင်ဆည်

ဒီမောဆို ခေါင်ရည်ချို သောက်မယ် xxx ဟေ့ xxx

၁၉၉၅-၉၆ ခုနှစ်က ကယားပြည်နယ်ရဲ့ ကျောင်းသားအားကစားပွဲတော်မှာ အကော်ဒီယံနဲ့တီးခတ်ထားတဲ့ ကယားပြည်နယ်ရဲ့ သီချင်းတစ်ပုဒ်ပါ။ ငွေတောင်ဆည်နဲ့ ရိုးရာခေါင်ရည်ဟာ ကယားလူမျိုးတို့ရဲ့ အထင်ကရ နေရာနဲ့ရိုးရာဖြစ်သလို . . . ဟိုး . . . ရှေးနှစ်ပေါင်းများစွာကတည်းက လူတွေမသိရှိသေးတဲ့ ကယားတို့ရဲ့ဒေသထွက်ကုန်တစ်ခုကိုလည်း မိတ်ဆက်ပေးပါရစေ. . . အဲဒါကတော့ ဆီးဘူး ငရုတ်သီးပါ။ ကျွန်မတို့ ကယားပြည်နယ်တစ်ခုလုံးမှာ "ဆီးဘူး"လို့ခေါ်တဲ့ ကယားရွာ တစ်ရွာမှာပဲ စိုက်ပျိုးတဲ့ ငရုတ်သီးဟာ ကယားဈေးကွက်မှာ အလွန်နာမည်ကြီးပါတယ်။




ဆီးဘူးငရုတ်ဆိုတာနဲ့ နောက်တစ်ခါပြန်ထပ်မကြည့်ရအောင် စိတ်ချရပါတယ်။ အရောင်ကတော့ လိမ္မော်ရောင်နဲ့ အဝါရောင် ရောစပ်ထားတဲ့ အသွင် ရှိပါတယ်။ အသီးအရွယ် အစားကတော့ မိုးမျှော် ငရုတ်သီးထက်ငယ်ပြီး လက်မဝက်ခန့်ရှိပါတယ်။ တစ်နှစ်ကို နှစ်ခါ မိုးဦးနဲ့ ဆောင်း ရာသီမှာစိုက်ပျိုးကြပါတယ်. . . ဆီးဘူးငရုတ်သီးဟာ ရေများ တာကိုမနှစ်သက်ပါဘူး. . ကုန်းစောင်း၊ တောင်ယာလယ်ကွက်တွေထဲမှာစိုက်ပျိုးကြပါတယ်. . ခရမ်းပင်၊ ချဥ်ပေါင်ပင်၊ ရုံးပတီပင်များနဲ့ အတူ ရောစိုက်ကြပါတယ်. . အပင်အကွာအဝေးကတော့ တစ်ပေ ပတ်လည် စိုက်ပျိုးရပါတယ်. . သက်တမ်းကတော့ တစ်နှစ်အထိရှိပါတယ်။ စိုက်ပျိုးပြီး သုံးလမှ လေးလအတွင်း အသီးစခူးလို့ရပါပြီ။

တစ်ဧကကို အကောင်းဆုံး ထွက်နှုန်းပိဿာ ၄၀ ခန့်မှ ၅၀ အထိ ထွက်ရှိပါတယ်။ အစို တစ်ပိဿာခွဲကို အခြောက်လှမ်းပါက အခြောက် တစ်ပိဿာ၊ ၁၀ ကျပ်သားရရှိပါတယ်။ ဈေးနှုန်းကတော့တစ်ပိဿာကိုကျပ် ၁၀၀၀၀ မှ ၁၄၀၀၀ အထိရှိပါတယ်။ အနံ့၊ အရသာနဲ့ အစပ်ကတော့ ကျွန်မတို့ပြည်နယ် ကထွက်တဲ့မှဲ့ခါသီး(ခေါ်)မာကတ်သီးနဲ့ များတွဲစားလိုက်ရင် လျှာရည်လည်သွားပါ့မယ်။

ဆီးဘူး ငရုတ်သီးဟာ ဈေးကောင်းသလိုသဘာဝ မြေဩဇာနဲ့သာ စိုက်ပျိုးထားတဲ့ အတွက် ယုံကြည်စိတ်ချစွာ စားသုံးနိုင်ပါတယ်။ ငရုတ်သီးအစပ်ကို နှစ်သက်တဲ့ မိသားစုများအတွက် သတင်းကောင်းတစ်ခုဝေမျှရသလိုအခြား တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ ရှိတဲ့ ကုန်သည်များနဲ့ကျွန်မတို့ပြည်နယ်မှာရှိတဲ့ ကုန်သည်များအတွက်ဈေးကွက်သစ်တစ်ခုရှာဖွေနိုင်ပါတယ်။

ကျွန်မတို့ကယားပြည်နယ်၊ ကန္တာရဝတီ Trade Center မှာလည်း ဒေသထွက်ကုန်တစ်ခုအနေနဲ့ ပြသထားတဲ့ အတွက်လုပ်ငန်းရှင်များနဲ့ မိဘပြည်သူများလာရောက်လေ့လာနိုင်ပါတယ်။

Export ဆောင်ရွက်ချင်တဲ့ ကုန်သည်များအနေနဲ့လည်း ၇ လမ်းနဲ့ ၈ လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ ကန္တာရဝတီ Trade Center ၊ ဖုန်း ၀၈၃-၂၁၀၀၅ မှာ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းသတင်းကောင်းပါးအပ်ပါတယ်။

ကဲ-ကယားကိုအလည်လာချင်တဲ့ အမျိုးတို့ရေ. . . ကယားကို တစ်ခါလောက်များ အလည်လာခဲ့ရင် ရိုးရာခေါင်ရည်ရယ်၊ ကယားဝက်အူချောင်းရယ်၊ ဆီးဘူးငရုတ်သီးပါဝယ်ပြီးမှ ပြန်ဖို့မမေ့ပါနဲ့နော်. . . .

**နော်ကြူကြူ (လွိုင်ကော်)**

# ပဲခူးတိုင်းအနောက်တွင် တိုင်းဆန်၊ စပါးကုန်သည် အသင်းဖွဲ့စည်းနိုင်ရန်စီစဉ်

ပြီးခဲ့သည့် ဇူလိုင် ၁၄ရက်က ပြည်ခရိုင်အတွင်းရှိ ပြည်၊ ပေါက်ခေါင်း၊ ပန်တောင်း၊ ရွှေတောင်၊ သဲကုန်း၊ ပေါင်းတည်မြို့နှင့် သာယာဝတီခရိုင် အတွင်းရှိ မြို့နယ်များဖြစ်သည့် သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ မိုးညို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်းမြို့တို့တွင် မြို့နယ်အသီးသီး၌ ဆန်၊ စပါးကုန်သည် အသင်းများကို ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆန်၊ စပါးကုန်သည်များအနေဖြင့် ပဲခူး တိုင်းဒေသကြီး၊ အနောက်ပိုင်းတွင် တိုင်းဒေသကြီး ဆန်စပါးကုန်သည်များ အသင်းကို ဖွဲ့စည်းနိုင်ရန်အတွက် စီစဉ်လျက်ရှိကြောင်း သိရပါသည်။

**ထွန်းမင်းထွန်း (ပြည်)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း


### ၂၅-၇-၂၀၁၆ မှ ၃၁-၇-၂၀၁၆ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** နေရာအပြောင်းအလဲ လုပ်ရတတ်သည်။ ခရီးဝေးသွားရတတ်သည်။ အလုပ်လုပ်စရာ အခွင့်အလမ်းများ ပိုမိုများပြားလာတတ်ပါသည်။ ဝင်ငွေအမြတ်အစွန်း သင့်တင့်ကောင်းမွန်လာတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်သောကများတတ်သောသဘော ရှိတတ်ပါသည်။ ကျန်းမာရေး ကောင်းမွန်သော်လည်း နေထိုင်မှုမှာ သင့်၊ မသင့် အသိဉာဏ်ဖြင့်ချိန်ဆလေ့ရှိသဖြင့် ကျန်းမာရေးကို များစွာ အထောက်အကူဖြစ်နေတတ်ပါသည်။

**ယတြာ။ ။နေကြာပန်းလှူ၍ ပန်းသီးရှစ်စိပ် ကပ်လှူဆုတောင်းပါ။**




**တနင်္လာသားသမီးများအတွက်** ဤကာလတွင် ရင်းနှီးသော မိတ်ဆွေ အပေါင်းအသင်းများနှင့် စီးပွားရေးပို၍ လုပ်ဖြစ်လာတတ်သည်။ ဘဝ အခက်အခဲများ ပြေလည်စွာဖြတ်ကျော်နိုင်စွမ်း ရှိနေတတ်ပါသည်။ ပညာရေးတွင် အဆင်ပြေမှုများခြင်း၊ ဆန္ဒနှင့်တစ်ထပ်တည်းကျသလို ရည်မှန်းချက်ပြည့်ဝခြင်းများ ရှိတတ်ပါသည်။ အချစ်ရေးတွင် ရင်းနှီးခင်မင်မှုမှတစ်ဆင့် ချစ်ရသောသူအဖြစ်သို့ ရောက်ရှိတတ်သည်။ ကျန်းမာရေးအနေဖြင့်လည်း အပူခဲ၍ပေါင်တွင် အကျိတ်အဖုအနာ စိမ်းပေါက် ခြင်း၊ အကြောတက်ခြင်း စသည်တို့ သတိထားသင့်ပါသည်။

**ယတြာ။ ။ခဲရောင်တို့ကို အသုံးပြုပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် မူလပင်တိုင်လုပ်ငန်းနှင့် တိုးချဲ့ထားသော လုပ်ငန်းသစ်များမှ အောင်မြင်တိုးတက်ပြီး အမြတ်အစွန်းများ ရရှိနေတတ်ပါသည်။ ပညာရေးကြိုးစားနေရတတ်သည်။ ကျန်းမာရေးတွင် ဆီးလမ်းကြောင်းဆိုင်ရာဝေဒနာ ခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်တိုင်းမညား၊ ညားတိုင်းမချစ်ဆိုသောစကားသည် မိမိချစ်နေရသော ချစ်သူအတွက် ဖြစ်နေရတတ်သည်။

**ယတြာ။ ။ဘုရားတွင် သစ်သီးကိုးမျိုးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းရှင်များ၏ အားပေးကူညီခြင်းကြောင့် လုပ်ငန်းများအဆင်ပြေချောမွေ့၍ အောင်မြင်တိုးတက်ခြင်း၊ ဝင်ငွေ အမြတ်အစွန်းများရရှိ တတ်ပါသည်။ ပညာရေး ကံကောင်းတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်အချဉ်ပေါက်ခြင်း၊ အော့အန်၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မနာလိုသူများ၏ ဂုံးချောစကားကို ယုံကြည်နေတတ်သောကြောင့် သာယာခိုင်မြဲမှု အားနည်းလာတတ်ပါသည်။

**ယတြာ။ ။ဖျော်ရည်လှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** ကြီးမားသော ရည်ရွယ်ချက်ထားရှိပြီး ဂရုတစိုက်ကြိုးစားနေရတတ်ပါသည်။ ပညာရေး၊ စီးပွားရေးတွင် သူမတူအောင်တိုးတက်ကြီးပွားလာမည့်ကာလ ဖြစ်သည်။ ဝင်ငွေများအားကောင်းလာနိုင်ပါသည်။ လုပ်ငန်းခွင် အပြောင်းအလဲဖြစ်ခြင်း၊ တိုးချဲ့ခြင်းများ ရှိလာတတ်သည်။ ကျန်းမာရေးတွင် အကြောအားနည်းခြင်းဝေဒနာကို သတိရှိသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိ၏စိတ်သဘောထားအမှန်ကို မသိသူဖြစ်နေတတ်သည်။

**ယတြာ။ ။ကြည့်မှန်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် ရွှေငွေ၊ ကျောက်မျက်ရတနာပစ္စည်းများ အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေး ကံကောင်းမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မိမိစွဲစွဲလန်းလန်းချစ်ရသော ချစ်သူကို ချစ်ပါလျက်နှင့် ကျောခိုင်း ခဲ့ရတတ်သည်။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းကိုက်သွေးတိုးခြင်းဝေဒနာတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။နို့မလိုင်ဆွမ်းကပ်ပါ။**



**စနေသားသမီးများအတွက်** ယခုကာလသည် လူမှုရေးနှင့် စီးပွားရေးတို့အောင်မြင်ဖြစ်ထွန်းနိုင်သောကာလဖြစ်သည်။ မူလရှိရင်းစွဲ လုပ်ငန်းများကိုသာ ဂရုတစိုက်လုပ်ကိုင်ဆောင် ရွက်ခြင်းဖြင့် အောင်မြင်မှုကို ရရှိနေမည်ဖြစ်သည်။ ပညာရေးအောင်မြင်ရန် အခွင့်အရေး ရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် အစာအိမ်အူရောင်ခြင်း၊ အူအတက်ပေါက် ခြင်းတို့ကို သတိထားပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင်ပူပန်မှုနှင့် စိုးရိမ်မှုတို့ကို ရင်မှာမွေး၍ သတိရနေမိတတ်သည်။

**ယတြာ။ ။ဆီမီးတိုင်လှူဒါန်းပါ။**

## ဗန်းမောက်မြို့နယ်မှထွက်ရှိတဲ့ မြီးတိုးဆန်ကို ဖားကန့်ဒေသမှ အဝယ်လိုက်၍ ဈေးကောင်းရနေ

ကချင်ပြည်နယ် ဗန်းမောက်မြို့မှထွက်ရှိတဲ့ မြီးတိုးဆန်ကို ဖားကန့်ဒေသမှအဝယ်လိုက်နေတဲ့အတွက် ဈေးကောင်းရနေကြောင်းသိရပါတယ်။ ဖားကန့်ဒေသဟာ မိုးရာသီဝမ်းစာအတွက် မြီးတိုးဆန်ကို ဝယ်ယူသိုလှောင်နေတဲ့အတွက် မြီးတိုးစပါးကို အများအပြားစိုက်ပျိုးနေကြတဲ့ ဗန်းမောက်မြို့နယ်မှ တောင်သူများအကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရပါတယ်။

မြီးတိုးစပါးများကို ဗန်းမောက်မြို့နယ်မှတစ်ဆင့် အင်းတော်သို့တင်ပို့ပြီး အင်းတော်ဆန်စက်များမှာ ကြိတ်ခွဲကာ ဖားကန့်သို့ တင်ပို့နေတာဖြစ်ပါတယ်။ မြီးတိုးဆန် အဝယ်လိုက်လာတဲ့အတွက် မြီးတိုးဆန်တစ်အိတ်ကို ကျပ် ၃၁၀၀၀ အထိဈေးရရှိခဲ့ပါတယ်။ မြီးတိုးစပါးဈေးဟာ ယခုတစ်ပတ်အတွင်းမှာ တင်းတစ်ရာကို ကျပ်ရှစ်သိန်းအထိ မြင့်တက်ခဲ့ပါတယ်။

ကသာခရိုင်မှာ ဆန်စပါးစိုက်ပျိုးမှုရဲ့ ၇၅ ရာခိုင်နှုန်းကျော်က ဆင်း-၃ စပါးမျိုးသန့်တွေကိုသာ အဓိကထားပြီး စိုက်ပျိုးကြပါတယ်။ ဆင်း-၃ ဆန်က ဈေးကွက်ခိုင်မာမှုရှိသလို တောင်သူလည်း တွက်ခြေကိုက်တဲ့အတွက် အဓိကထားပြီး စိုက်ပျိုးကြတာဖြစ်ပါတယ်။

ဒါပေမယ့် ကသာဆိပ်ကမ်းမှတစ်ဆင့် ဗန်းမော်၊ ဗန်းမော်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့နေတဲ့ ဆင်း-၃ စပါးဟာ တင်းတစ်ရာကို ကျပ်ရှစ်သိန်း၊ ကသာဆိပ်ကမ်းအရောက် ဆန်တစ်အိတ်ဈေး ကျပ် ၃၀၇၀၀ နဲ့ဈေးကောင်းရရှိနေပေမယ့် လက်ကျန်နည်းလာလို့ တင်ပို့မှုလျော့ကျလျက်ရှိပါတယ်။

အဲဒီလိုအချိန်မှာ မြီးတိုးဆန်က ဈေးကောင်းရလာတဲ့အတွက် မြီးတိုးဆန်တွေကို ကြိတ်ခွဲပြီး တင်ပို့နေရတာဖြစ်တယ်လို့ မဲဇာကျေးရွာမှ KW စက်ပိုင် ဒေါ်အားစင်းကပြောပါတယ်။

**ကြည်နိုင်ဦး-အင်းတော်**

## ပဉ္စမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပလတ်စတစ်ရော်ဘာ ထုပ်ပိုးမှုနှင့် အစားအစာနည်းပညာဆိုင်ရာ ပြပွဲ ၂၀၁၆ ကျင်းပ

ပဉ္စမအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ပလတ်စတစ်ရော်ဘာ၊ ထုပ်ပိုးမှုနှင့် အစားအစာ နည်းပညာဆိုင်ရာ ပြပွဲကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ MEP တွင် ဇူလိုင် ၁၅ ရက်တွင် ကျင်းပပြုလုပ် ခဲ့ပါသည်။ ၎င်းဖွင့်ပွဲအခမ်းအနားသို့ ရခိုင်တိုင်းရင်းသားဝန်ကြီး ဦးဇော်အေးမောင်၊ UMFCCIမှ ဒု-ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးထွန်း၊ မြန်မာ နိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူများအသင်း ဥက္ကဋ္ဌ ဦးမင်းဟန်၊ Taiwan Plastic Industry Association (TTPIA) မှ Secretary- General Mr. Sheng Hai Hsieh , Taiwan Packaging Association မှ Secretary Ms. Jennifer Wu နှင့် တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အဆိုပါပြပွဲတွင် တရုတ် (တိုင်ပေ) ရှိ ကုမ္ပဏီ ၂၈ ခု၊ ပြခန်းပေါင်း ၁၄၃ခန်းတွင် ပလတ်စတစ်ပုံသွင်းစက်၊ ပုံလောင်းစက်၊ ပါကင်ထုတ်စက်၊ ပုံနှိပ်ရိုက်စက်၊ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများ၊ ရုံးလုပ်ငန်းသုံး စက်ကိရိယာများကို ဇူလိုင် ၁၅ရက်မှ ၁၈ရက်အထိ ပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**YMA**




## လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးနေ့ ဆွေးနွေးပွဲအခမ်းအနား၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာများမျှဝေပေးခဲ့

EDNA Myanmar အနေဖြင့် လုပ်ငန်းဖွံ့ဖြိုးမှုမြှင့်တင်ရေးနေ့ ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်က စစ်ကိုင်းမြို့၊ မြို့တော် ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင် ဦးစီးမှူး ဦးမြင့်စိုးနှင့် ဝန်ထမ်းများ၊ EDNA Myanmar မှ ဒါရိုက်တာ ဒေါ်ဝင့်ဝင့်လင်း၊ အောင်သမာဓိရွှေဆိုင် လုပ်ငန်းရှင် ဦးအောင်ဆန်းဝင်း၊ ဟိန်းမင်းဂစ်တာလုပ်ငန်းရှင် ဦးဇော်နောင်ဟိန်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ EDNA Myanmar မှသင်တန်းသားသင်တန်းသူများ စုစုပေါင်း ၆၀၉ ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင် ဦးစီးမှူး ဦးမြင့်စိုးကဌာန၏ ပြောင်းလဲဖွဲ့စည်းခဲ့ပုံ သမိုင်းအကျဉ်း၊ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စစ်ကိုင်းခရိုင်ရုံးအနေဖြင့် လစဉ်ဟောပြောပွဲ စီမံချက်များ ရေးဆွဲ၍ စားသုံးသူပြည်သူများကို အသိပညာပေး ဆောင်ရွက်နေသည်မှာ ရည်မှန်းချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စားသုံးသူကိစ္စရပ်များကိုလည်း အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေရှိနေပြီဖြစ်၍ စားသုံးသူများတွင် အခွင့်အရေးများ ရှိနေပြီဖြစ်ကြောင်း၊ အခွင့်အရေးများရှိသလို တာဝန်များလည်းရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့် အမှန်တကယ်ဆုံးရှုံးနစ်နာမှုများရှိပါက တိုင်ကြားစာပုံစံတွင် အချက်အလက်ပြည့်စုံစွာဖြင့် တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားစာပုံစံပါ အချက်အလက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းအသိပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။


ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် အောင်သမာဓိရွှေဆိုင်မှ ဦးအောင်ဆန်းဝင်း၊ ဟိန်းမင်းဂစ်တာလုပ်ငန်းရှင် ဦးဇော်နောင်ဟိန်းတို့ကလည်း အတွေ့အကြုံများကို တင်ပြဆွေးနွေးကြပါသည်။

**ခင်စောဝင်း၊ခင်လေးနွယ်(စစ်ကိုင်း)**



## မြို့ကြီးများ၏ ၂၅-၇-၂၀၁၆ မှ ၂၉-၇-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၅-၇-၂၀၁၆) | အင်္ဂါ(၂၆-၇-၂၀၁၆) | ဗုဒ္ဓဟူး(၂၇-၇-၂၀၁၆) | ကြာသပတေး(၂၈-၇-၂၀၁၆) | သောကြာ(၂၉-၇-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၅၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | ၈၀% ၃၃°C/၉၂°F | နေသာ ၃၅°C/၉၅°F | ၄၀% ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| မြစ်ကြီးနား | ၉၀% ၂၈°C/၈၂°F | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၃°F |
| လားရှိုး | ၈၀% ၂၇°C/၈၁°F | ၃၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၄၀% ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F | ၅၀% ၂၇°C/၈၀°F |
| တောင်ကြီး | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F |
| မော်လမြိုင် | ၆၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F |
| ဘားအံ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၃၀°C/၈၆°F |
| တောင်ငူ | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| မုံရွာ | ၈၀% ၃၄°C/၉၃°F | ၆၀% ၃၆°C/၉၆°F | ၈၀% ၃၆°C/၉၇°F | ၅၀% ၃၇°C/၉၀°F | ၄၀% ၃၇°C/၉၉°F |
| ပုသိမ် | ၈၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မြိတ် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F |
| စစ်တွေ | ၅၀% ၂၈°C/၈၃°F | ၃၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | တိမ်ထူထပ် ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F |
| မကွေး | ၅၀% ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F |
| ဖလမ်း | ၆၀% ၂၁°C/၇၀°F | ၇၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F |



## တရုတ်နိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၇၅ ဦးခန့်သေဆုံး

တရုတ်နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ လူပေါင်း ၇၅ဦးခန့် သေဆုံးခဲ့ရပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။ တရုတ်နိုင်ငံတွင် မြို့တော်ပေကျင်း အပါအဝင် နေရာအနှံ့ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ တချို့သောနေရာများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

မြို့တော်ပေကျင်းတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေကြောင်းခရီးစဉ်တစ်ရာကျော်နှင့် မီးရထားခရီးစဉ်များကိုပါ ဖျက်သိမ်းခဲ့ရသည်။

အဆိုပါရေလွှမ်းမိုးမှုသည် တရုတ်နိုင်ငံအလယ်ပိုင်းဒေသများအထိပါ သက်ရောက်မှုရှိနိုင်ကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ယန်စီမြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်ကြသည့်ပြည်သူများအနေဖြင့် မြစ်ရေလျှံတက်မှုအခြေအနေများကို ရင်ဆိုင်ရနိုင်ကြောင်း၊ ယန်စီမြစ်ကမ်းပါးများတွင် နေထိုင်ကြသည့်ပြည်သူများအနေဖြင့် အရေးပေါ်သတိပေးကြေညာချက်များ ထုတ်ပြန်မှုများကို သတိထားကြရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

ရေလွှမ်းမိုးမှုကြောင့် ပြည်သူထောင်ပေါင်းများစွာမှာ ရေဘေးဒုက္ခကို ခံစားနေကြရသည်ဟုဆိုသည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ပင်သည် ရေလွှမ်းမိုးခံရသည့် ပြည်သူများအား အကူအညီပေးရန်နှင့် ကူညီကယ်ဆယ်မှုလုပ်ငန်းများ နှောင့်နှေးအောင်ပြုလုပ်နေသည့် အစိုးရပိုင်းဆိုင်ရာတာဝန်ရှိသူများအား အလုပ်မှ ထိရောက်သည့်ပြစ်ဒဏ်များချမှတ်ကာ အရေးယူမှုများကိုပြုလုပ်သွားရန် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက တရုတ်(တိုင်ပေ)သို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း နီပါတက်၏ အရှိန်ကြောင့် တရုတ်နိုင်ငံ အလယ်ပိုင်းတွင်လည်း မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ သည်။


အဆိုပါရေလွှမ်းမိုးမှုများဖြစ်ပွားသည့် ဒေသများအား ကူညီကယ်ဆယ်မှုများပြုလုပ်ရန် နှောင့်နှေးခဲ့သည့် တာဝန်ရှိသူသုံးဦးအား အလုပ်မှထုတ်ပယ်ခဲ့သည်ဟုဆိုသည်။ **မယ်သီတာ**

## အာသံပြည်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပွား ပြည်သူ သုံးသိန်းနီးပါး ရေလွှမ်းမိုးမှုဒဏ် ခံစားနေရ

အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဆက်လက်ဖြစ်ပွားလျက်ရှိရာ ပြည်သူသုံးသိန်းနီးပါးမှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားနေရကြောင်း NDTV သတင်းတွင် ဖော်ပြထားသည်။

ဇူလိုင်လ ၂၁ ရက်တွင် အာသံပြည်နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးစီမံခန့်ခွဲမှု အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို အာသံပြည်နယ်တစ်ဝန်းဖြန့်ကြက်၍ လုပ်ဆောင်လျက်ရှိသည်။

ရေလွှမ်းမိုးမှုသည် အာသံပြည်နယ်အတွင်းရှိ Lakhimpur, Golaghat, Morigaon, Jorhat, Dhemaji, Sivasagar, Kokrajhar, Barpeta နှင့်



Bongaigain အပါအဝင် ကျေးရွာပေါင်း ၆၄၆ ရွာတွင် ရေလွှမ်းမိုးမှုများ ခံစားနေရသည်ဟု ဆိုသည်။

အာသံပြည်နယ်အတွင်း ဖြတ်သန်းစီးဆင်းသွားသည့် ဗြဟ္မပုတ္တရမြစ်ရေ လျှံတက်မှုကြောင့် အာသံပြည်နယ်အတွင်းရှိ မြေဆီလွှာများ ပျက်စီးမှုနှင့် ရင်ဆိုင်နေရသည်။ ရေလွှမ်းမိုးမှုကြောင့် လယ်မြေဧကဟက်တာပေါင်း ၂၅၀၀၀ ကျော်မှာ မြေဆီလွှာပြုန်းတီးမှုနှင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဗြဟ္မပုတ္တရမြစ်ရေ မြင့်တက်လာမှုသည် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိခဲ့သဖြင့် လယ်မြေဧကဟက်တာပေါင်း ၁၃၆၃၅ ၏ မြေဆီလွှာပျက်စီးမှုမှာ ပိုမိုဆိုးရွားသွားနိုင်သည်ဟုဆိုသည်။

ထို့ပြင် ကယ်ဆယ်ရေးအဖွဲ့သည် ရေလွှမ်းမိုးခံနေရသည့်ဒေသခံများ၏ အကူအညီတောင်းချက်အရ လူပေါင်း ၃၀ နီးပါးကို ကူညီပေးခဲ့ရသည်ဟုဆိုသည်။

ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် လှေငယ်များဖြင့် အကူအညီများပေးအပ်ခဲ့ကြကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ဒုက္ခရောက်နေသည့် ပြည်သူများအား စားနပ်ရိက္ခာများပံ့ပိုးပေးရန် စီစဉ်လျက်ရှိသည်ဟု ဆိုသည်။

ထို့ပြင် ပြည်နယ်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေမှ ရူပီး ၈၉၃၈ သိန်းကို ထုတ်ယူသုံးစွဲခွင့်ပြုမည်ဖြစ်ပြီး အဆိုပါရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို လုပ်ကိုင်ရမည်ဖြစ်သည်ဟုဆိုသည်။

**မယ်သီတာ**

# သီးနှံများ ထိန်းသိမ်းပြုပြင်နည်း

|သန်းသန်းမေ (CTQM - လှည်းကူး)|

မြန်မာနိုင်ငံသည်လည်း ယခုအခါ ခေတ်မီနိုင်ငံများနည်းတူ လယ်ယာစိုက်ပျိုးရေးအား ကောင်းမွန်သော လယ်ယာစိုက်ပျိုးရေး အလေ့အကျင့် GAP(Good Agricultural Practices) နှင့် ကောင်းမွန်သော ဥယျာဉ်ခြံမြေစိုက်ပျိုးရေး အလေ့အကျင့် GHP(Good Horticulture Practices) များအတိုင်း စိုက်ပျိုးထုတ်လုပ်လာကြောင်းတွေ့ရပါသည်။ ထွက်ရှိလာသော စိုက်ပျိုးရေးထုတ်ကုန်သီးနှံများအပေါ် စားသုံးသူ လက်ဝယ်ရောက်ရှိသည်အထိ အပြစ်အနာအဆာ မရှိအောင် နည်းလမ်းကောင်းများလည်း ရှာဖွေတွေ့ရှိလာပြီဖြစ်ပါသည်။

မိမိနှင့်စားသုံးသူနှစ်ရပ်လုံးအကျိုးအတွက် စိုက်ပျိုးသူများနှင့် မိမိစီးပွားရေး အမြတ်အစွန်းအတွက်သာ ရေတိုကိုကြည့်ပြီး စိုက်ပျိုးထုတ်လုပ်သူနှစ်ပိုင်းကွဲသွားကြပါသည်။ စိုက်ပျိုးရေး နည်းပညာအရ စံသတ်မှတ်ထားသော လုပ်ဆောင်ချက်နှင့် အညီလုပ်ဆောင်ပါက အရည်အသွေးကောင်း တာရှည်အထားခံ သီးနှံဖြစ်ထွန်းစေသည်။ ကိုယ်ကျိုးဖက်၍ နည်းပညာစံနှုန်းသွေဖြည်၍ ထွက်လာသောသီးနှံတွင် အရည်အသွေး ညံ့ဖျင်းမှုရှိတတ်ပါသည်။ နောင်တစ်ချိန်တွင် ပိုလျှံလာပါက ပျက်စီးဆုံးရှုံးမှုပိုလွယ်ပြီး အထားမခံသည့် အခြေအနေသို့ရောက်ရှိတတ်ပါသည်။ အခြောက်လှန်းခြင်း၊ အအေးခံခြင်းများဖြင့် ပျက်စီးမှုအားကာကွယ်နိုင်ပါသည်။ ယင်းသို့ ပြုလုပ်ရန်အတွက် နည်းစနစ်များ လိုအပ်လာပြီဖြစ်ပါသည်-

**အခြောက်ခံခြင်း**

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့ သည်ရင့်မှည့်မှုမှန်ကန်ရမည်။ အပွန်းအပဲ့အနာ မပါရပါ။ ၎င်းအချက်များ ချို့ယွင်းခဲ့ပါက အချိန်မတိုင်ခင် ဇီဝတွင်းဖြစ်စဉ်ပြောင်းလဲမှုအရ လည်းကောင်း၊ ပွန်းပဲ့ရာမှ လေဝင်၍အလွယ်တကူပျက်စီး (Decompose) လွယ်နိုင်ပါသည်။ အရည်ရွှမ်းသော ပါးလွှာသော အသားရှိ ဟင်းသီးဟင်းရွက်များအား လေဖြင့်အခြောက်ခံ (Air dry) နိုင်ပါသည်။ (တစ်နည်း) သဘာဝအခြောက်ခံခြင်း

အောက်ပါ ဟင်းသီးဟင်းရွက်များသည် လေနှင့် အခြောက်ခံနိုင်ပါသည်-

(၁) ဟင်းခတ်အမွှေးအကြိုင်နှင့် ဆေးဖက်ဝင်အပင်များ (Herbs)
ဥပမာ- ကလျာဏီပင်၊ ဆာဗိုရီ၊ ရိုစ့်မေရီ၊စမုံဖြူ

(၂) ရင့်မှည့်ပြီးသော ပဲအမျိုးမျိုး
ဥပမာ - ပဲအမျိုးမျိုး၊ ငရုတ်သီး၊ ပြောင်းဖူး

(၃) သစ်သီးများတွင် ဆီးသီး၊ စွန်ပလွန်သီး၊ မက်မွန်သီး၊ တရုတ်ဆီးသီး စသည်တို့ ပါဝင်ပါသည်။

အရည်ရွှမ်းသော အသီးများနှင့် အသားအခွံထူသော သီးနှံများကို အခြောက်ခံကိရိယာ (Dehydrator) တွင်ထည့်၍ အခြောက်ခံနိုင်ပါသည်။ အခြောက်ခံရာတွင် အရေးကြီးသော အချက်မှာ သီးနှံအလိုက်လိုအပ်သော အပူချိန်ရရန်နှင့် ၎င်းအပူချိန်ကို တိုးမသွားအောင်၊ လျော့မသွားအောင် ထိန်းပေးထားရန်ဖြစ်ပါသည်။

အပူချိန်မြင့်တက်သွားပါက သီးနှံတွင်ပါသော ဗီတာမင်ဓာတ်အတော်များများ ဆုံးရှုံးသွားနိုင်ပါသည်။ အပူချိန်နိမ့်လွန်းလျှင်လည်း ရေဓာတ်ပါဝင်မှုကြောင့် ဗက်တီးရီးယားပိုးနှင့် မှိုရောဂါကျရောက်နိုင်ပါသည်။ ထိုသို့ အခြောက် လှန်းခြင်းတွင် အထက်အောက်လှန်၍ ပတ်ဝန်းကျင်လေပူစေခြင်းဖြင့် သီးနှံအတွင်းမှ ရေခိုးရေ ငွေ့ထုတ်ပေးရန်ဖြစ်သည်။

စက်များဖြင့် အခြောက်ခံခြင်းတွင် ဘေးနှင့် အောက်အတွင်းကြားမှ ဖြတ်သန်းသော လေဝင်လေထွက်ကောင်းရန် အကောင်းဆုံးဘန်း(Trays)များအသုံးပြုနိုင်လျှင် ပိုကောင်းပါသည်။

တချို့မှာ အဆောက်အအုံအတွင်း အခြောက်ခံစက်နှင့် ၎င်းအသီးများရေစစ်ထုတ်ရန် အိုဗင် (Oven) ကို အသုံးပြုကြသည်။ အခြောက်ခံခြင်းတွင်အပူချိန်သည် အရေးကြီးပါသည်။

**အပူချိန်နှင့် လေဝင်လေထွက်**

သီးနှံအလိုက် လိုအပ်သော အပူချိန်ကိုရရှိရန်နှင့် ထိုအပူချိန်ကို ထိန်းသိမ်းထားနိုင်ရန် အရေးကြီးပါသည်။ အပူချိန်မြင့်လွန်းပါက အခြောက်ခံခြင်း မဟုတ်တော့ဘဲ ချက်ပြုတ်သလို ဖြစ်သွားနိုင်ပါသည်။ အပူချိန်မြင့်မားမှုကြောင့် သီးနှံ၏အပြင်ဘက် အရေခွံခြောက်သွေ့သွားသဖြင့် အတွင်းမှ ရေကို မထွက်နိုင်အောင်ပိတ်ဆို့ထားသည်။ အခြောက်လှန်းနေစဉ်၌ ပထမနာရီ အနည်းငယ်တွင် အပူချိန်မြင့်တက်သွားခြင်းမရှိအောင် ဂရုစိုက်ရမည်။ အပူချိန် ၁၄၅ ˚F ရောက်ရှိလျှင်လည်း ဗီတာမင်ဓာတ် အတော်များများ ဆုံးရှုံးသွားနိုင်သည်။



သို့ရာတွင်အပူချိန် ၉၀ံ Fရောက်ရှိလျှင်လည်းဗီတာမင်များကို မပျက်စီးစေသော်လည်း ပတ်ဝန်းကျင်လေထု၌အစိုဓါတ်များနေပါက ဘက်တီးရီးယားပိုးနှင့် မှိုရောဂါများ ကျရောက်နိုင်ပါသည်။ ဟင်းခတ်အမွှေးအကြိုင်ပင်များသည် အပူချိန်မြင့်ပါက အဆီသြဇာ ပျောက်ဆုံးနိုင်သဖြင့် ၉၅ ˚F အပူချိန်သည် အသင့်တော်ဆုံးဖြစ်သည်။

အခြောက်လှန်းရာတွင် အပူပေးရခြင်းမှာ သီးနှံကို ပူစေလို၍ မဟုတ်ဘဲ ပတ်ဝန်းကျင်ရှိ လေကို ပူစေပြီး ထိုလေပူက သီးနှံ၏ပတ်ဝန်းကျင်ကို ဖြတ်သန်းကာသီးနှံအတွင်းမှ ရေခိုးရေငွေ့ကို ထုတ်ပေးရန်ဖြစ်သည်။

**နေလှန်းခြင်း**

သီးနှံများကို နေပူလှန်း၍ အခြောက်ခံခြင်းသည် ကုန်ကျစရိတ်အနည်းဆုံးနှင့် အလွယ်ကူဆုံး ဖြစ်နိုင်သည်။ နေပူလှန်း၍ အခြောက်ခံရာတွင်ပူသော နေရောင်ခြည်တာရှည်ရရှိရန်၊လေထုစိုထိုင်းဆ မများလွန်းခြင်းနှင့် လေထုညစ်ညမ်းမှု မရှိခြင်းတို့ကို ထိန်းသိမ်းရန်လိုအပ်ပါသည်။နေလှန်းမည့်နေရာသည် လေထုညစ်ညမ်းသော စက်မှုဇုန်မျိုး မဖြစ်သင့်သကဲ့သို့ အဝေးပြေးလမ်းမကြီး အနီး၌လည်း မဖြစ်သင့်ပေ။ နောက်ဆုံးအနေဖြင့် နေပူလှန်း၍ အခြောက်ခံခြင်းသည် ပူသောနေရောင်ခြည်တွင် သုံးရက် လေးရက် ဆက်တိုက်ရရှိလျှင် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုမရှိစေရန် အရေးကြီးပါသည်။ သိမ်းဆည်းရန်ခက်ခဲပါက ညအခါသီးနှံပေါ်သို့ နှင်းပေါက်မကျရန် ခပ်ပါးပါးလေဝင်လေထွက်ကောင်းသောပစ္စည်းနှင့်အုပ်ဆိုင်းထားရမည်။ နေရောင်ခြည်အောက်တွင် အထက်အောက်လှန်/လှည့် ပေးရမည်။ သီးနှံအောက်တွင် ခင်းထားသော အခင်းသည် သန့်ရှင်းခြောက်သွေ့နေစေရမည်ဖြစ်သည်။ နေရာဒေသအချို့နှင့် အချို့သောရာသီဥတုများတွင်ပူနွေးသောနေရာနှင့် ခြောက်သွေ့သော လေထု ပုံမှန်မရှိတတ်သဖြင့် သဘာဝအတိုင်းနေလှန်းပြီး အခြောက်ခံရန် အဆင်မပြေလှချေ။ ထိုအခါ အဆောက်အအုံအတွင်းတွင် အိုဗင်နှင့်ဖြစ်စေ၊ အခြောက် ခံစက်နှင့်ဖြစ်စေ အခြောက်လှန်းရသည်။ ထိုနည်းသည် မိုးအုံ့သည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ နေ့ရောညပါ ပြုလုပ်နိုင်သည်။ အပူချိန်ကို ပြောင်း နိုင်သော အခြောက်ခံစက်သည်အခြောက်လှန်းချိန်တိုတောင်းသွားခြင်း၊ အခြောက်လှန်းနိုင်သော ကာလကို ကြာရှည်စွာ ဆောင်ရွက်နိုင်ခြင်း၊ ထိုသို့ အခြောက်လှန်းသော ဟင်းသီးဟင်းရွက်များမှာ နေလှန်းခြင်းထက် အရသာရှိခြင်း စသော အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ပါသည်။

**သီးနှံများ၏အခြောက်ခံသက်တမ်း**

| စဉ် | သီးနှံ (ဟင်းသီးဟင်းရွက်) | ၇၀ ˚ F၌ သက်တမ်း | ၅၂ ˚ F၌ သက်တမ်း |
|---|---|---|---|
| ၁ | ပဲသီး(အစိမ်း) | ၄ လ | ၈ - ၁၂ လ |
| ၂ | ပြောင်းဖူး | ၄ လ | ၈ - ၁၂ လ |
| ၃ | ခရမ်းသီး | ၂ လ | ၄ - ၆ လ |
| ၄ | ကြက်သွန်ဖြူ | ၄ လ | ၈ - ၁၂ လ |
| ၅ | ကြက်သွန်နီ/အမြိတ် | ၄ လ | ၈ - ၁၂ လ |
| ၆ | ငရုတ် | ၈ လ | ၁၆ - ၂၄ လ |
| ၇ | အာလူး | ၄ လ | ၈ - ၁၂ လ |
| ၈ | ရွှေဖရုံ | ၁ လ | ၂ - ၃ လ |
| ၉ | ကန်စွန်းဥ | ၁ လ | ၂ - ၃ လ |
| ၁၀ | ခရမ်းချဉ် | ၃ လ | ၆ - ၉ လ |
| ၁၁ | ပန်းသီး | ၆ လ | ၁၈ - ၂၄ လ |
| ၁၂ | သဘော်သီး | ၆ လ | ၁၈ - ၂၄ လ |
| ၁၃ | သစ်တော်သီး | ၆ လ | ၁၈ - ၂၄ လ |
| ၁၄ | စတော်ဘယ်ရီသီး | ၆ လ | ၁၈ - ၂၄ လ |
| ၁၅ | အုန်းသီး | ၁ လ | ၃ - ၄ လ |
| ၁၆ | မက်မန်းသီး | ၆ လ | ၁၈ - ၂၄ လ |

**အအေးခန်းတွင်ထားနိုင်သောသက်တမ်း**

တာရှည်ခံပြုလုပ်ရန် အရည်အသွေး ကောင်းသောသီးနှံများကိုအသုံးပြုရသည်။ ရိတ်သိမ်းချိန်မှစ၍ ကိုင်တွယ်ရာတွင် အသာအယာကိုင်တွယ်ရသည်။ သီးနှံအများစုသည် မြေအောက်အအေးခန်းတွင်သိုလှောင်နိုင်သော်လည်း အချို့သီးနှံများကမူ မြေအောက်ခန်းတွင် သိုလှောင်၍ မရချေ။ အောက်ဖော်ပြပါ သီးနှံများကို မြေအောက် အအေးခန်းတွင် ထားသိုနိုင်သည်။

| သီးနှံ | အပူချိန် | စိုထိုင်းဆ | လေဝင်လေထွက် | တာရှည်ခံမှု(လ) |
|---|---|---|---|---|
| ပန်းသီး | ၃၂ ˚ F | ၈၀-၉၀ % | အလယ်အထက် | ၄ - ၆ လ |
| ဂေါ်ဖီထုပ် | ၃၂ ˚F | ၈၀-၉၅ % | နည်း | ၃ - ၅ လ |
| စပျစ်သီး | ၃၂ ˚F | ၈၀-၉၀ % | နည်း | ၁ - ၂ လ |
| သစ်တော်သီး | ၃၂ ˚F | ၈၀-၉၅ % | နည်း | ၂ - ၆ လ |
| ကြက်သွန်နီ | ၃၂ ˚F | ၇၀ %နှင့်အောက် | အလယ်အလတ် | ၄ - ၆ လ |
| ခရမ်းချဉ်သီး | ၅၅ - ၇၀ ˚F | ၈၀-၉၀ % | အလယ်အလတ် | ၁ - ၁ - လ |
| ရွှေဖရုံသီး | ၅၅ ˚F | ၇၀-၈၀ % | အလယ်အလတ် | ၄ - ၆ လ |



## အိုလံပစ်အားကစားပွဲကျင်းပရန် နှစ်ပတ်ခန့်အလိုတွင် အကြမ်းဖက်ရန်ပြင်ဆင်နေသည့်အဖွဲ့ဝင် ၁၀ ဦးအား ဖမ်းဆီးရမိ

ဘရာဇီးနိုင်ငံ ရီအိုဒီဂျနေးရိုးမြို့တွင် ကျင်းပမည့် ဘရာဇီးအိုလံပစ်ပြိုင်ပွဲကျင်းပရန် နှစ်ပတ်ခန့်အလိုတွင် ဘရာဇီးနိုင်ငံ ရီအိုဒီဂျနေးရိုးမြို့၌ အကြမ်းဖက်သမား ၁၀ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ထုတ်ဖော်ကြေညာခဲ့သည်။ ဘရာဇီးရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့သည့် အဆိုပါအကြမ်းဖက်သမားများသည် အိုင်အက်စ်အဖွဲ့ဝင်များ မဟုတ်ကြသော်လည်း ယင်းနှင့်ဆက်စပ်နေသည့်အဖွဲ့ဝင်များဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖမ်းဆီးရမိသူအားလုံးမှာ ဘရာဇီးနိုင်ငံသားများဖြစ်ကြပြီး ၎င်းတို့အနက် နှစ်ဦးမှာ အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်သူဖြစ်နိုင်သည်ဟု သံသယရှိနေကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထား သည်။

အဆိုပါ အကြမ်းဖက်အဖွဲ့ဝင်များသည်ဘရာဇီးနိုင်ငံ၏ ပြည်နယ် ၁၀ ခုတွင် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်သွားရန်စီစဉ်ထားကြောင်း ၎င်းတို့၏ သတင်းပေးပို့ချက်များတွင် ဖော်ပြထားသည်ဟုဆိုသည်။

၎င်းတို့သည် ဘရာဇီးနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ပါရာဂွေးနိုင်ငံမှ အေကေ-၄၇ ရိုင်ဖယ်သေနတ်များအပါအဝင် လက်နက်အမြောက်အမြားကို ဝယ်ယူရန်ဆက်သွယ်လျက်ရှိသော်လည်း ဝယ်ယူထားရခြင်းမရှိသေးကြောင်း ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အကြမ်းဖက်သမားများကို ဖမ်းဆီးရမိပြီးနောက် ဘရာဇီးအစိုးရအဖွဲ့သည် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ခေါ်ယူခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ရီအိုဒီဂျနေးရိုးမြို့တွင် ရဲတပ်ဖွဲ့ဝင်ပေါင်းရှစ်သောင်းကျော်နှင့် စစ်သားများကို လုံခြုံရေးဆောင်ရွက်ရန် တာဝန်ပေးအပ်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

## ဂျာမနီနှင့် ဟန်ဂေရီနိုင်ငံများသို့ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း တစ်လကြာ သွားရောက်လေ့ကျင့်မှုများ ပြုလုပ်မည်

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်ရန် ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဂျာမနီနှင့် ဟန်ဂေရီနိုင်ငံတို့သို့ တစ်လကြာ သွားရောက်လေ့ကျင့်မှုများပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြချုပ် ဂတ်ဆီဇီတို့သည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ဥရောပလေ့ကျင့်ရေးခရီးစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ အဖွဲ့ချုပ်ဥက္ကဋ္ဌကလည်း အတည်ပြုပေးခဲ့ကြောင်း သိရသည်။

"လောလောဆယ်မှာတော့ လေ့ကျင့်ရေးခရီးစဉ်အတွက် ပြင်ဆင်နေပါတယ်။ အဲဒီလို သွားရောက်လေ့ကျင့်ရတဲ့ အဓိကရည်ရွယ်ချက်က ဆူဇူကီးဖလားမှာ အောင်မြင်မှုရရှိဖို့ပါ။ လာမယ့် စက်တင်ဘာလအတွင်းမှာ သွားရောက်မှာပါ" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ပဏာမကစားသမား ၂၉ ဦးဖြင့်ဖွဲ့စည်းထားပြီး တစ်ပတ်လျှင်တစ်ကြိမ် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

## ယူကေပြေးခုန်ပစ်အသင်း တားမြစ်ဆေးဝါးကင်းစင်သည်ဟု အဖွဲ့ချုပ် ဥက္ကဋ္ဌ အက်ဒ်ဝါနာ အာမခံ

ယူကေ ပြေးခုန်ပစ်အသင်းသည် တားမြစ်ဆေးဝါးသုံးစွဲမှုမှ ကင်းစင်ကြောင်း ယူကေပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ အက်ဒ်ဝါနာက အာမခံပြောကြားခဲ့သည်။

အက်ဒ်ဝါနာက "ယူကေပြေးခုန်ပစ်အသင်းကို ဘယ်အချိန်မှာမဆို စစ်ဆေးလို့ရပါတယ်။ အားကစားသမားတွေ အကုန်လုံး တားမြစ်ဆေးဝါးသုံးစွဲမှု ရာနှုန်းပြည့်ကင်းစင်တယ်ဆိုတာကို အာမခံရဲပါတယ်။ ဘယ်အချိန် ဘယ်နေရာမှာမှ တားမြစ်ဆေးသုံးစွဲမထားပါဘူး"ဟု ၎င်းကပြောကြားခဲ့သည်။

ရုရှားပြေးခုန်ပစ်အားကစားသမားများသည် တားမြစ်ဆေးဝါးသုံးစွဲမှုများကြောင့် မကြာမီကျင်းပတော့မည့် ဘရာဇီးအိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုရန် တားမြစ်ပိတ်ပင်ခြင်း ခံထားရသည်။

ဗြိတိန်အသင်း၏ အိုလံပစ်ရွှေတံဆိပ်နှစ်ဆုရှင် မိုဖာရက်က "ကျွန်တော်တို့ ပြိုင်ပွဲကိုရောက်ရင် ရုရှားအသင်းက ပြေးခုန်ပစ်ပြိုင်ပွဲဝင်တွေနဲ့ တွေ့တဲ့အခါ မေးကြည့်ပါတယ်။ သူတို့က ကျွန်တော်တို့မှာ ပြိုင်ပွဲဝင်ပြိုင်ဖို့ အကောင်းဆုံးအနေအထားမှာရှိနေပါတယ်လို့ပဲ ပြောကြတယ်"ဟု ပြောကြားခဲ့သည်။

ဂျမေကာနိုင်ငံမှ တာတိုအပြေးချန်ပီယံ အူစိန်ဘို့တ်က "ဒီတားမြစ်ဆေးဝါးပြဿနာက ပြေးခုန်ပစ်အားကစားလောကမှာ တကယ့်ကို ဆိုးဆိုးရွားရွား ရင်ဆိုင်နေရတဲ့အခြေအနေပါ။ အားကစားသမားတွေအနေနဲ့ အခုလို တားမြစ်ဆေးဝါးတွေသုံးပြီးပြိုင်ပွဲမှာ ဝင်ပြိုင်နေမယ်ဆိုရင် ပြည်သူတွေ အနေနဲ့ ဒီဖြစ်ရပ်တွေအပေါ်မှာ ကြောက်လန့်သလို ဖြစ်နေမှာပဲ"ဟု ဘီဘီစီသို့ ပြောကြားခဲ့သည်။

## ၂၀၁၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ခိုက်ရန်ဖြစ်ပွားခဲ့သည့်ကစားသမားများကို ထိရောက်စွာ အရေးယူ

နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ခိုက်ရန်ဖြစ်ပွားခဲ့သည့် ဘောလုံးသမားများအား ထိရောက်စွာ အရေးယူခဲ့ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာန၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇူလိုင် ၁၇ ရက်က ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် ၈၃ မိနစ်တွင် နှစ်ဖက်အသင်းမှ ဘောလုံးသမားများခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန၊ စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီက ပြိုင်ပွဲမှတ်တမ်း ဗီဒီယိုခွေအား ကြည့်ရှု၍လည်းကောင်း၊ ဒိုင်ကော်မတီအဖွဲ့၏ အစီရင်ခံစာအရလည်းကောင်း၊ ပြိုင်ပွဲတွင် ခိုက်ရန်ဖြစ်ပွားခဲ့ကြသည့် ဘောလုံးသမားများအား ထိရောက်စွာ အရေးယူခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘောလုံးအသင်းမှ ကျောနံပါတ်(၁၅) တေဇာဦးအား ယခုကျင်းပသည့် ပြိုင်ပွဲနှင့် နောင်ကျင်းပမည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲများတွင် အားကစားသမားအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်မပြုရန်၊ ၎င်းအသင်းမှ ကျောနံပါတ်(၁၀) ရှိုင်းထက်အောင်အား ယခုကျင်းပလျက်ရှိသော ပြိုင်ပွဲ၏ လက်ကျန်ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုရန်၊ ၎င်းအသင်းမှပင် ကျောနံပါတ်(၇) နေဝင်းအား ဒုတိယအဆင့်ပတ်လည်ပြိုင်ပွဲ၏ ကျန်ရှိသော အနီးဆုံးနှစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုရန်၊ အလားတူ ပြန်ကြားရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၅)မောင်ဝင်းအား ယခုကျင်းပလျက်ရှိသော ပြိုင်ပွဲ၏ ကျန်ရှိသော ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုရန်၊ ၎င်းအသင်းမှပင် ကျောနံပါတ်(၇)စိုးချစ်ဦးနှင့် ကျောနံပါတ်(၂၀)အောင်မင်းဦးတို့အား ခိုက်ရန်ဖြစ်ပွားမှုတွင် ပါဝင်ခဲ့သည်ဟု သံသယရှိသူ ကစားသမားအဖြစ် မှတ်တမ်းတင်ထားရှိပြီး နောင်ပြိုင်ပွဲများတွင် အလားတူဖြစ်စဉ်မျိုး ဖြစ်ပွားပါက ထိရောက်စွာ အရေးယူနိုင်ရေးအတွက် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။



## ပါးလ်မီးရပ်စ် လူငယ်ခြေတက် တိုက်စစ်မှူး ဂျီးဆက်စ်ကို ခေါ်ယူရန် မန်စီးတီး စတင်ဆွေးနွေးနေ

မန်ချက်စတာစီးတီးအသင်းသည် ဘရာဇီး၏ တက်သစ်စ တိုက်စစ်မှူးလေး ဂါဘရီရယ်လ်ဂျီးဆက်စ်ကို ခေါ်ယူရန် ဆွေးနွေးမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ အသက်(၁၉)နှစ်အရွယ်ရှိ ဂျီးဆက်စ်ကို ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်နှင့် PSG အသင်းများကလည်း စိတ်ဝင်စားနေသော်လည်း ကာယကံရှင်ကိုယ်တိုင်က မန်စီးတီး မန်နေဂျာသစ် ဂွားဒီယိုလာနှင့် ၁၅ မိနစ်မျှစကားပြောပြီး နောက် မန်စီတီးကိုသာ အာရုံကျနေသည်ဟုဆိုသည်။

ဘရာဇီးကလပ် ပါးလ်မီးရပ်စ်သည် ဂျီးဆက်စ်အတွက် စတာလင်ပေါင်သန်း ၂၀ ဝန်းကျင်ဖြင့် ကမ်းလှမ်းမှုမျိုးကို လက်ခံ စဉ်းစားသွားဖွယ်ရှိနေသည်။ မန်စီးတီးဘက်ကလည်း ဂျီးဆက်စ်ကို ဝယ်ယူပြီးသည့်တိုင် ဘရာဇီးဘောလုံးရာသီ ပြီးဆုံးမည့် ဆောင်းရာသီအထိ အငှားပြန်ချပေးသွားမည်ဟု ဆိုသည်။

ပါးလ်မီးရပ်စ်သည် ယခုရာသီ ဘရာဇီးလ်အမှတ်ပေး ချန်ပီယံဆုကို ဆွတ်ခူးရန် အလားအလာကောင်းလျက်ရှိသည်။ ဂျီးဆက်စ်သည် ဘရာဇီး၏ တင်းပြည့်ကျပ်ပြည့် လက်ရွေးစင်အဆင့်သို့ မရောက်သေးရာ အလုပ်လုပ်ခွင့် ပါမစ်ကိစ္စပြဿနာ ကြုံလာဖွယ်ရှိနေသည်။ သို့သော် မန်စီးတီးက လူငယ်ခြေတက်များအတွက် အထူးခွင့်ပြုပါမစ်ကိုရရှိရန် ကြိုးစားမည်ဖြစ်သည်။

## ပန်းတနော်မြို့အထက-၂ တွင် စားသုံးသူရေးရာ ဟောပြောပွဲကျင်းပ

ပန်းတနော် မြို့နယ် အထက-၂ ၌ ဇူလိုင် ၁၃ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်လတ်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဦး စီးဌာနမှ ဝန်ထမ်းများနဲ့ ကျောင်းအုပ် ဆရာမကြီး ဒေါ်သိန်းသိန်းဦးတို့ပူးပေါင်း၍ ကျင်းပခဲ့သည်။ အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာ သိကောင်းစရာ အကြောင်းအရာများနှင့် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ ဥပဒေများ အကြောင်းကို ပန်း တနော်မြို့နယ်စားသုံးသူရေးရာဦးစီး ဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်လတ်က အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူ ဆရာ/ဆရာမနှင့် ကျောင်းသူကျောင်းသားဦးရေ ၃၀၀ ကို စားသုံးသူရေးရာ သိကောင်းစရာ လက်ကမ်းစာစောင်များကိုလည်းဖြန့်ဝေပေး ခဲ့ပါတယ်။

**Maubintrade (MT)**

## ကျောက်ဆည်မြို့နယ်အတွင်း စားသုံးသူ အသိပညာပေးကွင်းဆင်းဆောင်ရွက်

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျောက်ဆည်မြို့နယ် ကုန်းကြီးအခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင်လ ၅ ရက်တွင် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ ဟောပြောဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် ဒုတိယခရိုင်ဦးစီးမှူး ဦးမောင်ထူးက စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ဟောပြောရသည့် အကြောင်းအရင်းများ၊ အသိပညာပေးလုပ်ဆောင်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးဇော်မင်းလတ်က FDA မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့် ကုန်ပစ္စည်းများတွင် ခွင့်မပြုဆိုးဆေး ပါဝင်နေမှုများအား ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးရှင်းလင်းခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၏ ရည်ရွယ်ချက်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေး၊ တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အရေးယူဆောင်ရွက်မှု များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးကြီးကြပ်အဆင့် (၁) ဒေါ်ဝေဝေနှင်းက ကျောင်းကျန်းမာရေးနှင့် ပတ်သက်သော အကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဟောပြောဆွေးနွေးပွဲတွင် ဆရာ/ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၅၀ ဦး တက်ရောက်ခဲ့ပါသည်။

**ဇော်မင်းလတ်(ကျောက်ဆည်)**

## ပုသိမ်ကြီးမြို့နယ်၊ သဲကုန်းကျေးရွာ၊ မူလတန်းလွန်ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဇူလိုင် ၁၃ ရက်တွင် ပုသိမ်ကြီးမြို့နယ်၊ သဲကုန်းကျေးရွာ၊ မူလတန်းလွန်ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမ များ၊ ကျောင်းသား/ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းမုန့်ဈေးတန်းရောင်းချသူများ စုစုပေါင်းအင်အား ၄၀၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေး တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဦးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များ အကြောင်းကို ပြောကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်မင်းထွေးက ခွင့်မပြုဆိုးဆေးများကြောင့် စားသုံးသူများ ခံစားရမည့် ဆိုးကျိုးများနှင့် အစားသောက်များတွင် မသုံးသင့်သည့် ဆိုးဆေးများအကြောင်းကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဦးနိုင်ထွန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင် ပါရှိသည့် တာဝန်များ၊ တားမြစ်ချက်များ၊ အရေးယူဆောင်ရွက်မည့် အပိုင်းများကိုလည်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သီတာဝင်း၊ စားသုံးသူ(မန္တလေး)**

## မော်လမြိုင်မြို့နှင့် ကျိုက်မရောမြို့နယ်အတွင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် ပြည်နယ်ဦးစီးမှူးရဲ့ အနီးကပ်ကြီးကြပ်မှုဖြင့် စားသုံးသူအကာအကွယ် ပေးရေး အသိပညာပေး ဆွေးနွေးပွဲများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်တွင် မော်လမြိုင်မြို့နယ်မြိုင်သာယာ အ. မ. က ကျောင်းနှင့် မုရောင်း အ. မ. က(လွန်)ကျောင်းတို့တွင် လည်း ကောင်း၊ ဇူလိုင် ၁၂ ရက်တွင် ကိုဝချောင် အ. မ. က (လွန်) ကျောင်း နဲ့မျှော်လင့် အ. မ. က (လွန်) ကျောင်း တို့တွင်လည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် လှိုင် အ. မ. က (လွန်) ကျောင်းနဲ့ ပန်းခြံကုန်း အ. မ. က (လွန်) ကျောင်း တို့တွင်လည်းကောင်း၊ ဇူ ၁၄ ရက်တွင် မော်လမြိုင်မြို့ အိမ်တွင်းမှု သက်မွေးကျောင်း၊ ကျိုက်မရောမြို့နယ် သိမ်ဖြူကုန်း အ. မ. က (လွန်) ကျောင်းနဲ့ ကလိုင်းကနိုင် အ. မ. က (လွန်) ကျောင်းတို့တွင်လည်းကောင်း စားသုံး သူအကာအကွယ်ပေးရေး သိကောင်းစရာအကြောင်းနှင့် ဥပဒေများအကြောင်း ဆွေးနွေးခြင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ဆိုင်ရာ သိကောင်းစရာများ၊ တားမြစ်ကုန်စည်များနှင့် လုံခြုံစိတ်ချရမှုမရှိသည့် ကုန်စည်များ၏ဘေးဥပဒ်အန္တရာယ်များ အကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

**T.Y.Z (CONSUMER MAN)**

## လားရှိုးမြို့၊ အထက(၃)နှင့် အထက(၆)ကျောင်းတို့တွင် စားသုံးသူ အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

လားရှိုးမြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်မင်းသန်း ဦးစီးသောအဖွဲ့သည် ဇွန်လ ၂၄ရက်တွင် အထက(၃) ကျောင်းရှိ စံပယ်ခန်းမ၌ ဆရာ၊ဆရာမ ငါးဦး၊ ကျောင်းသား၊ကျောင်းသူ ၄၀၀ဦး စုစုပေါင်း ၄၀၅ ဦးအား စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များဖြန့်ဝေ၍ စားသုံးသူအကာအကွယ်ပေးရေး အကြောင်း၊ ဥပဒေအကြောင်းနှင့် သိကောင်းစရာများ၊ စားသုံးရန် မသင့် သောအစားအသောက်များနှင့် FDA ထောက်ခံချက်မရှိသော ပြည်တွင်း ပြည်ပ စားသောက်ကုန်များကို အကျယ်တဝင့် ဟောပြောခဲ့ပါသည်။

အလားတူ ဇူလိုင် ၁၂ရက်တွင် လားရှိုးမြို့နယ်၊ အထက(၆)တွင် ရောင်းချလျက်ရှိသော ကျောင်းမုန့်ဈေးဆိုင် ၂၁ဆိုင်အား ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပါသည်။ကျောင်းမုန့်ဈေးသည်များအား ကလေးငယ်များ ဘေးအန္တရာယ်ဖြစ်စေသော အစားအသောက်/မုန့်များ၊ ရက်လွန်မှုတက်နေသော မုန့်များ ရောင်းချမှုမရှိစေရေး အသိပညာပေးဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါကျောင်းရှိ ကမ္ဘောဇခန်းမတွင် ဆရာ/ဆရာမ၊ ကျောင်းသူ/သား စုစုပေါင်း ၆၈၆ဦးတို့အား စားသုံးသူရေးရာအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ဆွေးနွေးဟောပြောပွဲ ကျင်းပခဲ့ပါသည်။

ထို့နောက် ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်မင်းသန်းနှင့် တာဝန်ရှိသူများသည် ဇွန်လ ၂၈ရက်တွင် လားရှိုးမြို့၊ အထက(၃)ကျောင်း၌ ရောင်း ချနေသော ကျောင်းမုန့်ဈေးဆိုင် ၁၂ဆိုင်အား စားသုံးရန်မသင့်သည့် အစားအသောက်များ၊ မုန့်များရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ စားသောက်ရန်မသင့်သည့် တရုတ်စာတန်းပါ ထောက်ခံချက်မပါရှိသည့် ဝေဖာချောင်း ၂၈ချောင်း သိမ်းဆည်းခဲ့ပြီး ၎င်းကျောင်းရှိ ဆရာ/ဆရာမများ၊ ကျောင်းသူ/သားများနှင့် ဈေးသည်များ ရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

## စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းပိုမိုအောင်မြင်စေရန် ဆက်စပ်ဌာနများနှင့် ဆောင်ရွက်သလို မိခင်ဌာနကလည်းဆောင်ရွက်ခဲ့

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုနှင့် အရာထမ်းနှစ်ဦးတို့သည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)မှ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊အစည်းအဝေးခန်းမတွင် ဇူလိုင်လ ၂၂ ရက်က ကျင်းပ ပြုလုပ်သည့် "ဈေးကွက်အတွင်း ရောင်းချနေသော မုန့်ဟင်းခါးဖတ်နှင့်ပဲပြားများတွင် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် Formalin အသုံးမပြုရေးဆွေးနွေးဟောပြောပွဲ" ကို တက်ရောက်ခဲ့သည်။ အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် ညွှန်ကြားရေးမှူး ဦးမြင့်ချိုက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဟောပြောခဲ့ပါတယ်။

ဒါ့အပြင် အဆိုပါနေ့တွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)မှ ဒေါက်တာဟန်မော်မျိုးဟိန်း၊ ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသီသီလတ်တို့သည် ရန်ကင်းမြို့နယ် ပညာရေးကောလိပ်တွင် ကျင်းပခဲ့သည့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းချက်များနှင့် စားသုံးသူကာ ကွယ်ပေးရေး လုပ်ငန်းစဉ်များ၊ အန္တရာယ်ကင်းရှင်းတဲ့ စားသောက်မှုများအကြောင်း၊ လုံခြုံစိတ်ချရပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ ရွေးချယ်စားသုံးတတ်ရမည့် အကြောင်းအရာများကို အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)၊ ရန်ကင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကင်းပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာကြီး၊ ဌာနမှူးနှင့်ကထိက၊ နည်းပြဆရာ/ဆရာမများ ၊ သင်တန်းသားဆရာ/ဆရာမများ စုစုပေါင်း ၇၂၀ တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဇူလိုင်လတတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကွပ်ကဲမှုအောက်ရှိအင်းစိန်ခရိုင်အတွင်းခြောက်နေရာ၊ တွံတေးခရိုင်အတွင်းသုံးနေရာ၊ လှည်းကူးခရိုင်အတွင်းငါးနေရာ၊ သန်လျင်ခရိုင်အတွင်း ငါးနေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာ ပေးဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မိထားလှိုင် (စားသုံးသူ)ရန်ကုန်**

# ကျိုက်မရောမြို့နယ်၊ အမှတ်(၁) မူ/လွန်နှင့် နောင်လုံအမှတ်(၁) မူ/လွန်ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲများကျင်းပ

မွန်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဇူလိုင်လ ၈ရက်တွင် ကျိုက်မရောမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ လည်းကောင်း၊ ဇူလိုင်လ ၁၁ရက်တွင် ကျိုက်မရောမြို့နယ်၊ နောင်လုံအမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများကို ကျင်းပခဲ့ကြပါသည်။

မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းထွန်း ဦးဆောင်သော အဖွဲ့သည် ကျိုက်မရောမြို့နယ်၊ အမှတ်(၁)မူ/ လွန်ကျောင်းတွင် ဟောပြောဆွေးနွေး ခဲ့ကြရာ စားသုံးသူရေးရာ ဦးစီးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှု ဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ကြသည်။

အလားတူပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးနေဇင်သက် ဦးဆောင်သော အဖွဲ့သည်လည်း ကျိုက်မရောမြို့နယ်၊ နောင်လုံအမှတ်(၁) မူ/လွန်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ တားမြစ်ကုန်စည်များ၏ အန္တရာယ်ရှိမှုများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

အမက(၁) မူ/လွန်တွင် ပြုလုပ်သည့် ဟောပြောပွဲသို့ ဆရာ၊ဆရာမ၊ ကျောင်းသူ၊ကျောင်းသား ၂၂၀ခန့် တက်ရောက်ခဲ့ကြပြီး နောင်လုံ အမက (၁) မူ/လွန်တွင် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသား စုစုပေါင်း ၄၀၀ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သူရ(မွန်)**

# မြောင်းမြခရိုင် စားသုံးသူရေးရာ ဦးစီးဌာနရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ သင်တန်းဖွင့်လှစ်





မြောင်းမြခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ဦးစီးမှူးရုံးတွင် ဇူလိုင်လ ၉ ရက်က မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်မှ ဝန်ထမ်းများအား စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ သင်တန်း ဖွင့်လှစ်ပို့ချခဲ့ပါသည်။

သင်တန်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်လှိုင်က စားသုံးသူရေးရာဦးစီးဌာန၏ သမိုင်းအကျဉ်းနှင့် ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်များကို အသေးစိတ်ရှင်းလင်းပြီး စားသုံးသူများနှင့် လုပ်ငန်းရှင်များသို့ အသိပညာပေး ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ ဈေးကွက်ရောက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို လေ့လာစိစစ် အသိပညာပေးခြင်း၊ ဈေးကွက်မရောက်မီ ကုန်စည်များကို လေ့လာစိစစ်၍ ထုတ်လုပ်သူလုပ်ငန်းရှင်များသို့ အသိပညာပေးခြင်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ဟောပြောပို့ချခဲ့ပါသည်။ သင်တန်းပို့ချမှုအပေါ် နားလည် သဘောပေါက်မှု ရှိ/မရှိ သင်တန်းသားများနှင့် အပြန်အလှန် မေးမြန်း ဆန်းစစ်ခဲ့ပါသည်။

မြောင်းမြခရိုင်ဦးစီးမှူး ဦးတိုးလွင်က သင်တန်းဖွင့်လှစ် ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ဝန်ထမ်းများ အနေဖြင့် မိမိအရည်အသွေးကို မြှင့်တင်နိုင်ရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာလုပ်ငန်းများကို စနစ်ကျနစွာဖြင့် ထိရောက်အောင်မြင်မှုရှိစွာ လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ထမ်းများအနေဖြင့် စားသုံးသူ အကာ အကွယ်ပေးရေး ဥပဒေကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် လေ့လာပြီး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပါသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ပါသည်။

**တိုးလွင်(မြောင်းမြ)**

# ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာအုပ်စု၊ စံကင်း (အထက)ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ဓနုဖြူမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြစန်း ဦးဆောင်သော ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာအုပ်စုရှိ စံကင်း (အထက)ကျောင်းတွင် စားသုံးသူရေးရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင်လ ၁၂ရက်က ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးသြမင်းနှင့် ဆရာ/ဆရာမ များ၊ ကျောင်းသူ/သားများ အပါအဝင် စုစုပေါင်း ၁၄၀ ဦး တက် ရောက်ခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ (ဥပဒေ)များ၊ ဆိုးဆေးအန္တရာယ်များနှင့် (FDA)အဖွဲ့မှ ထုတ်ပြန်ထားသော စားသုံးရန် မသင့်သည့် အစားအသောက်များကို အကျယ်တဝင့် ရှင်းလင်း ပြောကြား ဆွေးနွေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**Maubin Consumer**

■



# ဖျာပုံမြို့နယ် အမက(၃)တွင် စားသုံးသူ အသိပညာပေး ဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနဲ့ ဝန်ထမ်းများ၊ ဆရာ၊ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ အဖွဲ့ဝင်များပူးပေါင်း၍ ဖျာပုံမြို့ (၁၇)ရပ်ကွက်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၃)တွင် ဇူလိုင် ၁၅ ရက်က စားသုံးသူအသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေမှာပါရှိတဲ့ စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များအား နားလည် သဘောပေါက်စေရန် ဥပမာများနဲ့ ရှင်းလင်းပြောကြားပါတယ်။ ဆက်လက်၍ ဌာနခွဲမှူး ဦးမင်းဇော်က အစားအသောက်နှင့် ဆိုးဆေးအန္တရာယ်များအကြောင်း၊ သက်တမ်းလွန် မုန့်များနှင့် ကလေးများ စားသုံးရန်မသင့်သော မုန့်များအားနမူနာပြသ၍ ရှင်းလင်းပြောကြားသွားပါတယ်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းဈေးသည်များ၊ ဆရာမများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသွားပါတယ်။

ထိုအခမ်းအနားသို့ ကျောင်းဈေးသည်များ၊ ကျောင်းတွင်းရှိဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း ၃၆၄ ဦး တက်ရောက်ခဲ့ပါတယ်။ အခမ်းအနားတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စားသုံးသူစစ်တမ်းများ ရယူခဲ့ကြောင်း သတင်းရရှိပါတယ်။

**မင်းဇော်မွန်(ဖျာပုံ)**

# ဟားခါးမြို့အတွင်းရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးဇော်မင်းနှင့် တာဝန်ရှိသူများ သည် ဇူလိုင်၁၂ရက်က ဟားခါးမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်း၊ ကျောဘုတ်၌လည်းကောင်း၊ ဇူလိုင် ၁၅ရက်က ဟားခါးမြို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်း၌ လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အ. လ. က၊ ကျောဘုတ်မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ပေါင်း ၁၉၀ဦးခန့်၊ ဘုန်းတော်ကြီးသင် ပညာရေး၊ မူလွန်ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူပေါင်း ၄၄ဦးခန့် တက်ရောက်ခဲ့ပြီး၊ လက်ကမ်းစာစောင်များ၊ ကျန်းမာရေးဦးစီးဌာနမှ စားသုံးရန်မသင့် ကြေညာထားသော အစားအသောက်များ စာရင်း၊ စံမညီမြေပဲဆီစာရင်းများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ဦးဇော်မင်းက စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ကျောင်းသား၊ ကျောင်းသူအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရန် အတွက် ရှင်းလင်းဟောပြောခဲ့ပြီး ဦးရှန်ဗျက်လျန်းက ချင်းဘာသာစကားဖြင့် ပြန်လည် ဟောပြောခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဒေါ်ကြယ် (ဟားခါးမြို့)**

Vol: 16, No.27 Monday July 25 2016

## အေအိုင်အိုင်ဘီမှာ အတည်ပြုလက်မှတ်ရေးထိုးဖို့ ဖိလစ်ပိုင်နိုင်ငံပြင်ဆင်

ဖိလစ်ပိုင်နဲ့တရုတ် နှစ်နိုင်ငံအကြား နိုင်ငံရေးတင်းမာမှုတွေ ရှိနေပေမယ့် တရုတ်နိုင်ငံဦးဆောင်တဲ့ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်(အေအိုင်အိုင်ဘီ)မှာ ပါဝင်နိုင်ရေးအတွက် အတည်ပြုလက်မှတ်ရေးထိုးဖို့ ဖိလစ်ပိုင်နိုင်ငံက ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖီးလ်စတား အွန်လိုင်းသတင်းမှာ ဖော်ပြ ပါတယ်။

"သဘောတူ စာချုပ်ကို အထက် လွှတ်တော်က အတည်ပြု လက်မှတ်ရေးထိုးဖို့တင်ပြရာမှာ အပြောင်းအလဲ တစ်စုံတစ်ရာ ရှိမှာမဟုတ်ဘူး" လို့ ဘဏ္ဍာရေးဝန်ကြီး ကာလို့စ်နီမင်ကွက်က ဖိလစ်ပင်းစတားသတင်းဌာနကို ပြောပါတယ်။

အနောက်ဖိလစ်ပိုင် ပင်လယ်ပြင်နဲ့ ပတ်သက်တဲ့ မကြာမီကဆောင်ရွက်ခဲ့တဲ့ အငြင်းပွားမှုဆိုင်ရာ တရားရုံး ဆုံးဖြတ်ချက်ကြောင့် အေအိုင်အိုင်ဘီရဲ့ ငွေကြေးစည်းမျဉ်းတွေကို ထိခိုက်မှုရှိစေနိုင်မှာမဟုတ်ကြောင်း အေအိုင်အိုင်ဘီဘဏ်က ပြောပါတယ်။

အေအိုင်အိုင်ဘီဘဏ်က အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ တည်ထောင်ထားတဲ့အဖွဲ့ဖြစ်ပြီး နိုင်ငံရေးအဖွဲ့အစည်းတစ်ခု မဟုတ်ပါဘူး။ ဘယ်အဖွဲ့ဝင်ကိုပဲဖြစ်ဖြစ် ဘဏ်က ဘဏ္ဍာရေးထောက်ပံ့မှုတွေ ပေးသွားမှာဖြစ်ကြောင်း အဖွဲ့ရဲ့အကြီးတန်း ဆက်သွယ်ရေးအရာရှိ ဆောင်လီယန်က ပြောပါတယ်။

၂၀၁၅ ခုနှစ်က သမ္မတအဖြစ် တာဝန်ယူခဲ့သူ အင်နဂွီနိုအာကွီနို (၃) က ဖိလစ်ပိုင်နိုင်ငံ အဖွဲ့ဝင်ဖြစ်ပါက ဖြစ်ပေါ်လာမည့်အလားအလာများကို လေ့လာရန် တာဝန်ပေးခဲ့တဲ့အတွက် ဖိလစ်ပိုင်နိုင်ငံက အေအိုင်အိုင်ဘီ သဘောတူစာချုပ် (AIIB Article of Agreement) ကို ၂၀၁၅ ခုနှစ်အထိ လက်မှတ်မရေးထိုး ရသေးပါဘူး။ အေအိုင်အိုင်ဘီအဖွဲ့ဝင် ၅၇ နိုင်ငံအနက် ဖိလစ်ပိုင်အပြင် လက်မှတ်မထိုးရသေးတဲ့နိုင်ငံ ကိုးနိုင်ငံသာကျန်ပါတယ်။

အေအိုင်အိုင်ဘီ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုပြီးတာနဲ့ ဖိလစ်ပိုင်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၉၆ သန်းကို ငါးနှစ်အတွင်း ပေးချေရမှာဖြစ်ပါတယ်။

မဲပေးပိုင်ခွင့်အရဆိုရင် ဖိလစ်ပိုင်က ၁၂၈၂၁ မဲရမှာဖြစ်တဲ့အတွက် အေအိုင်အိုင်ဘီမှာ မဲပေးပိုင်ခွင့်စုစုပေါင်း ၁ ဒသမ ၁၁ ရာခိုင်နှုန်း ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ၂၀၁၆ ခုနှစ်မှာ ဖွံ့ဖြိုးဆဲ အာရှစီးပွားရေးတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၅ ဒသမ ၆ ရာခိုင်နှုန်းနီးပါးရှိမည်ဟု အေဒီဘီခန့်မှန်း



အာရှပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ၂၀၁၆ ခုနှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၅ ဒသမ ၆ ရာခိုင်နှုန်းရှိမယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) က ဇူလိုင် ၁၈ ရက်နေ့က ခန့်မှန်းပါတယ်။ ဒီခန့်မှန်းချက်က မူလခန့်မှန်းချက်ဖြစ်တဲ့ ၅ ဒသမ ၇ ရာခိုင်နှုန်းအောက် လျှော့ချခန့်မှန်းတာ ဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရေးစွမ်းဆောင်ရည်တွေက ဆက်လက်ခိုင်မာနေဦးမှာဖြစ်ပြီး အမေရိကန်စီးပွားရေးကျဆင်းမှုနဲ့ ဥရောပသမဂ္ဂ ( အီးယူ )မှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကြောင့် ဖြစ်ပေါ်လာမယ့်ရေတိုဂယက်ရိုက်မှုတွေကို ကြံ့ကြံ့ခံနိုင်လိမ့်မယ်လို့ အေပီသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၇ ခုနှစ်အတွက် ခန့်မှန်းချက်ကိုတော့ မတ်လအတွင်းက ခန့်မှန်းခဲ့တဲ့ ၅ ဒသမ ၇ ရာခိုင်နှုန်း အတိုင်းရှိလိမ့်မယ်လို့ပဲ ဆက်လက်ခန့်မှန်းပါတယ်။

"အီးယူမှ ဗြိတိန်နိုင်ငံခွဲထွက်မှု (ဘရက်ဇစ်)ဂယက်ကြောင့် ဖွံ့ဖြိုးဆဲအာရှရှိငွေကြေးတွေနဲ့ စတော့ဈေးကွက်တွေကို ဂယက်ရိုက်ခတ်မှုရှိခဲ့ပေမယ့် စီးပွား ရေးတစ်ခုလုံးအပေါ် ရေတိုအကျိုးရောက်မှုကတော့ အနည်းငယ်သာ ရှိပါတယ်။ ဒါပေမယ့် အဓိက စက်မှုနိုင်ငံကြီးတွေမှာ စီးပွားရေး ဖွံ့ဖြိုးမှုအလားအလာတွေ ကျဆင်းနေတဲ့အတွက် ဒေသတွင်းစီးပွားရေး ဆက်လက်ဖွံ့ဖြိုးမှုရှိအောင် ဆောင်ရွက်ရာမှာ ပြင်ပမှ ရိုက်ခတ်လာမယ့် ဂယက်တွေကို ပြန်လည် တုံ့ပြန်နိုင်အောင် အသင့်ပြင်ထားဖို့လိုပါတယ်" လို့ အေဒီဘီရဲ့ စီးပွားရေး ပညာရှင်အကြီးအကဲ ရှန်ဂျင်ဝေက ပြောပါတယ်။

ကမ္ဘာပေါ်မှာ ဒုတိယအကြီးမားဆုံးစီးပွားရေးကို ရရှိထားတဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၂၀၁၆ ခုနှစ်မှာ၆ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ၂၀၁၇ ခုနှစ်မှာ ၆ ဒသမ ၃ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ရည်မှန်းချက်အောင်မြင်ဖို့အတွက် အစိုးရက ဘဏ္ဍာရေးနဲ့ ငွေကြေးလှုံ့ဆော်တွန်းအားပေး အစီအစဉ်တွေ ဆောင်ရွက်ပေးမယ့် လက္ခဏာတွေကို တွေ့မြင်နေရပါတယ်။ အရှေ့အာရှတစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် ဟောင်ကောင်နဲ့ တောင်ကိုရီးယားမှာ ဖွံ့ဖြိုးမှုတွေတန့်နေပေမယ့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက မူလ ခန့်မှန်းချက်အတိုင်း ၂၀၁၆ ခုနှစ်မှာ ၅ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ၂၀၁၇ ခုနှစ်မှာ ၅ ဒသမ ၆ ရာခိုင်နှုန်းရှိမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်နဲ့ နောက်နှစ် စီးပွားရေးဖွံ့ဖြိုးမှုကို တောင်အာရှဒေသက ဦးဆောင်လိမ့်မယ်လို့ ခန့်မှန်းထားပြီး အိန္ဒိယနိုင်ငံက ဖွံ့ဖြိုးမှုနှုန်းကို ရည်မှန်းချက်အတိုင်း ဆောင်ရွက်ကာ ယခုနှစ်မှာ ၇ ဒသမ ၄ ရာခိုင်နှုန်းနဲ့ နောက်တစ်နှစ်မှာ ၇ ဒသမ ၈ ရာခိုင်နှုန်း ရှိမယ်လို့ခန့်မှန်းပါတယ်။

အရှေ့တောင်အာရှနိုင်ငံများရဲ့ ဖွံ့ဖြိုးမှုနှုန်းက မူလခန့်မှန်းချက်အတိုင်း ၂၀၁၆ ခုနှစ်မှာ ၄ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ၂၀၁၇ ခုနှစ်မှာ ၄ ဒသမ ၈ ရာခိုင်နှုန်း ရှိမယ် လို့ ခန့်မှန်းထားပါတယ်။ ဗီယက်နမ်မှအပ ကျန်နိုင်ငံတွေမှာ ပုဂ္ဂလိကကဏ္ဍမှစားသုံးမှုမြင့်တက်လာမှုကြောင့် ယခုနှစ်ပထမနှစ်ဝက်မှာ ဒေသခွဲအတွင်းမှာရှိတဲ့ နိုင်ငံအများစုရဲ့ စီးပွားရေးစွမ်းဆောင်ရည် မြင့်တက်စေခဲ့တယ်လို့ ပြောပါတယ်။

## အာဆီယံနိုင်ငံများက ခရီးသွားကဏ္ဍမှာ ကျွမ်းကျင်မှုစံနှုန်းတွေ သတ်မှတ်မည်

ခရီးသွားလုပ်ငန်းမှာ လိုအပ်နေတဲ့ ကျွမ်းကျင်မှုစံနှုန်းတွေကို ချမှတ်ပြီး ကမ္ဘာ့ခရီးသွား ဈေးကွက်ကို ဦးဆောင်ဖို့ အရှေ့တောင်အာရှနိုင်ငံတွေက စိတ်ဝင်စားလျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဩဂုတ် ၈ ရက်နဲ့ ၉ ရက်တွေမှာ ဂျကာတာမြို့မှာကျင်းပမယ့် အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရဝန်ကြီးများနဲ့ အဆင့်မြင့်အရာရှိကြီးများက ခရီးသွားလုပ်ငန်းတွင် ပါဝင် ဆောင်ရွက်နေသူတွေ လေ့ကျင့်ရေး သင်တန်းများ၊ ပညာပေးရေးအဖွဲ့အစည်းများနဲ့ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး ဘုတ်အဖွဲ့များမှ ကိုယ်စားလှယ် များနဲ့အတူ ခရီးသွားလုပ်ငန်းအတတ် ပညာရှင်များဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေး သဘောတူညီချက် (Mutual Recognition Agreement For Tourism Projessionals _MRA-TP ) ကို လက်မှတ်ရေးထိုးကြမှာ ဖြစ်ပါတယ်။

အဆိုပါ ကွန်ဖရင့်ကို အင်ဒိုနီးရှား ခရီးသွားဝန်ကြီးဌာနက ဦးစီးကျင်းပပေးတာဖြစ်ပြီး ကွန်ဖရင့်မှာ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်း ၃၂ ခုအတွက် စံနှုန်းများသတ်မှတ်ရေး၊ ဧည့်ကြိုဌာနနဲ့ ဟိုတယ်ခန်းများအတွက် ဝန်ဆောင်မှု၊ အစားအစာနဲ့ အဖျော်ယမကာ၊ ခရီးသွားလုပ်ငန်းများ စီစဉ်မှု၊ အစားအစာထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားအေဂျင်စီ စတာတွေအတွက် အရည်အချင်း သတ်မှတ်ပြဋ္ဌာန်းခြင်း စတဲ့လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုပ်သားများ အရည်အသွေးပြည့်ဝစေရန်အတွက် လေ့ကျင့်ရေး Toolbox ၂၄၂၃ ခုကိုလည်းစီစဉ်ပေးထားမှာဖြစ်ပါတယ်။ထို့ပြင် မှတ်ပုံတင်ရေးသွင်းရေးစနစ်များကို သတ်မှတ်ပေးခြင်းနဲ့အတူ လေ့ကျင့်ရေးဆရာများနဲ့ ကျွမ်းကျင်မှုအကဲဖြတ်သူများကို သတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

" MRA -TP အစီအစဉ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ခရီးသွားလုပ်ငန်းလိုအပ်ချက်နဲ့ ကိုက်ညီတဲ့ မိုဘိုင်းလုပ်သားတွေ၊ လေ့ကျင့်ပြီး လုပ်သားတွေနဲ့ လုပ်ငန်းအပေါ် ယုံကြည်မှုအပြည့်ရှိတဲ့လုပ်သားတွေကို ရရှိအောင် လေ့ကျင့်ပေးနိုင်မှာဖြစ်တဲ့အတွက် ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်နိုင်မှာ ဖြစ်ပါတယ်" လို့ ခရီးသွားလုပ်ငန်းဝန်ကြီး အာရစ်ယာယာက သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

ခရီးသွားလုပ်ငန်းရဲ့ စံနှုန်းအဆင့်ဆင့်ကိုမြှင့်တင်ပေးမယ့်အပြင် ကွန်ဖရင့်က အာဆီယံနိုင်ငံ အသီးသီးကို လှည့်လည်ဆောင်ရွက်နိုင်မယ့် ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းရေးကိုလည်း အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ယခုနှစ် ပထမငါးလအတွင်း တရုတ်-အာဆီယံကုန်သွယ်မှုကျဆင်း

တရုတ်နိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တို့ရဲ့ ကုန်သွယ်မှုက ၁၉၉၁ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၆ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်မှာအမေရိကန် ဒေါ်လာ ၄၇၂ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိခဲ့တဲ့အတွက် နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်း ၁၈ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ယခုနှစ်ပထမငါးလမှာ နှစ်ဖက် အပြန်အလှန်ကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၁၇၃ ဒသမ ၅၇ ဘီလီယံသာရှိတဲ့အတွက် ၇ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်လို့ တရုတ်စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး ဂေါင်လန်းကပြောကြောင်း ဘစ်ဇနက်တိုင်းသတင်းမှာ ဖော်ပြပါတယ်။

နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်အတိုင်း အမြန်ဆုံးပြန်ရောက်ဖို့အတွက် နှစ်နိုင်ငံစလုံးက အစွမ်းကုန် ကြိုးပမ်းနေကြောင်း ဂေါင်က ပြောပါတယ်။ တရုတ်နိုင်ငံက အာဆီယံရဲ့ အကြီးမားဆုံး ကုန်သွယ်ဖက်တစ်ခု ဖြစ်ပြီး အာဆီယံကလည်း တရုတ်ရဲ့ တတိယအကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါတယ်။

မေလကုန်စာရင်းများအရ နှစ်ဖက် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၆၀ ရှိပြီး အာဆီယံဒေသက တရုတ်ကုမ္ပဏီများရဲ့ အဓိက ဦးတည်ရာဒေသဖြစ်ပါတယ်။

တောင်တရုတ်ပင်လယ် ဆုံးဖြတ်ချက်ကြောင့် တရုတ်-ဖိလစ်ပိုင် ကုန်သွယ်မှုထိခိုက်မှု ရှိ/ မရှိ မေးမြန်းခဲ့ရာ နှစ်နိုင်ငံစီးပွားရေးနဲ့ ကုန်သွယ်ရေးဆက်ဆံမှု "အတော်တည်ငြိမ်မှုရှိနေကြောင်း " ဂေါင်က ပြန်လည်ပြောကြားပါတယ်။အထူးသဖြင့်ဖိလစ်ပိုင်မှ ထုတ်လုပ်တဲ့ ပစ္စည်းတွေ အပါအဝင် နိုင်ငံခြားပစ္စည်းတွေကိုတရုတ်လူမျိုး များသပိတ်မှောက်တယ်ဆိုတဲ့ အချက်မှာလည်း မဟုတ်မမှန်ကြောင်း ဒုတိယဝန်ကြီးက ငြင်းဆိုပါတယ်။

# အင်ဒိုနီးရှား အနောက်ဂျာဗားလက်ဖက်ခြောက် ပထဝီဆိုင်ရာအမှတ်အသား အသိအမှတ်ပြု လက်မှတ်ရရှိ

Java Tea Preanger ဆိုတဲ့ အမှတ်တံဆိပ်နဲ့ ထုတ်ဝေနေတဲ့ အနောက်ဂျာဗားမှ လက်ဖက်ခြောက်အား ဉာဏပစ္စည်းပိုင်ဆိုင်မှု ညွှန်ကြားမှုဌာနက ပထဝီဆိုင်ရာ အမှတ်အသား အသိအမှတ်ပြုလက်မှတ် (Geographical Indication Certificate) ကို ပေးအပ်ထားခဲ့တယ်လို့ တရားဥပဒေနဲ့ လူ့အခွင့်အရေးဝန်ကြီးဌာနက ပြောကြောင်း အင်တာရာသတင်းမှာ ဖော်ပြပါတယ်။

"အသိအမှတ်ပြုလက်မှတ်ကို ၂၀၁၆ ခုနှစ် အမျိုးသားဉာဏပစ္စည်းဆိုင်ရာ ဖိုရမ်မှာ ပေးအပ်ခဲ့ပါတယ်။ ဒီအခမ်းအနားကို ဒုတိယသမ္မတ ယူဆွပ်ကာလာ တက်ရောက်ခဲ့ပြီး တရားဥပဒေနဲ့ လူ့အခွင့်အရေးဝန်ကြီး ယာဆွန်နာယောင်ဘီက ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ကိုပေးခဲ့တာ ဖြစ်ပါတယ်" လို့ဇူလိုင် ၂၀ ရက်က ကျင်းပတဲ့သတင်းစာရှင်းလင်းပွဲမှာ အနောက်ဂျာဗား ဒုတိယအုပ်ချုပ်ရေးမှူး ဒက်ဒီမစ္စဇဝါက ပြောပါတယ်။

ဒေသန္တရ ထုတ်ကုန်တွေ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ ဒီအသိအမှတ်ပြုလက်မှတ်က အရေးပါကြောင်း သူကပြောပါတယ်။

ပထဝီဆိုင်ရာ အမှတ်အသား အသိအမှတ်ပြုလက်မှတ်ဆိုတာက ပထဝီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သီးခြားသွင်ပြင်လက္ခဏာတွေ၊ အရည်အသွေးတွေနဲ့ပတ်သက်ပြီး ပင်ရင်းဒေသဖြစ်ကြောင်း အသိအမှတ်ပြုပေးတာဖြစ်ပါတယ်။

"အင်ဒိုနီးရှားနိုင်ငံမှာ ပထဝီအနေအထားအရ ထူးခြားတဲ့ ထုတ်ကုန်တွေအများအပြား ရှိနေတဲ့အတွက် ပထဝီဆိုင်ရာ အမှတ်အသား အသိအမှတ်ပြုလက်မှတ်က ကျွန်တော်တို့ နိုင်ငံအတွက် အရေးပါတဲ့ လက်မှတ်တစ်ခုဖြစ်ပါတယ်"လို့ သူက ပြောပါတယ်။

ဒီအသိအမှတ်ပြုလက်မှတ်ကို ရရှိတဲ့အတွက် Java Tea Preanger လက်ဖက်ခြောက်က အနောက်ဂျာဗားရဲ့ ပထဝီဝင်ဆိုင်ရာ အခြေအနေတွေ နဲ့ ကိုက်ညီမှုရှိတယ်ဆိုတဲ့ အချက်ကို ပြသလျက်ရှိပါတယ်။

လက်ဖက်ခြောက်ရဲ့ မျိုးစေ့နဲ့ စိုက်ပျိုးမြေတွေ ပြုပြင်ထုတ်လုပ်မှုအရ ဒီလက်ဖက်ခြောက်က ထူးခြားတဲ့အမှတ်အသားရှိကြောင်း သူက ပြောပါတယ်။ ဒီလက်မှတ်က Java Tea Preanger ရဲ့ အရည်အသွေးကို ထိန်းသိမ်းနိုင်ဖို့အတွက် ရည်ညွှန်းချက်ဖြစ်ပါတယ်။

♦

# စင်ကာပူသားတို့အတွက် အလုပ်အကိုင် အာမခံချက်ရှိမှုက လစာကောင်းရရှိမှုထက် ပိုမိုအရေးပါ

အလုပ်အကိုင် ရှာဖွေရာတွင် စင်ကာပူနိုင်ငံသားတို့အတွက် အလုပ်အကိုင်အာမခံချက်ရှိမှုက လစာအနည်းအများထက် ပိုမိုအရေးပါလာကြောင်း ဇူလိုင် ၂၀ ရက်က ထုတ်ပြန်တဲ့ "CareerBuilder Singapore"နှစ်ပတ်လည် စစ်တမ်းမှာ ဖော်ပြထားကြောင်း စထရိတ်တိုင်းမ် သတင်းမှာ ဖော်ပြထားပါတယ်။



အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း "Employer of Choice 2016 Survey "မှာ ဖော်ပြထားတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးမှုနဲ့ အခွင့်အလမ်းများ၊ လုပ်ငန်းခွင်သဘာဝနဲ့ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ စတဲ့အချက်တွေမှာလည်း အလုပ်အကိုင် အာမခံချက်ရှိမှုက ထိပ်ဆုံးမှပါဝင်နေတာကို တွေ့ရပါတယ်။

"ယခုနှစ် စီးပွားရေးဖွံ့ဖြိုးမှု အနေအထားအရ ဒီလိုဖြစ်လာတာကလည်း အံ့ဩစရာ မဟုတ်ဘူး" လို့ Career Buider Singaporeရဲ့ စစ်တမ်းမှာ ဖော်ပြထားပါတယ်။စစ်တမ်းကို ၂၀၁၆ ခုနှစ်က စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး စစ်တမ်းမှာပါဝင်သူ အရေအတွက်စုစုပေါင်းမှာ ၁၈၃၇ ဦးရှိပါတယ်။

အဓိကအားဖြင့် လုပ်ငန်းသစ်တွေမှာ လေ့လာသင်ယူနိုင်တဲ့ အခွင့်အလမ်းတွေ ပိုမိုများပြားတဲ့အတွက် လုပ်ငန်းသစ်တွေမှာ ဝင်ရောက်လုပ်ကိုင်သူ စင်ကာပူနိုင်ငံသားများ ပိုမိုများပြားလာတာကို တွေ့ရကြောင်း စစ်တမ်းမှာဖော်ပြထားပါတယ်။

စင်ကာပူနိုင်ငံသားတို့ ရွေးချယ်တဲ့လုပ်ငန်းတွေအနက် အွန်လိုင်းရှော့ပင်းဆိုက်တစ်ခုဖြစ်တဲ့ Carousell က ထိပ်ဆုံးမှာရှိနေပြီး အွန်လိုင်းရောင်းချရေးလုပ်ငန်း Redmart နဲ့ အွန်လိုင်းငွေကြေး ပိုတယ်တစ်ခုဖြစ်တဲ့ Money Smart တို့က အစဉ်အလိုက် ပါဝင်နေတာကို တွေ့ရပါတယ်။

"လုပ်ငန်းသစ်တွေက အရှိန်ကောင်းရနေပြီး ပြည်တွင်းမှာရော ပြည်ပမှာပါ အသိအမှတ်ပြု ခံနေရပါတယ်။ လုပ်ငန်းကျွမ်းကျင်မှု အသစ်တွေကို လေ့လာလိုသူနဲ့ လုပ်ငန်းသစ်တွေမှာ ဝင်ရောက်လုပ်ကိုင်သူတွေ များပြားလာတဲ့အတွက် လုပ်ငန်းသစ်တွေက ထိရောက်တဲ့ လူသားအရင်းအမြစ်ထူထောင်ရေး အစီအစဉ်ဆောင်ရွက်ဖို့ကလည်း အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လာပါတယ်" လို့ Career Builder Singapore ရဲ့ ဈေးကွက်ရှာဖွေရေးဌာန ညွှန်ကြား ရေးမှူး မစ္စဂျက်စီကာအန်းက ပြောပါတယ်။

ဂူဂဲလ်၊ စင်ကာပူ အဲလိုင်းနဲ့ ချန်ဂီ လေဆိပ်တို့ကလည်း ပုဂ္ဂလိက ကဏ္ဍရှိ လုပ်ငန်းရှင်များအနက် ထိပ်ဆုံးနေရာကို နှစ်နှစ်ဆက်တိုက် ထိန်းသိမ်းထားဆဲဖြစ်ပါတယ်။

# ထိုင်းနိုင်ငံအား ငွေသားမဲ့လူ့အဖွဲ့အစည်းအဖြစ် ထူထောင်ရာမှာ Prompt Pay က အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည်

ထိုင်းနိုင်ငံမှာ တစ်ဦးချင်းစာရင်းရှင်နဲ့ စုဆောင်းငွေအပ်နှံသူ ၇၃ ဒသမ ၂၄ သန်းရှိတဲ့အနက် ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းအထိ Prompt Pay Service မှာ မှတ်ပုံတင်မယ်ဆိုရင် ထိုင်းနိုင်ငံဟာ ငွေသားမဲ့ လူ့အဖွဲ့အစည်းဖြစ်လာမယ့် လမ်းကြောင်းပေါ် ရောက်လာပြီလို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားအီလက်ထရွန်းနစ် ငွေပေးချေမှု စီမံကိန်းဌာန အကြံပေး အနူချစ်တနူခ်ျီတာတွန်ကပြောကြောင်း နေးရှင်းသတင်းမှာ ဖော် ပြပါတယ်။

Prompt Pay အမျိုးသား အီလက်ထရွန်းနစ် ငွေပေးချေမှု စနစ် အတွက် ပထမဆုံး အဆင့်ဖြစ်ပါတယ်။ Prompt Pay အတွက် တရားဝင်မှတ်ပုံတင်ခြင်းကို ဇူလိုင် ၁၅ ရက်က စတင်ခဲ့ပါတယ်။ Prompt Pay ကို အသုံးပြုရာမှာ အမျိုးသားမှတ်ပုံတင်ကတ် သို့မဟုတ် မိုဘိုင်းဖုန်းနံပါတ်ကို အသုံးပြုခြင်းအားဖြင့် အီလက်ထရွန်းနစ် ငွေပေးချေမှုလုပ်ငန်းကို အလွယ်တကူ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

အစီအစဉ်အတွက် ကြိုတင်မှတ်ပုံတင်တာကို ဘဏ်များက ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ လက်ခံခဲ့ရာ မှတ်ပုံတင်သူဦးရေ ၉ ဒသမ ၇ သန်းအထိ ရှိခဲ့ ကြောင်း ထိုင်းဗဟိုဘဏ်က ပြောပါတယ်။ ဖော်ပြပါ အရေအတွက်အနက် မှတ်ပုံတင်နံပါတ်နဲ့ ငွေစုငွေစာရင်းနံပါတ်ကို ချိတ်ဆက်ဆောင်ရွက်သူ ၈ ဒသမ ၁ သန်းရှိပြီး မိုဘိုင်းဖုန်းနံပါတ်နဲ့ ချိတ်ဆက်ဆောင်ရွက်သူက ၁ ဒသမ ၆ သန်း ရှိပါတယ်။

လက်ရှိထိုင်းနိုင်ငံမှာ ငွေသားမဲ့ ငွေပေးချေမှုကို ကျင့်သုံးသူအချိုးအစားက စုစုပေါင်းငွေပေးချေမှုရဲ့ ၂၀ ရာခိုင်နှုန်း ရှိနေပါ တယ်။ တစ်နိုင်ငံလုံးမှာ လုံလောက်တဲ့ အီလက်ထရွန်းနစ် ဒေတာစနစ် (Electronic Data Capture) တွေကို တပ်ဆင်နိုင်မယ်ဆိုရင် လာမယ့်ငါးနှစ် အတွင်းမှာ ငွေသားမဲ့ငွေပေးချေမှုက ၅၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်လာမယ်လို့ ထိုင်းဘဏ်လုပ်ငန်းရှင်များအသင်းရဲ့ ငွေပေးချေမှု စနစ်ရုံးအကြီးအကဲ ယို့စ်ကင်ဆာဝပ်ဒီက ပြောပါတယ်။

လောလောဆယ် ထိုင်းနိုင်ငံမှာ အီလက်ထရွန်းနစ်ဒေတာစနစ် ၃၀၀၀၀၀ ကို တပ်ဆင်ထားပြီးဖြစ်ပါတယ်။ အကယ်၍ ရည်မှန်းချက်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ငွေသားစီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို လက်ရှိအဆင့်အောက် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မှာဖြစ်ပါတယ်။ ယခင်နှစ်က ဆောင်ရွက်ခဲ့အတွက် အီလက်ထရွန်းနစ်ငွေပေးချေမှု တန်ဖိုးက ဘတ် ၂၈၂ ဒသမ ၉ ဘီလီယံ ရှိခဲ့ရာ ၂၀၁၄ ခုနှစ်က ရှိခဲ့တဲ့ ဘတ် ၂၆၆ ဒသမ ၃၁ ဘီလီယံထက် ပိုမိုမြင့်တက်ခဲ့တာဖြစ်ပါတယ်။

# လုပ်ငန်းသစ်မြို့တော် တည်ထောင်ရေး အစီအစဉ်ကို ဟန်ဂွိုင်းမြို့မှာ စတင်

လုပ်ငန်းသစ်များ မြှင့်တင်နိုင်ဖို့အတွက် သတင်းအချက်အလက် နည်းပညာ ပြုစုပျိုးထောင်မှုအစီအစဉ်ကို ထူထောင်ရေးအတွက် ဟန်ဂွိုင်းမြို့ သတင်းအချက်အလက်နဲ့ နည်းပညာဌာနက အခြားအေဂျင်စီအများအပြားနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၆ ပထမနှစ်ဝက်အတွင်း ဌာနရဲ့လုပ်ငန်းအကောင်အထည်ဖော်မှုကို လေ့လာသုံးသပ်ရန်အတွက် ဇူလိုင် ဒုတိယပတ်အတွင်းက ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ သတင်းအချက်အလက်နဲ့ နည်းပညာဌာန ညွှန်ကြားရေးမှူး ဖန်လန်းတူက အခုလိုပြောကြားခဲ့တာ ဖြစ်ပါတယ်။ လုပ်ငန်းသစ်မြို့တော် တည်ဆောက်ရေးကိစ္စကို အစိုးရက တိုက်တွန်းပြောကြားလျက်ရှိပြီး ဟန်ဂွိုင်းမြို့ကိုလည်း လုပ်ငန်းသစ်မြို့တော်ဖြစ်လာအောင် ဆောင်ရွက်ဖို့ စိတ်အားထက်သန်လျက်ရှိကြောင်း သူက ပြောပါတယ်။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများကို ပေးစွမ်းနိုင်တဲ့ လုပ်ငန်းသစ်များကို ထူထောင်ရေးအတွက် ပတ်ဝန်းကျင်အခြေအနေများကို ဖန်တီးပေးမယ့် "၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှာ တီထွင်ဖန်တီးမှုရှိသည့် လုပ်ငန်းသစ်များ ထူထောင်မှုထောက်ပံ့ရေးအစီအစဉ်ကို "ယခုနှစ်မေလအတွင်းမှာ ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးခဲ့ပါတယ်။

စီမံကိန်းအရ ၂၀၂၀ ပြည့်နှစ်အတွက် ချမှတ်ထားတဲ့ ရည်မှန်းချက်တွေထဲမှာ လုပ်ငန်းသစ်အတွက် ဥပဒေရေးရာ မူဘောင်ကို အပြီးချမှတ်ရေး၊ အမျိုးသားတီထွင်မှု လုပ်ငန်းသစ်စနစ်အတွက် အွန်လိုင်းပိုတယ်ထူထောင်ရေး၊ လုပ်ငန်းသစ်စီမံကိန်း ၈၀၀ နဲ့ ထူထောင်စ စီးပွားရေးလုပ်ငန်း ၂၀၀ ကို ထောက်ပံ့ရေး စတဲ့အချက်တွေ ပါဝင်ပါတယ်။

၂၀၂၅ ခုနှစ်မှာ စီမံကိန်းအရ လုပ်ငန်းသစ် စီမံကိန်း ၂၀၀၀ နဲ့ ထူထောင်စ စီးပွားရေးလုပ်ငန်း ၆၀၀ ကို ထောက်ပံ့သွားဖို့ ရည်မှန်းထားတဲ့အနက် ထူထောင်စ စီးပွားရေးလုပ်ငန်း ၁၀၀ ကို ပုဂ္ဂလိကလုပ်ငန်းများက ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဆိုးလ်**

တောင်ကိုရီးယား ပြည်တွင်း ကုမ္ပဏီတွေက စီးပွားရေးဖွံ့ဖြိုးရေး အင်ဂျင်သစ်အဖြစ် လုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့အတွက် စွန့်စားမှုများကို ပိုမိုလုပ်ဆောင်ဖို့လိုပြီး အစိုးရ အနေနဲ့လည်းတည်တံ့ခိုင်မြဲတဲ့ မူဝါဒတွေ ချမှတ်နိုင်ဖို့လိုတယ်လို့ ဗြိတိန်နိုင်ငံကင်းဘရစ်တက္ကသိုလ်မှ တောင်ကိုရီးယား ပါမောက္ခ ချန်ဟာဂျူးက ပြောကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

**တရုတ်(တိုင်ပေ)**

အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများအတွက် တရုတ်(တိုင်ပေ)က ဗီဇာစည်းမျဉ်းဥပဒေများကို လျှော့ချပေးခဲ့တဲ့အတွက် တစ်နှစ်အတွင်းမှာ ဧည့်သည် ၂၈၀၀၀၀ ကို ပိုမိုဆွဲဆောင်နိုင်ခဲ့ပြီး တရုတ်(တိုင်ပေ)ခရီးသွားလုပ်ငန်းအတွက် ထိုင်ဝမ်ဒေါ်လာ ၁၃ ဘီလီယံ ( အမေရိကန် ဒေါ်လာ ၄၀၇ သန်း)ကိုရှာဖွေပေးခဲ့တယ်လို့ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက ပြောကြောင်း တီတီအာဝိကလီး သတင်းမှာ ဖော်ပြပါတယ်။

**ဂျကာတာ**

သမဝါယမ အသင်းများမှ အသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းများသို့ အသေးစားချေးငွေများ (Microloan Credits) ထုတ်ချေးပေးနိုင်အောင် ဆောင်ရွက်ဖို့ သမဝါယမ၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဝန်ကြီးဌာနကို သမ္မတ ဂျိုကိုဝီဒိုဒို (ဂျိုကိုဝီ) အမိန့်ပေးထားကြောင်း ဝန်ကြီး ပူစပါယိုဂါရဲ့ ပြောကြားချက်ကို ကိုးကားပြီး အင်တာရာသတင်းမှာ ဖော်ပြပါတယ်။

**ဟနွိုင်း**

ကမ္ဘာ့ လေကြောင်းဈေးကွက်ဝေစုပိုမိုရရှိရေးနဲ့ ဗီယက်နမ်နိုင်ငံကို အာဆီယံဒေသ လေကြောင်းလမ်းမုခ်ဦးအဖြစ် တည်ထောင်နိုင်ရေး အတွက်အမေရိကန် ပြည်ထောင်စုသို့ လေကြောင်း ခရီးစဉ်များ ပြေးဆွဲသွားမယ်လို့ လေကြောင်းလိုင်းရဲ့ အမှုဆောင်ချုပ် ဒေါင်ထရီသန်းကပြောကြောင်း ဗီယက်နမ်သတင်းမှာ ဖော်ပြပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

**SOUTH ASIA**

## အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အစားအစာဇုန် ၂၀၀ ကျော်တည်ထောင်မည်

အိန္ဒိယနိုင်ငံတစ်ဝန်းမှာ အစားအစာ ဆင့်တက်ပြုပြင်ထုတ်လုပ်ရေးဇုန် ၂၀၀ ကျော်တည်ထောင်သွားဖို့ အိန္ဒိယပြည်ထောင်စုအစိုးရက စီစဉ်ထားပြီး အဲဒီအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် မြေနဲ့ ရင်းနှီးကုန်ကျစရိတ် ရူပီးကုဋေ ၂၀၀ ကနေ ကုဋေ ၂၀ ထိ လျှော့ချပေးမယ်လို့ ဇူလိုင် ၁၇ ရက်မှာ အစားအစာ ဆင့်တက်ပြုပြင်ရေး ပြည်နယ်ဝန်ကြီး ဆက်ဗီနီရန်ဂျိုတီကပြောကြောင်း စတိတ်စမင်းသတင်းမှာ ဖော်ပြပါတယ်။

အိန္ဒိယနိုင်ငံရဲ့ အဂ္ဂရာဒေသဟာ တစ်နိုင်ငံလုံးက အားလူးထုတ်လုပ်မှုရဲ့ ၄၅ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်ပေးနေတဲ့ ဒေသဖြစ်ပြီး အစိုးရကပေးတဲ့ အထောက်အပံ့တွေရယူကာ အကျိုးရှိအောင်ဆောင်ရွက်ဖို့နဲ့ လက်ရှိဆောင်ရွက်နေတဲ့ အစီအစဉ်သစ်က အာလူးစိုက်ပျိုးသူတွေကို အကူအညီပေးနိုင်လိမ့်မယ် လို့ မျှော်လင့်ကြောင်း အဂ္ဂရာမှာ ကျင်းပတဲ့ အာလူး၊ သစ်သီးနဲ့ ဟင်းသီးဟင်းရွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဒုတိယနေ့နဲ့ နောက်ဆုံးနေ့တွေပြောကြားတဲ့ မိန့်ခွန်းမှာ သူမက ပြောပါတယ်။ စောစောပိုင်း ကြုံတွေ့နေရတဲ့ ကန့်သတ်ချက်တွေကြောင့် စီးပွားရေး လုပ်ငန်းရှင်တွေက ဒီကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုမရှိဘဲ၊ ဆင့်တက်ပြုပြင်မှုတွေ ဆောင်ရွက်တဲ့အခါမှာလည်း ကုန်ကျစရိတ်တွေ မြင့်မားတဲ့ အတွက် လောလောဆယ်မှာ အဂ္ဂရာကထွက်တဲ့ အာလူးတွေကို တခြားပြည်နယ်တွေ ကို တင်ပို့နေရပါတယ်။

အိန္ဒိယနိုင်ငံ အအေးခန်းသိုလှောင်ရေး အသင်းချုပ်က စီစဉ်ကျင်းပတဲ့ ဒီအခန်းအနားကို တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ ဟော်လန်နဲ့ ဂျာမ နီနိုင်ငံ ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ကြပြီး အစားအစာ ဆင့်တက်ပြုပြင် ရေးကဏ္ဍမှာ နည်းပညာတိုးတက်လာအောင် မြှင့်တင်ပေးနိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

အခမ်းအနားကို ပူးတွဲစီစဉ်ကျင်းပပေးတဲ့ ဟော်လန်နိုင်ငံမှ ကိုယ်စားလှယ် ၈၀၀ တက်ရောက်ခဲ့ပြီး အအေးခန်းသိုလှောင်နည်းပညာနဲ့ ပတ်သက်တဲ့ နည်းလမ်းများနဲ့ နေစွမ်းအင်တိုးချဲ့ အသုံးပြုပုံတို့ကိုလည်း ပြသခဲ့ပါတယ်။

**EAST ASIA**

## လွတ်လပ်တဲ့ ကုန်သွယ်မှုဇုန်များအတွင်းရှိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် တရုတ်နိုင်ငံက စည်းမျဉ်းများ လျှော့ချပေးမည်

ပင်လယ်ရပ်ခြားမှ ရင်းနှီးမြှုပ်နှံမှုတို့ကို ဆွဲဆောင်နိုင်မယ့် အစီအစဉ်တစ်ရပ်အဖြစ် လွတ်လပ်တဲ့ ကုန်သွယ်မှုဇုန်များ (FTZs) မှာ ရင်းနှီးမြှုပ်နှံလျက်ရှိတဲ့ နိုင်ငံခြား စီးပွားရေးလုပ်ငန်းများ အတွက် ချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေများကို လျှော့ချပေးမယ်လို့ ဇူလိုင် ၁၉ ရက်အစိုးရအဖွဲ့ကပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။



နိုင်ငံခြား စီးပွားရေးလုပ်ငန်းသို့မဟုတ် ဖက်စပ်လုပ်ငန်းများက FTZs များ ထူထောင်ရာတွင် မှတ်ပုံတင်ရတဲ့စနစ်ကို အခက်အခဲမရှိအောင် အစိုးရကဆောင်ရွက်ထားပြီး နိုင်ငံခြားကုမ္ပဏီတွေပါဝင်တဲ့ ရှယ်ယာများ ဝယ်ယူပေါင်းစည်းမှု လုပ်ငန်းများကိုလည်း လွယ်ကူချောမွေ့အောင် ဆောင်ရွက်မှာဖြစ်ကြောင်း အစိုးရအဖွဲ့ ဝက်ဘ်ဆိုက်ဖြစ်တဲ့ www. gov.cn မှာ ဖော်ပြထားပါတယ်။

"ဒီလုပ်ရပ်က ပြည်တွင်းဈေးကွက်ကိုဖွင့်ပေးပြီး လွတ်လပ်တဲ့ ကုန်သွယ်မှုဇုန် ဖွံ့ဖြိုးရေးကို အထောက်အကူပေးတဲ့ တရုတ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှာ အကောင်အထည်ဖော်မယ့် ခြေလှမ်းတစ်ခုဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့ အစီအမံတွေကြောင့် တရုတ်နိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာအောင် အားပေးမှာဖြစ်တဲ့အတွက် တရုတ်ယွမ်ငွေကြေး တန်ဖိုးကျဆင်းမှုနဲ့ ငွေကြေးတွေပြည်ပ စီးထွက်မှုကို သက်သာစေမှာဖြစ်ပါတယ်" လို့ ဟောင်ကောင်ရှိ Citic Bank International မှ တရုတ်စီးပွားရေး ပညာရှင်အကြီးအကဲ ဂျောင်ကွမ်က ပြောပါတယ်။

ရှန်ဟဲနဲ့ ကျန်ကျင်း စည်ပင်သာယာနယ်မြေများ၊ကွမ်တုံနဲ့ ဖူကျန် ပြည်နယ်တွေမှာ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်တည်ထောင်ထားပြီးဖြစ်ပါတယ်။ ပြည်တွင်းသံမဏိလုပ်ငန်းတွေရဲ့ ရှယ်ယာများအား နိုင်ငံခြားသား ရင်းနှီး မြှုပ်နှံသူတွေက ဝယ်ယူတာကို ပိတ်ပင်ထားခြင်းကို အစိုးရက ယာယီအားဖြင့် ရုပ်သိမ်းပေးမှာဖြစ်ပြီး FTZs တွေမှာ နိုင်ငံခြားသား တစ်ဦးတည်းပိုင် စက်ရုံများ ထူထောင်ခွင့်ပေးသွားမှာဖြစ်ကြောင်း ကြေညာချက်မှာဖော်ပြထားပါတယ်။

**EU**

## အီးယူမှနုတ်ထွက်ပြီးနောက် ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းမှုသစ်များကို ဗြိတိန်က ၂၀၁၉ ခုနှစ်တွင် စတင်မည်

ဗြိတိန်နိုင်ငံက ဩစတြေးလျနဲ့ ကနေဒါနိုင်ငံတို့ဘက်သို့ ဦးလှည့်ရန် ခြေလှမ်းပြင်ဆင်နေတဲ့အတွက် အီးယူမှ ဗြိတိန်နုတ်ထွက်မှု လုပ်ငန်းများကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက် နောက်ဆုံးထား၍ ဆောင်ရွက်ဖို့ ရည်မှန်းထားတယ်လို့ အီးယူမှထွက်ခွာပြီးနောက် ကုန်သွယ်မှုသဘောတူစာချုပ်များ ချုပ်ဆိုဖို့ တာဝန်ပေးခံရတဲ့ ဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်က ပြောပါ တယ်။

ဗြိတိန်နိုင်ငံ အီးယူမှ နုတ်ထွက်ရေးကိစ္စကို ဆောင်ရွက်ရာမှာ အီးယူရဲ့ လစ္စဘွန်းသဘောတူစာချုပ် Article 50 နဲ့ အညီဆောင်ရွက်ရမှာဖြစ်ပြီး အချိန်ကာလအားဖြင့် နှစ်နှစ်ကြာမြင့်မှာဖြစ်ပြီး နုတ်ထွက်ရေးလုပ်ငန်းများကို ယခုနှစ်နှစ်ကုန်မှစတင်နိုင်မှာ ဖြစ်ပါတယ်။

Article 50 ပါ လုပ်ငန်းများကို လာမယ့် နှစ်ဦးပိုင်းမှ စတင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ခန့်မှန်းကြောင်း အီးယူမှ ဗြိတိန်နိုင်ငံထွက်ခွာရေး ဇွန် ၂၃ ရက် ဆန္ဒခံယူပွဲနောက်ပိုင်း ဝန်ကြီးချုပ်တာဝန်ကို လွှဲပြောင်းမယူမီက ဝန်ကြီးချုပ် ထရီဆာမေက ပြောပါတယ်။

ကနေဒါနိုင်ငံနဲ့ ကုန်သွယ်မှုဆွေးနွေးညှိနှိုင်းမှုတွေကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနဲ့ လာမယ့်ရက်သတ္တပတ်မှာ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မှာဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအတွင်းဝန် လီယံဖောက်စ်က ပြောပါ တယ်။ ဝန်ကြီးချုပ်မေကလည်း ဩစတြေးလျဝန်ကြီးချုပ် မဲလ်ကွမ်တန်းဘူးလ်နဲ့ ဇူလိုင် ၁၆ ရက်က ဖုန်းဆက်ပြီး ကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုရေး ကိစ္စကိုဆွေးနွေးခဲ့ပြီး ဝန်ကြီးချုပ်ရဲ့ ဒေါင်နင်းလမ်းရုံးက ပြောပါတယ်။ ကုန်သွယ်ရေး သဘောတူစာချုပ်များကို အမြန်ဆုံး ချုပ်ဆိုကြောင်း တန်းဘူးကပြောတယ်လို့ ဒေါင်နင်းလမ်းရုံးထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

**SOUTH EAST ASIA**

## ဗီယက်နမ် ကြံများအထွက်နှုန်းနဲ့ အရည်အသွေးများ ကျဆင်း

ယခုနှစ်အတွင်း ကြံစိုက်ပျိုးတဲ့ နယ်မြေများမှာ ပူပြင်းခြောက်သွေ့မှုနဲ့ ဆားငန်ရေ ဝင်ရောက်မှုတွေရှိခဲ့တဲ့ အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်ကြံစိုက်ပျိုးရာသီမှာ စိုက်ပျိုးမြေဧရိယာနဲ့ အထွက်နှုန်းကျဆင်းခဲ့ပြီး အရည်အသွေးလည်း ကျဆင်းခဲ့ကြောင်း ဗီယက်နမ်နယူးစ် သတင်းမှာ ဖော်ပြပါတယ်။

အရည်အသွေးမြင့် ထုတ်ကုန်တွေထုတ်လုပ်ရေးက ကြံနဲ့ သကြားထုတ်လုပ်ရေးကဏ္ဍမှာ ရင်ဆိုင်နေရတဲ့ အခက်ခဲဆုံး ပြဿနာတစ်ရပ်ဖြစ်ကြောင်း ကန်သိုသကြားဖက်စပ်ကုမ္ပဏီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖန်ကွမ်ဗင်းက ဇူလိုင် ၁၉ ရက် ဟိုချီမင်းစီးတီးမှာ ကျင်းပတဲ့ နှီးနှောဖလှယ် ပွဲတစ်ခုမှာ ပြောပါတယ်။ ကူလောင်( မဲခေါင် ) မြစ်ဝကျွန်းပေါ်ဒေသမှာ စိုက်ပျိုးတဲ့ ကြံကအထွက်နှုန်း ကောင်းပေမယ့် အရည်အသွေးညံ့ကြောင်း ဗင်းကပြောပါတယ်။

ပူပြင်းခြောက်သွေ့မှုနဲ့ ဆားငန်ရေဝင်ရောက်မှုဒဏ်ခံခဲ့ရတဲ့ ကြံစိုက်ဒေသတွေ အထူးသဖြင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှာ လာမယ့်ရိတ်သိမ်းရာသီရောက်ရင် အထွက်နှုန်းနဲ့ အရည်အသွေး ကျဆင်းလိမ့်မယ်လို့ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (MARD) လက်အောက်ရှိ လယ်ယာသစ်တော၊ ငါးလုပ်ငန်း ထုတ်ကုန်နဲ့ ဆားထုတ်ကုန် ပစ္စည်း ထုတ်လုပ်မှုနဲ့ ကုန်သွယ်မှုဌာနက ပြောပါတယ်။

ကြံစိုက်ပျိုးရာနေရာများကို ပြန်လည်နေရာချထားဖို့နဲ့ သကြားစက်ရုံများကို MARD က တိုက်တွန်းထားပါတယ်။ ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းနိုင်ဖို့အတွက် အထွက်နှုန်းနဲ့ အရည်အသွေး တိုးတက်ကောင်းမွန်အောင်ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့ ဒေသခံတွေနဲ့ သကြားစက်ရုံတွေကိုလည်း တိုက်တွန်းထားပါတယ်။ ကြံကုန်ကြမ်းရရှိရေးအတွက် သကြားစက်တွေက ကြိုးပမ်းဆောင်ရွက်ရာမှာ ကြံစိုက်ဒေသတွေကိုပြန်လည်နေရာချထားရေးက အရေးပါတဲ့ အခန်းကဏ္ဍမှာပါဝင်လျက်ရှိကြောင်း MARD ဒုတိယဝန်ကြီးက ပြောပါတယ်။




ယွမ်ငွေတန်ဖိုး တဖြည်းဖြည်း မြင့်တက်လာမှုကို အကြောင်းပြုပြီး ဇူလိုင် ၂၂ ရက်မှာ ထွန်းသစ်စငွေကြေးအများစုရဲ့ တန်ဖိုးတွေမြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် လာမယ့်ရက်သတ္တပတ်မှာ အမေရိကန်နဲ့ ဂျပန်ဗဟိုဘဏ်တွေက မူဝါဒချမှတ်မှာကို ရင်းနှီးမြှုပ်နှံသူတွေက စောင့်ကြည့်လေ့လာနေတဲ့အတွက် ဒေသတွင်း ငွေကြေးတွေရဲ့ တန်ဖိုးက ရက်သတ္တပတ်အလိုက်ကြည့်ရင် တန်ဖိုးကျဆင်းမယ့် အလားအလာကို တွေ့နေရပါတယ်။

ဂျီ ၂၀ ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးတွေရဲ့ အစည်းအဝေးမတိုင်မီမှာ နိုင်ငံပိုင်ဘဏ်တွေကတစ်ဆင့် တရုတ်အစိုးရက ငွေကြေးမြင့်တက်အောင် ဆောင်ရွက်မယ်လို့ ခန့်မှန်းတဲ့အတွက် ယွမ်ငွေကြေးတန်ဖိုးမြင့်တက်မယ့် အနေအထားကို တွေ့ရပါတယ်။ ယွမ်တန်ဖိုးမြင့်တက်မှုက တောင်ကိုရီးယား ဝမ်အပါအဝင် ဒေသတွင်း ငွေကြေးများကို အထောက်အကူပေးလေ့ရှိပါတယ်။

ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များက ငွေကြေးမူဝါဒလျှော့ချမယ့် အလားအလာတွေတွေ့ရတဲ့အတွက် ထွန်းသစ်စငွေကြေးတွေ တန်ဖိုးမြင့် တက်ဖို့ အထောက်အကူဖြစ်စေခဲ့ ပါတယ်။

**တရုတ်ယွမ်**

ချန်ဒူးမှာ ကျင်းပမယ့် ဂျီ ၂၀ ဝန်ကြီးများ အစည်းအဝေးမတိုင်မီ တရုတ်ဗဟိုဘဏ်က ရည်ညွှန်းနှုန်းကို တိုးမြှင့် သတ်မှတ်လိုက်တဲ့အတွက် ဇူလိုင် ၂၂ ရက်မှာ ယွမ်ငွေကြေးတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ရှန်ဟဲမှာ Onshore ယွမ်တန်ဖိုးက သုညဒသမ ၀၆ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၆၉၅ ယွမ်နှုန်းရှိခဲ့ပါတယ်။ ဟောင်ကောင်ဈေးကွက်မှာရှိတဲ့ Off Shore ယွမ်တန်ဖိုးက သုညဒသမ ၀၂ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၇၈၁ ယွမ် နှုန်းရှိခဲ့ပါတယ်။

တရုတ်ဗဟိုဘဏ်က ယွမ်ရည်ညွှန်း ဖလှယ်နှုန်းကို ဇူလိုင် ၂၁ ရက်နေ့ကထက် သုညဒသမ ၃ ရာခိုင်နှုန်း ပိုမိုမြှင့်တင်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၆၆၉ ယွမ်နှုန်း သတ်မှတ်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

သွင်းကုန် လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ဝယ်လိုအားမြင့်တက်လာတဲ့အတွက် ဘဏ်အချင်းချင်းနိုင်ငံခြားငွေ ဖလှယ်ရေး ဈေးကွက်မှာ ဇူလိုင် ၂၂ ရက်က အမေရိကန်ဒေါ်လာနဲ့ ရူပီး ဖလှယ်နှုန်းက သုညဒသမ ၀၃ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၂၀ ရူပီး နှုန်းရှိခဲ့ပါတယ်။ ပင်လယ်ရပ်ခြား ဈေးကွက်မှာ တခြားငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုး မြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပေမယ့် ပြည်တွင်းဈေးကွက်မှာ ရှယ်ယာတန်ဖိုး မြင့်တက်မှုက ရူပီးတန်ဖိုးကျဆင်းမှုကို ထိန်းချုပ်ပေးနိုင်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ဂျပန်အစိုးရက ငွေကြေးမူဝါဒလျှော့ချမှုတွေ အကြီးအကျယ်ပြုလုပ်တော့မယ်ဆိုတဲ့ မျှော်လင့်ချက်တွေ ကွယ်ပျောက်ခဲ့ပြီးနောက်ပိုင်း ဇူလိုင် ၂၂ ရက်က အာရှဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ယန်းငွေတန်ဖိုး တန့်နေတာကို တွေ့ရပါတယ်။

ဂရင်းနစ်စံတော်ချိန် နံနက် ၄ နာရီ မိနစ် ၅၀ မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၁၀၅ ဒသမ ၈၁ ယန်းနှုန်း ရှိခဲ့တဲ့အတွက် နယူယောက်မှာ ဇူလိုင် ၂၁ ရက် ညနေကရှိခဲ့တဲ့ ၁၀၅ ဒသမ ၈၂ ယန်းနှုန်း ရှိခဲ့ပါတယ်။

ယူရိုနဲ့ ယန်းဖလှယ်နှုန်းက ဇူလိုင် ၂၁ ရက် ညနေပိုင်းက တစ်ယူရိုကို ၁၁၆ ဒသမ ၆၆ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မှာ တစ်ယူရိုကို ၁၁၆ ဒသမ ၇၅ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ဘာဆာမလေးရှား ကုန်စည်ဒိုင်မှာ ရှယ်ယာဈေးတွေ ကျဆင်းခဲ့တဲ့အတွက် ဇူလိုင် ၂၂ ရက် ဈေးဖွင့်ချိန်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

ရင်းဂစ်နဲ့ အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းက ဇူလိုင် ၂၁ ရက်ညနေ ၆ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၃၈၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ ဈေးအဖွင့်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၄၂၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုး မြင့်တက်ဖို့အတွက် အထောက်အကူပေးမယ့် အချက်တွေမရှိတဲ့အတွက်ကြောင့် လည်းကောင်း၊ ဈေးကွက်အပေါ် ယုံကြည်မှု ကျဆင်းနေတဲ့အတွက်ကြောင့် လည်းကောင်း၊ ရင်းဂစ်တန်ဖိုး ဆက်လက်ကျဆင်း နေဦးမယ်လို့ ခန့်မှန်းထားပါတယ်။

**တောင်ကိုရီးယားဝမ်**

တောင်ကိုရီးယား ရှယ်ယာများရဲ့ တန်ဖိုးက စောစောပိုင်းကျဆင်းနေရာမှာ ပြန်လည်မြင့်တက်လာပြီး ဇူလိုင် ၂၂ ရက်နေ့မှာ အတက်အကျ မရှိဘဲ တန့်နေပါတယ်။ တောင်ကိုရီးယား ဝမ်တန်ဖိုးနဲ့ အမေရိကန်ဒေါ်လာတို့ ဖလှယ်ရာမှာ ယခင်နေ့ ဈေးပိတ်ချိန်ကထက် သုည ဒသမ ၆၀ ဝမ်နှုန်း ပိုမိုမြင့်တက်ပြီး ဇူလိုင် ၂၂ ရက်နေ့မှာ တစ်ဒေါ်လာကို ၁၁၃၅ ဒသမ ၃၀၀ ဝမ်နှုန်း ဖြစ်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ဂျပန်ဗဟိုဘဏ်အပါအဝင် ဗဟိုဘဏ်အများအပြားက ငွေကြေးမူဝါဒတွေကို ထပ်မံလျှော့ချလိုက်တဲ့အချိန်မှာ ထိုင်းနိုင်ငံအတွင်းသို့ ငွေကြေးများ စီးဝင်လာမယ်လို့ ခန့်မှန်းကြတဲ့အတွက် စောစောပိုင်းက တန်ဖိုးကျဆင်းနေတဲ့ ဒေါ်လာတန်ဖိုးက ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ စာရင်းအရ ဇူလိုင် ၂၂ ရက်နေ့မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဘတ်ငွေ တန်ဖိုးက သုညဒသမ ၁၇ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၃၄ ဒသမ ၉၃ ဘတ်နှုန်း ရှိခဲ့ပါတယ်။

ညာဏ်တင်-စုစည်းတင်ပြသည်

## ဂျပန်အစိုးရက စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်အဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၉၀ နီးပါးအသုံးပြုမည်

စားသုံးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုကျဆင်းနေတဲ့ ဂျပန်စီးပွားရေးကို ပြန်လည်ရှင်သန်လာစေဖို့အတွက် စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို ဆောင်ရွက်ဖို့ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သူ့အစိုးရအဖွဲ့ကို ဇူလိုင် ဒုတိယသီတင်းပတ်က အမိန့်ပေးထားကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်အဖြစ် အစိုးရက ယန်းထရီလီယံ ၂၀ (အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၅၅ ဘီလီယံ)ကို အသုံးပြုမှာဖြစ်ကြောင်း ဇူလိုင် ၂၀ရက်က အစိုးရသတင်းရပ်ကွက်က ရိုက်တာသတင်းဌာနကို ပြောပါတယ်။ အစိုးရက သတ်မှတ်ထားတဲ့ ပမာဏက စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုရဲ့ လေးရာခိုင်နှုန်းကျော်အထိ ရှိနေပေမယ့် စီးပွားရေးတိုးတက်မှုနှုန်းကို မြှင့်တင်ဖို့အတွက် အစိုးရရဲ့ သုံးစွဲမှုက မူလခန့်မှန်းထားတဲ့အောက်ကို ကျဆင်းနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

သတ်မှတ်ထားတဲ့ ယန်းထရီလီယံ ၂၀ အနက် တစ်ဝက်က အမျိုးသားအစိုးရနဲ့ ဒေသန္တရအစိုးရအဖွဲ့တွေရဲ့ တိုက်ရိုက်အသုံးစရိတ်နဲ့ ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံမှုမှ ချေးငွေအစီအစဉ် နှစ်ခုပေါင်းကနေ ရရှိမှာဖြစ်ပါတယ်။

ကျန်တစ်ဝက်ကိုတော့ နိုင်ငံတော်က ထောက်ပံ့ကြေး ပေးထားတဲ့ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းတွေနဲ့ အစိုးရတစ်ပိုင်း ဘဏ္ဍာရေးအဖွဲ့အစည်းတွေရဲ့ သုံးစွဲမှုကနေတစ်ဆင့် ရရှိမှာဖြစ်ပါတယ်။ သုံးစွဲငွေပမာဏကို ဩဂုတ် ၂ရက်မှာ အစိုးရကအဖွဲ့က အတည်မပြုမီ ထပ်မံတိုးချဲ့ပေးဖို့ညှိနှိုင်းနိုင်ပါတယ်။

## မလေးရှား ဗဟိုဘဏ်က အိမ်ထောင်စု ကြွေးမြီကို သင့်တင့်တဲ့အဆင့်ထိ ထိန်းထားဖို့ အစီအမံများချမှတ်

ပြီးဆုံးခဲ့တဲ့နှစ် အနည်းငယ်အတွင်းချမှတ်ခဲ့တဲ့ အစီအမံတွေက လက်ရှိအိမ်ထောင်စု ကြွေးမြီကိုသင့်တင့်တဲ့အထိ ထိန်းထားနိုင်အောင် အထောက်အကူဖြစ်စေခဲ့တယ်လို့ မလေးရှားဗဟိုဘဏ် (Bank Negara Malyasia) က ယုံကြည်ကြောင်း ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။

လောလောဆယ်မှာအိမ်ထောင်စုကြွေးမြီက စုစုပေါင်းပြည်တွင်းထုတ်ကုန်ရဲ့ ၈၉ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အာရှဒေသမှာ အမြင့်ဆုံးနိုင်ငံတွေမှာ ပါနေပါတယ်။ ဗဟိုဘဏ်ကနေ ပုံမှန်အမြဲတမ်းစောင့်ကြည့်နေတဲ့ နယ်ပယ်တွေထဲမှာ အိမ်ထောင်စုကြွေးမြီ ကလည်း နယ်ပယ်တစ်ခုအဖြစ်ပါဝင်နေကြောင်း မလေးရှားဗဟိုအုပ်ချုပ်ရေးမှူး ဒါတွတ်မိုဟာမက် အီဘရာဟင်က ပြောပါတယ်။

"အိမ်ထောင်စုကြွေးမြီ မြင့်မားနေတာကို ကြီးကြပ်ထိန်းသိမ်းတဲ့နည်းက မျိုးစုံရှိပါတယ်။ ကျွန်တော်တို့သုံးနေတဲ့ နည်းလမ်းတွေထဲကတစ်ခုကတော့ မက်ခရိုအဆင့် အစီအမံတွေကို ပုံစံအမျိုးမျိုးနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ အိမ်ထောင်စု ကြွေးမြီနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဘဏ်တွေက သင့်တော်မယ်ထင်ရင် သင့်တော်တဲ့အခြေခံမူတွေကို ချမှတ်ပြီးတော့ ဆောင်ရွက်သွားတာပါပဲ"လို့ သူက ပြောပါတယ်။

အိမ်ထောင်စုချေးငွေ အခြေအနေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့ဆန္ဒရှိပေမယ့် အလုပ်အကိုင်ရရှိမှုနဲ့ ဝင်ငွေရရှိမှု အခြေအနေတိုးတက်အောင် ဆောင်ရွက်ဖို့ကိုသာ ပိုမိုဆန္ဒရှိကြောင်းနဲ့ ဒီလိုဆောင်ရွက်နိုင်မှသာ ပြည်သူလူထုကြွယ်ဝချမ်းသာမှုနဲ့ ပျော်ရွှင်မှုကို ပေးနိုင်မှာဖြစ်ကြောင်း သူကပြောပါတယ်။




# LINN AYEYARWADDY TRUCK & AUTO SALES CENTER

Japanese-used Trucks ကားများနှင့် အိမ်စီးကားများအား
ဂျပန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းရောင်းချပါသည်၊



ချိုသာသော ဈေးနှုန်းများဖြင့် အရည်အသွေးမှန်ကန်စွာ ရောင်းချပေးနေပါသည်။

No.(48), Yadanar Housing (1), Yadanar Road, Dagon Seikkan Township, Yangon.
No. (499), Bayint Naung Road, (26) Quarter, South Dagon Township, Yangon.
Ph : 09-420054896, 09-797555363



BETTER CONTROL
Your security is our responsibility!
လုံးချင်းအိမ်ယာနှင့် ခြံဝင်းပိုင်ရှင်များအတွက်
အသုံးအဝင်ဆုံး / အဆင့်အမြင့်ဆုံး WIRELESS ဂိတ်တံခါးမော်တာများ
AVAILABLE BRANDS
Italy Premium Brand
TAU
elock
ALBANO
1 Year Warranty
3 Times Maintenance services
Hot Line : 09-5103133, 09-43040185, 09-795103133
Remote Control Systemဖြင့် Automaticအဖွင့်အပိတ်ပြုလုပ်နိုင်သော (micro-computer fuzzy logic control) အဆင့်မြင့်ဂိတ်တံခါးမော်တာများကို အနိုင်မာဆုံးအာမခံဝန်ဆောင်မှုတို့ဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျတပ်ဆင် ရောင်းချပေးနေပါပြီ။
ရစေမည့် အခမဲ့ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုတို့ဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျတပ်ဆင် ရောင်းချပေးနေပါပြီ။
No. 275, Room-1, Yankin Main Road, (2)Quarter, Yankin Township, Yangon. Tel: 09-510 3133, 09-430 40185




WOOD COATINGS PARTNERS
J & D CO., LTD
THE BEST FLOOR SANDING & LACQUERING SERVICE
INCHEM
SAYERLACK
INNOVATIVE WOOD SOLUTIONS
MADE IN ITALY
STYLE BETON
ရန်ကုန် အမှတ် ( ၆၆ )၊ သစ္စာပန်းလမ်း၊ ( ၅ ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၉၆၉၁၀၇၇၊ ၉၆၉၁၄၃၄၊ ၉၆၉၂၄၄၅၊ ၀၉ ၅၀၈၉ ၄၀၀၊ ၄၁၁၊ ၄၂၂၊ ၄၃၃
E-mail: woodcare@yangon.net.mm
မန္တလေး အမှတ် (၆၃၆)၊ ၈၂လမ်း၊ ၄၄လမ်း နှင့် ၄၅လမ်းကြား၊ ရွှေဘုန်းရှိန်ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း – ၀၂ ၇၆၃၈၄၊ ၀၉ ၅၁၀ ၁၇၀၁
နေပြည်တော် ဖုန်း – ၀၉၈ ၅၃၀ ၅၃၀
HOT LINE ဖုန်း – ၀၉ ၅၅၈ ၅၅၈၈

COMMERCE
INTERNATIONAL

## တောင်ကိုရီးယားနိုင်ငံ၏စီးပွားရေး မြှင့်တင်ရေးအတွက် ဘတ်ဂျက် ထပ်ဆောင်းငွေ ဝမ် ၁၁ ထရီလီယံ အသုံးပြုမည်

ပို့ကုန်ကျဆင်းမှုနဲ့ အဓိကစီးပွားရေးလုပ်ငန်းကဏ္ဍတွေမှာရှိတဲ့ ကုမ္ပဏီတွေကိုပြန်လည်ဖွဲ့စည်းတည်ဆောက်ရာမှာဖြစ်ပေါ်လာမယ့် ဂယက်ရိုက်ခတ်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများ ပြန်လည်မြင့်တက်လာအောင် ဆောင်ရွက်ရေးအတွက် နောက်ထပ်ဘတ်ဂျက်သုံးငွေ ဝမ် ၁၁ ထရီလီယံ (အမေရိကန် ဒေါ်လာ ၉ ဒသမ ၆၄ ဘီလီယံ) သုံးစွဲဖို့ အစိုးရက ဇူလိုင် ၂၂ ရက်က သတ်မှတ်ထားကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

ယခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးကို ၂၈ ရာခိုင်နှုန်းအထိ တိုးတက်အောင်ဆောင်ရွက်ဖို့ ခန့်မှန်းထားပါတယ်။ ရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက် နိုင်ရေးအတွက် စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ် အဖြစ် ဝမ် ၂၈ ထရီလီယံ သုံးစွဲဖို့ သတ်မှတ်ထားရာ ယခုတစ်ကြိမ် ဘတ်ဂျက်တိုးမြှင့်သုံးစွဲမှုက အဆိုပါ အစီ အစဉ်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ တောင်ကိုရီး ယားနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၁ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်ဖို့ ယခင်လက ခန့်မှန်း ထားရာမှ ယခုတစ်ကြိမ်မှာ လျှော့ချခန့်မှန်းထားတာ ဖြစ်ပါတယ်။

ဘတ်ဂျက်ထပ်ဆောင်း ငွေလျာထားချက်ကို ဝန်ကြီးအဖွဲ့က အတည်ပြုပြီးဖြစ်တဲ့အတွက် အဆိုပါလျာထားချက်ကို ဇူလိုင် ၂၆ ရက်မှာ ကျင်းပမယ့် အမျိုးသားညီလာခံမှာ တင်ပြမှာ ဖြစ်ပါတယ်။ ဘတ်ဂျက်လျာထားချက်ကို ဩဂုတ် ၁၂ ရက်နေ့မှာ အတည်ပြုမယ်လို့ အစိုးရက ခန့်မှန်းထားပါတယ်။ ဒါကြောင့် ဘတ်ဂျက်ငွေကို စက်တင်ဘာမှာ စတင်အသုံးပြုနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်။

သင်္ဘောတည်ဆောက်ရေးနဲ့ အခြားအရှုံးပေါ်နေတဲ့ကဏ္ဍတွေကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာမှ အစိုးရရဲ့ ဘတ်ဂျက်ငွေ သုံးစွဲမှုကို ယခုကဲ့သို့ ပြင်ဆင်ရခြင်းဖြစ်ပါတယ်။




# အိန္ဒိယလုပ်ငန်းသစ် ထက်ဝက်ခန့် ကျရှုံး

လုပ်ငန်းခွင်ထဲမှာ ပြိုင်ဘက်များ အများအပြားထွက်ပေါ်လျက်ရှိတဲ့အတွက် အိန္ဒိယနိုင်ငံ မှာ ထောက်ပံ့ပို့ဆောင်ရေး၊ အီးကောမတ်စ်၊ အစားအစာနည်းပညာစတဲ့ လုပ်ငန်းနယ်ပယ် တွေမှာ စတင်ဝင်ရောက်လုပ်ကိုင်သူများအဖို့ အရှုံးပေါ်ဖို့ ထက်ဝက်လောက်သေချာနေကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

၂၀၁၄ ခုနှစ် ဇွန်လနောက်ပိုင်း ထူထောင်ခဲ့တဲ့အလုပ်အကိုင်သစ် ၂၂၈၁ ခုအနက် ၉၉၇ ခုမှာ လုပ်ငန်းတွေ ပိတ်သိမ်းခဲ့ရကြောင်း ဈေးကွက်သုတေသနလုပ်ငန်း Xeler 8 က ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ တွေ့ရပါတယ်။ ဒါပေမယ့် ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ အာမခံလုပ်ငန်းနဲ့ ကွန်ပျူတာဒေတာစိစစ်ရေး နယ်ပယ်တွေမှာ ရင်းနှီးမြှုပ်နှံရတာကတော့ ဘေးအန္တရာယ်ကင်းရှင်းတယ်လို့ ပြောပါတယ်။ Finteh လို့ခေါ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာလုပ်ငန်းက အခြေအနေအကောင်းဆုံးဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အွန်လိုင်းအလုပ်အကိုင် ရှာဖွေရေးလုပ်ငန်းတွေလည်း အခြေအနေကောင်းတဲ့ထဲမှာ ပါဝင်တယ်လို့ ပြောပါတယ်။

"လုပ်ငန်းတစ်ခုမှာ အရှုံးပေါ်တဲ့အခါမျိုးမှာ ဆက်နွယ်နေတဲ့ နယ်ပယ်တစ်ခုကို ကူးပြောင်း လုပ်ကိုင်ကြတာကိုလည်း တွေ့ရပါတယ်။ ထောက်ပံ့ပို့ဆောင်ရေးနဲ့ အီးကောမတ်စ်လုပ်ငန်းတွေမှာ မအောင်မြင်တဲ့ လုပ်ငန်းသစ် လုပ်ကိုင်သူတချို့က သူတို့ရဲ့ နည်းပညာနောက်ခံရှိတဲ့ ဆော့ဖ်ဝဲလုပ်ငန်း တစ်မျိုးဖြစ်တဲ့ SaaS ( Software as a Service) ဆိုတဲ့ လုပ်ငန်းမျိုးနဲ့ ကွန်ပျူတာဒေတာလေ့လာ စိစစ်ရေးလုပ်ငန်းမျိုးကို ပြောင်းလဲလုပ်ကိုင်ကြပါတယ်"လို့ လုပ်ငန်းသစ်တွေကို စစ်တမ်းကောက်လေ့လာနေတဲ့ Xeler 8 ကို စတင်တည်ထောင်သူ ရစ်ရှားလာဝါနီယာက ပြောပါတယ်။

လုပ်ငန်းသစ်တွေမှာ အရှုံးပေါ်သူတွေက ကုမ္ပဏီအလုပ်တွေကို ဝင်ရောက်လုပ်ကိုင်နေသူရှိသလို တခြားလုပ်ငန်းသစ်တွေမှာ ဝင်ရောက်လုပ်ကိုင်သူတွေလည်း ရှိကြပါတယ်။ သူတို့ထဲက အနည်းစုဖြစ်တဲ့ ၂၂ ရာခိုင်နှုန်း သို့မဟုတ် ၂၄ ရာခိုင် နှုန်းလောက်သာ နောက်ထပ် လုပ်ငန်းသစ် တစ်ခုကို ပြန်လည်စတင်လုပ်ကိုင်ပါတယ်။ လုပ်ငန်း မအောင်မြင်တဲ့ လုပ်ငန်း ရှင် သို့မဟုတ် အုတ်မြစ်ချသူတို့ရဲ့ ပျမ်းမျှအသက်က ၂၇ ဒသမ ၃ နှစ် ဖြစ်ပါတယ်။

လုပ်ငန်းတွေပျက်ဖို့ စတင်အကြောင်းပေါ်လာတဲ့ကာလကလည်း ပျမ်းမျှခြင်းအားဖြင့် ၁၁ ဒသမ ၅ လ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လနောက်ပိုင်း အရှုံးပေါ်တဲ့ လုပ်ငန်းသစ် ၉၉၇ ခုအနက် ၃၂ ခုသာလျှင် ရင်းနှီးမြှုပ်နှံသူများထံမှ ချေးငွေရ ရှိခဲ့ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 25th July 2016

<< JUNE And JULY Sailing Schedule >>

KOREA/JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI .25 | 1.55 | 1.90 | 2.20 | 3.50 | 21.6.2016 | | | | 20.6.2016 | 19.6.2016 | | | | 30.6.2016 | 4.7.2016 | 18.7.2016 |
| | S/O CUT | | | | 17.6.2016 | | | | 16.6.2016 | 15.6.2016 | | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | 10.7.2016 | | 13.7.2016 | 14.7.2016 | | 8.7.2016 | | 23.7.2016 | 27.7.2016 | |
| | S/O CUT | | | | | 8.7.2016 | 6.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI .26 | 1.55 | 1.90 | 2.20 | 3.50 | 26.7.2016 | | | | 27.7.2016 | 28.7.2016 | | | | 5.8.2016 | 9.8.2016 | |
| | S/O CUT | | | | 22.7.2016 | | | | 23.7.2016 | 24.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | 12.8.2016 | | 10.8.2016 | | 13.8.2016 | 14.8.2016 | | 8.8.2016 | | 24.8.2016 | 27.8.2016 | |
| | S/O CUT | | | | 8.8.2016 | | 6.8.2016 | | 9.8.2016 | 10.8.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘ်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။